ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 August 2017 (၉၀၃၂)

# မြေယာသိမ်းဆည်းခံရသူများ၏ တိုင်ကြားမှုများကို အရေးယူဆောင်ရွက်ပေးမည်ဖြစ်သော်လည်း ကြားခံကိုယ်စားလှယ်အဖွဲ့အစည်းအမည်ခံများဖြင့် တိုင်ကြားမှုများကို ပြန်လည်သုံးသပ်ရန်လိုအပ်




လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၂/၂၀၁၇) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချိုနှင့် ဦးဝင်းခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသည့် နောက်ဆုံးအခြေအနေများအား ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့သည် ရန်ကုန်မြို့ အခြေစိုက်သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**



ရှင်းလင်းပွဲ၌ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်ကို ထိတ်လန့်ဖွယ်ကောင်းသော Black Friday အဖြစ် အမှတ်ရနေမည်ဖြစ်ကြောင်း၊ အကြောင်းရင်းမှာ ဩဂုတ် ၂၅ ရက် နံနက်အစောပိုင်းတွင် ARSA အကြမ်းဖက်အုပ်စုသည် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်ရှိ ရဲကင်းစခန်း ၃၀ နှင့် တပ်စခန်းတစ်ခုကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲဝန်ထမ်း ၁၀ ဦး၊ တပ်မတော်သား တစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးအရာထမ်းတစ်ဦးတို့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း၊

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ✳**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# စိန်ခေါ်မှုများကြားမှဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းနေရသည်။ ထိုသို့ဖြေရှင်းနေရစဉ် စီးပွားရေးဘက်၌ တိုးတက်မှုအလားအလာကောင်းများ မြင်တွေ့လာရသည်မှာ ကျေနပ်စရာ၊ ဝမ်းမြောက်စရာဖြစ်သည်။ ယင်းတိုးတက်မှုမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ယခင်နှစ်ကာလများကထက် ပိုမိုတိုးတက်မြင့်မားလာခြင်းဖြစ်သည်။

ယမန်နေ့က ကျင်းပခဲ့သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏အခက်အခဲများနှင့် လိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် နဝမအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်လာသည့် အခြေအနေများကို ကြားသိခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ငံတော်က နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်နေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထားဆောင်ရွက်နေသည်။ စီးပွားရေးကဏ္ဍတွင် မြန်မာနိုင်ငံသားများ၏ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်က ငွေကျပ် ၁၀၉ ဘီလီယံခန့်ရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ၁၂၇၅ ဘီလီယံနီးပါးထိ တိုးတက်လာသည်ကို တွေ့ရသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွင် ယမန်နှစ်က အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၅၀၀ အထိ တိုးတက်လာသည်ကို တွေ့ရသည်။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံကြရာတွင် ရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများဆုံး ရင်းနှီးမြှုပ်နှံကြပြီး ကျန်ဒေသများတွင် အနည်းငယ်မျှသာရှိသည်။ ရင်းနှီးမြှုပ်နှံကြသူများအနေဖြင့် အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် လုပ်ကိုင်မှုလွယ်ကူသော အရပ်ဒေသတွင် ရင်းနှီးမြှုပ်နှံကြသည်မှန်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်းနှီးမြှုပ်နှံမှုဖြန့်ကြက်ဖွံ့ဖြိုးမှုသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသတည်ငြိမ်အေးချမ်းမှုသည် အဓိကကျသောအချက်ဖြစ်၍ လက်ရှိအခြေအနေတွင် ရင်ဆိုင်ကြုံတွေ့နေရသော ဒေသတည်ငြိမ်အေးချမ်းရေး စိန်ခေါ်မှုများကို ဝိုင်းဝန်းလက်တွဲဖြေရှင်းနိုင်မှသာ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တစ်နိုင်ငံလုံးဖြန့်ကြက်ဖွံ့ဖြိုးလာနိုင်မည်ဟု ထင်မြင်ယူဆပါသည်။ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုအလားအလာကောင်းများ မြင်တွေ့နေရသဖြင့် တည်ငြိမ်အေးချမ်းရေး ဖြစ်ထွန်းလာအောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

စီးပွားရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖြစ်ထွန်းလာသည်ဟုဆိုသော်လည်း စိန်ခေါ်မှုများစွာရှိနေသေးသည်။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသောလုပ်ငန်းတစ်ခုဖြစ်သည့် စတော့ရှယ်ယာဈေးကွက် ထူထောင်လုပ်ကိုင်ရေးလုပ်ငန်းကို အစောပိုင်းကာလကတည်းက အကောင်အထည်ဖော်ခဲ့သော်လည်း ထိရောက်အောင်မြင်သည့်အတိုင်းအတာမရှိသေးချေ။ လက်ရှိတွင် ပြည်တွင်း၌ စိုက်ပျိုးမှုကောင်းမွန်သည့် ပဲဈေးကွက်မှာလည်း တည်ငြိမ်မှုမရှိသေးသဖြင့် သေချာရေရာသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ အခြေခံကောင်းအောင် ရင်းနှီးထားရသည်ဖြစ်၍ ရုတ်တရက် ပြန်လည်စီးထွက်သွားခြင်းလည်းမရှိချေ။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများသည်သာ အားထားရသည့်စီးပွားရေးဖြစ်သည်။ လမ်းပန်းဆက်သွယ်မှုနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံနှင့်ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများ စသည့်လုပ်ငန်းများစွာတို့တွင် ရင်းနှီးမြှုပ်နှံကြရာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးကျေးဇူးများပေသည်။

သို့ဖြစ်ရာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေအနေကောင်းများရှိနေသောအချိန်အခါတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်စေရေးတွင် အဓိကကျသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မကွေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ပတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အပြန်အလှန်စေလွှတ် ဆွေးနွေးဖလှယ်သင်ကြားရေး၊ အသစ်ပြင်ဆင်ထားသော သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ရေး၊ ဧည့်ကထိကနှင့် ပါမောက္ခများ ဖိတ်ခေါ်သင်ကြားရေး၊ အင်္ဂလိပ်ဘာသာရပ်အတွက် multi-media အခန်း အဆင့်မြှင့်တင်ရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် တောစိမ့်ကွင်းဆင်းလေ့ကျင့်ရေးဌာနသို့ရောက်ရှိပြီး ကွင်းဆင်းသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် စလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စာရင်းဇယားများ မှန်ကန်ရန် အလေးထားဆောင်ရွက်ရေး၊ မြွေဆိပ်ဖြေဆေးများ အာနိသင်ထိရောက်မှုကို သုတေသနပြုစစ်ဆေးရေးတို့ကိုမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဥယျာဉ်ကျစ် ကျေးလက်ကျန်းမာရေး ဌာနသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျန်းမာရေး အသိပညာပေး မြှင့်တင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် မှာကြားပြီး ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိ၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်အတူ မကွေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ရောက်ရှိကာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းပြောကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ် မကွေးသို့ရောက်ရှိကြပြီး ဝန်ထမ်းများ၊ ကျောင်းသား ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**






# မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**ဘီးလင်း ဩဂုတ် ၂၉**

မွန်ပြည်နယ် တောင်စွန်းနယ်မြေရဲစခန်းမှ ရဲအုပ်ဟန်တင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဩဂုတ် ၂၂ ရက်က ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ အထက (ခွဲ)သို့ သွားရောက်ပြသခဲ့သည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်၌ ပါဝင်သည့် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများ၊ မှတ်တမ်းဓာတ်ပုံများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသာမက ကျေးရွာပြည်သူများကပါ စိတ်ဝင်တစားလာရောက်ကြည့်ရှုကြပြီး တောင်စွန်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်(ရွှေဈေး) ၉၄၂၅၀၀ - ၉၄၂၅၀၀၊ မန္တလေး(ရွှေဈေး) ၉၄၂၅၀၀ - ၉၄၂၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀/၆၇၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၇၀/၈၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၅/၆၈၅ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၈၀/၆၉၅ ကျပ်၊ | ၆၉၀/၇၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅/၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀/၆၅၀ ကျပ်

**၂၂-၈-၂၀၁၇ ရက်နေ့မှ ၂၈-၈-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၅၂ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၈၁ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၁၆ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၉ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၆. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅. ၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၈၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၆၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၉. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၅၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၈. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

☆ **မြေယာသိမ်းဆည်းခံရသူများမှ**

မြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ဗဟိုကော်မတီနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့တွေ့ဆုံ၍ ဗဟိုကော်မတီမှချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များကို ပိုမိုကျစ်လျစ်မှုရှိစေရန် ပြင်ဆင်ဆောင်ရွက်သွားရေးနှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပုံတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို အချိုးကျကျထည့်သွင်းဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် ဗဟိုကော်မတီ အတွင်းရေးမှူးဦးဆောင်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် အကြိုညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးနှင့်စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားရာ ကော်မတီအဆင့်ဆင့်၏ဖွဲ့စည်းပုံတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထည့်သွင်းဖွဲ့စည်းဆောင်ရွက်ရန် ကြိုတင်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဖွဲ့စည်းမှုအခြေအနေများကို ဆွေးနွေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေ တိုင်ကြားစာများနှင့် ပတ်သက်၍ လက်တွေ့မြေပြင်ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို သဘောထားတင်ပြဆွေးနွေးပေးရန်လိုအပ်ပါကြောင်း၊ အလားတူ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်သို့ နစ်နာသူကာယကံရှင်များက လက်မှတ်ရေးထိုး တိုက်ရိုက်တိုင်ကြားမှုများကို အလေးထားအရေးယူဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း ကာယကံရှင်များကိုယ်စား ကြားခံပုဂ္ဂိုလ်များ၊ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများနှင့် အဖွဲ့အစည်းအမည်ခံ တိုင်ကြားလာမှုများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန်လိုအပ်ပါကြောင်း။

ဗဟိုကော်မတီက လွှဲပြောင်းပေးပို့ထားသည့် တိုင်ကြားစာအမှုတွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ တိုက်ရိုက်တိုင်ကြားထားသောတိုင်ကြားစာအမှုတွဲများနှင့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ စုံစမ်းရေးကော်မရှင်မှ တိုင်ကြားစာများနှင့် ပတ်သက်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှဲပြောင်းပေးပို့ထားသည့် စိစစ်တွေ့ရှိချက်အစီရင်ခံစာအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကိုလည်း ဆွေးနွေးတင်ပြပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သီးခြားကိစ္စတစ်ရပ်အနေဖြင့် တင်ပြလာသည့် မြေကိစ္စရပ်များကို ဆောလျင်စွာ ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များအပါအဝင် ဝန်ကြီးဌာနကိုယ်စားလှယ်များဖြင့် သီးခြားအစည်းအဝေးများပြုလုပ်၍ဖြေရှင်းဆောင်ရွက်လျက်ရှိရာ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီး၊ ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထပ်မံတင်ပြလာသည့် မြေကိစ္စများကိုလည်း ဆက်လက်ဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများအနေဖြင့်လည်း ဒေသတွင်း မြေကိစ္စတိုင်ကြားမှုများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေယာများနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးသည့်အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် သတင်းများထုတ်ပြန် ကြေညာပေးသွားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ညှိနှိုင်းဆောင်ရွက်ရန် ဗဟိုအဆင့်အစည်းအဝေးကို သုံးလတစ်ကြိမ် လျာထားကျင်းပခဲ့ရာ ယခုဆိုလျှင် စတုတ္ထအကြိမ်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေကြီးနှင့် ပြည်နယ်များတွင်လည်း တစ်လတစ်ကြိမ်မဖြစ်မနေ အစည်းအဝေးများကျင်းပသွားကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် အောက်ခြေအဆင့်ထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် မြေယာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများသိရှိနိုင်ရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အလေးထား ကျင်းပဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ကော်မတီအဆင့်ဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းထားရှိမှုအခြေအနေ၊ မြေကိစ္စတိုင်ကြားစာများ စိစစ်ဆောင်ရွက်မှုအခြေအနေ၊ ကော်မတီအဆင့်အလိုက် လစဉ်အစည်းအဝေးပြုလုပ်မှုအခြေအနေနှင့် ဗဟိုကော်မတီမှချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ ပိုမိုကျစ်လျစ်မှုရှိစေရေးတို့ကို အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးနှင့်စပ်လျဉ်း၍သက်ဆိုင်ရာ ဒေသအလိုက်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ Khon Kaen မြို့ရှိ AVANI Khon Kaen Hotel & Convention Centre အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (5th Thailand-Myanmar High Level Committee Meeting) သို့ တက်ရောက်သည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ-ထိုင်း နှစ်နိုင်ငံသည် ခိုင်မာ၍ရှည်ကြာသော ဆက်ဆံရေးသမိုင်း အစဉ်အလာရှိခဲ့သည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခုမျက်မှောက်ကာလသည် တပ်မတော်နှစ်ရပ်နှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးအကောင်းဆုံး အချိန်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးများသည် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုအားကောင်းလာစေရန် တည်ဆောက်သွားနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း အဖွင့်အမှာစကားပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Surapong Suwana-adth က ဆက်လက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် (၁၁)ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေး ရလဒ်များအား အမှတ်(၃) စစ်တိုင်းဒေသမှူး Lt. Gen. Vijak Siribunsop ကလည်းကောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား HLC အတွင်းရေးမှူး Lt. Gen. Kumron Kearwichyajane က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။




ထို့နောက် ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (5th Thailand-Myanmar High Level Committee Meeting) ဥက္ကဋ္ဌများဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာအချက်အလက်များအား အတည်ပြုဆုံးဖြတ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးပိတ်ပွဲမိန့်ခွန်းများပြောကြား၍ ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (5th Thailand-Myanmar High Level Committee Meeting) သဘောတူညီချက်များကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Surapong Suwana-adth က AVANI Khon Kaen Hotel & Convention Centre ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (5th Thailand-Myanmar High Level Committee Meeting) ၏ ပူးတွဲအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးအား ဗန်ကောက်မြို့၌ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာများ၊ စစ်ဘက်ဆေးပညာဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ အားကစားပြိုင်ပွဲများကျင်းပရေး၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချခြင်းများ တိုက်ဖျက်ရေး၊ အကြမ်းဖက်နှိမ်နင်းရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့ကြပြီး ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်အစုအဖွဲ့ ညီလာခံ ကိုယ်စားလှယ် ၁၅ ဦး၊ အစိုးရအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်အစုအဖွဲ့ ညီလာခံ ကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြပြီး ပထမနေ့ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အကြံပြုချက် ဖော်ထုတ်ခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# စက်မှုလုပ်ငန်းသုံး စက်ရုပ်များအတွက် ကမ္ဘာ့အကြီးဆုံးဈေးကွက် တရုတ်နိုင်ငံရပ်တည်

**ပေကျင်း ဩဂုတ် ၂၉**

တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းသုံး စက်ရုပ်ဈေးကွက်သည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၂ ဘီလီယံဖိုး အထိ ရောက်ရှိလာနိုင်ကြောင်း မျှော်လင့်ရသည်ဟု မြို့တော်ပေကျင်း၌ ကျင်းပလျက်ရှိသော ၂၀၁၇ ခုနှစ်ကမ္ဘာ့စက်ရုပ်ဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲမှသိရှိရကြောင်း နိုင်ငံပိုင်ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ငါးနှစ်တာကာလပတ်လုံး စက်မှုလုပ်ငန်းသုံး စက်ရုပ်များအတွက် ကမ္ဘာ့အကြီးဆုံးဈေးကွက်အဖြစ် ရပ်တည်နေကြောင်း၊ ကမ္ဘာ့စက်မှုလုပ်ငန်းသုံး စက်ရုပ်ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံက ရယူထားကြောင်း နိုင်ငံတကာ ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း စက်မှုလုပ်ငန်းသုံး စက်ရုပ်ပေါင်း ၁၁၀၀၀၀ ကျော်အထိ ရောင်းချနိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

ထိုစဉ်အတွင်း တရုတ်နိုင်ငံ၌ ဝန်ဆောင်မှုပေးနိုင်သောစက်ရုပ်များ အရောင်းသွက်လာကြောင်း၊ ယင်းသို့သော စက်ရုပ်အမျိုးအစားအတွက် ယခုနှစ်၏ ဈေးကွက်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၂ ဘီလီယံရှိကြောင်း စက်ရုပ်ထုတ်လုပ်ရေး သတင်းရပ်ကွက်က ပြောကြားသည်။

ပေကျင်း၌ ကျင်းပလျက်ရှိသော ကမ္ဘာ့စက်ရုပ်ဆိုင်ရာ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲ၌ ကမ္ဘာတစ်ဝန်းမှ ဉာဏ်ရည်တု နည်းပညာ (အေအိုင်) ကျွမ်းကျင်သူ ပညာရှင် ၃၀၀ ခန့်နှင့် စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီ ၁၅၀ ကျော်မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့စက်ရုပ်ဆိုင်ရာ နိုင်ငံတကာနှီးနှောဖလှယ်ပွဲကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့ပြီး စက်ရုပ်ထုတ်လုပ်ရေးကဏ္ဍ၏အရေးအပါဆုံး ဆွေးနွေးပွဲကြီးဖြစ်သည်။ **ဆင်ဟွာ။**



# ဘီဟာပြည်နယ် ရေဘေးကြောင့် သေဆုံးသူ ၅၁၄ ဦးအထိ ရှိလာ

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ရေဘေးကြောင့် သေဆုံးသူဦးရေ ၅၁၄ ဦးအထိ ရှိပြီဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

**-- ဆိုးရွား --**

ဘီဟာပြည်နယ်အတွင်းရှိ ဘူရီဂန်ဒတ်နှင့်ဘဂါမာတီမြစ်တို့တွင် စိုးရိမ်ရေမှတ်အထက်ကို ကျော်လွန်လျက်ရှိနေခြင်းကြောင့် ဆာမာစတီပါ၊ စူဇာဖရာပါနှင့် ဒါဗန်ဂါခရိုင်တို့တွင် ရေလွှမ်းမိုးမှုအခြေအနေဆိုးရွားနေကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

မြစ်ရေများ တရိပ်ရိပ်တက်လာမှုကြောင့် ဒေသအများအပြားတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိပြီး ပြည်နယ်အတွင်းရှိ ခရိုင်ပေါင်း ၂၁ ခရိုင်မှ ပြည်သူ ၁၇ ဒသမ ၁ သန်းတို့ ရေဘေးဒဏ်ကို တွေ့ကြုံခံစားနေကြရသည်။

ဘီဟာပြည်နယ်၏ ခရိုင် ၂၁ ခုတွင် ရှိသော ကျေးရွာပေါင်း ၈၃၈၄ ရွာခန့်မှာ ရေဘေးသင့်ခံခဲ့ကြရသည်။ **ဆင်ဟွာ။**





**ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။** (မှတ်တမ်းဓာတ်ပုံ-အမေရိကန်သံရုံး)

# အလုပ်အကိုင်အခြေပြု ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ဗီဇာထုတ်ပေးမှုလျှော့ချရေး အမေရိကန်အစိုးရ စဉ်းစားနေဟုဆို

**ဝါရှင်တန် ဩဂုတ် ၂၉**

အလုပ်အကိုင်အခြေပြု ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပြည်ဝင်ဗီဇာများ ထုတ်ပေးနေမှုကို လျှော့ချရန် သင့်၊ မသင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဝေါလ်စထရိဂျာနယ် အမည်ရှိ သတင်းစာ၏ ရေးသားဖော်ပြချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အလုပ်အကိုင်အခြေပြု ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ပြည်ဝင်ဗီဇာများတွင် မိသားစုတစ်စုနှင့်အတူ အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ နေထိုင်ကာ ယင်းမိသားစု၏ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ပေးခြင်း၊ အိမ်မှုကိစ္စများတွင် ပါဝင်ကူညီပေးခြင်းဖြင့် ထိုက်သင့်သော ချီးမြှင့်ငွေရရှိစေနိုင်သော အလုပ်အကိုင်များ အကျုံးဝင်သည်။ နွေရာသီရက်ရှည် အားလပ်ရက်ကာလအတွင်း အလုပ်လုပ်ကိုင်ကာ ဝင်ငွေရရှိစေနိုင်သော အလုပ်အကိုင်များအတွက် လမ်းဖွင့်ပေးထားသော ဗီဇာအစီအစဉ်လည်း ပါဝင်ပြီး အလုပ်အကိုင်အခြေပြု ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ဗီဇာအစီအစဉ်များကို လျှော့ချရန် အစိုးရအဖွဲ့က စဉ်းစားသုံးသပ်လျက်ရှိကြောင်း အမည်မဖော်သူ အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

**-- သုံးသပ် --**

ဂျေ-၁ ဗီဇာအစီအစဉ်၏ အလုပ်အကိုင်အခြေပြု ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ဗီဇာအမျိုးအစားများအနက် ငါးမျိုးကို ထုတ်ပေးမှုအရေအတွက်လျှော့ချရန် အစိုးရတာဝန်ရှိသူများက သုံးသပ်လျက်ရှိကြောင်း ဝေါလ်စထရိဂျာနယ်အမည်ရှိ သတင်းစာတွင် ရေးသားဖော်ပြထားသည်။

ဂျေ-၁ ဗီဇာအစီအစဉ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ထုတ်ပေးသော ဗီဇာများလည်း ပါဝင်သည်။ သို့ရာတွင် ဗီဇာအရေအတွက် လျှော့ချရေး စဉ်းစားသုံးသပ်လျက်ရှိရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ရရှိနိုင်သော ဗီဇာမပါဝင်ဟုဆိုသည်။

ဂျေ-၁ ဗီဇာ အစီအစဉ်တွင် ဗီဇာအမျိုးအစား ၁၅ မျိုးပါဝင်ပြီး အမေရိကန် လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုတို့နှင့်တွေ့ထိမှု အတွေ့အကြုံ ရရှိစေရေးအတွက် တစ်နှစ်လျှင် နိုင်ငံခြားသားခရီးသည် ၃၀၀၀၀၀ ခန့်ကို အခွင့်အလမ်းပေးထားကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန၏ ဗီဇာထုတ်ပေးခြင်းဆိုင်ရာ စာတမ်းတွင် ဖော်ပြထားသည်။

ဩဂုတ် ၂၇ ရက်ထုတ် ဝေါလ်စထရိဂျာနယ်သတင်းစာ၏ ယင်းဖော်ပြချက်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဌာနက လတ်တလော မှတ်ချက်ပြုပြောကြားခြင်း မရှိပေ။ **ရိုက်တာ။**

# အီးယူမှ ဗြိတိန်နုတ်ထွက်သည့်အရေး တွေးပူသဖြင့် ဂျာမနီကုမ္ပဏီများ ဗြိတိန်၌ ရင်းနှီးမြှုပ်နှံထားမှု ရွှေ့ပြောင်း

**ဘာလင် ဩဂုတ် ၂၉**

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နုတ်ထွက်ပြီးချိန်နောက်ပိုင်း ကုန်သွယ်ရေးအတားအဆီးများ ပိုမိုရှိလာနိုင်သည့် အရေးအတွက် စိုးရိမ်ပူပန်နေကြသည့် ဂျာမနီစီးပွားရေးကုမ္ပဏီအများအပြားသည် ဗြိတိန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသော ယင်းတို့၏ လုပ်ငန်းများကို ရွှေ့ပြောင်းမှု စတင်ပြုလုပ်လျက်ရှိကြကြောင်း ဂျာမနီကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အကြီးအကဲက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

**-- တိုက်တွန်း --**

အီးယူမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရာတွင် ဥရောပတိုက်တစ်ဝန်း လုပ်ကိုင်နေသော ကုန်သွယ်ရေးလုပ်ငန်းများ၏ အနာဂတ်ရပ်တည်ချက်နှင့် ပတ်သက်၍ တိကျသော ရှင်းလင်းချက်များ ပေးရန် ဂျာမနီကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဗြိတိန်ကုန်သည်ကြီးများအသင်းတို့က တိုက်တွန်းကြောင်း ပူးတွဲကြေညာချက် တစ်ရပ်တွင် ဖော်ပြထားသည်။

**-- စိုးရိမ် --**

အီးယူမှ ဗြိတိန်နုတ်ထွက်သွားပြီးနောက် အနာဂတ်ကာလတွင် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းအတွက် ကုမ္ပဏီများက အလွန်အမင်း စိုးရိမ်ပူပန်လျက်ရှိနေကြကြောင်း ဂျာမနီကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အမှုဆောင်အရာရှိချုပ် မာတင်ဝက်စလေဘန်းက ပြောကြားသည်။

အီးယူမှ ဗြိတိန် နုတ်ထွက်ရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ယခုအချိန်အထိ ပြည့်ပြည့်စုံစုံ တိတိကျကျ မသိနိုင်သေးကြောင်း၊ အနာဂတ်တွင် အတားအဆီးများ တွေ့ကြုံလာရနိုင်သဖြင့် ဂျာမနီကုမ္ပဏီများသည် ဗြိတိန်၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားခြင်းကို စတင်ရွှေ့ပြောင်းကြပြီဖြစ်ကြောင်း ဝက်စလေဘန်းက ပြောကြားသည်။ **ရိုက်တာ။**

# ဂျပန်ကျွန်းစုပေါ်ကျော်၍ မြောက်ကိုရီးယားက ဒုံးကျည်ပစ်လွှတ်

**တိုကျို ဩဂုတ် ၂၉**

မြောက်ကိုရီးယားနိုင်ငံက ဩဂုတ် ၂၉ ရက် နံနက် အစောပိုင်းတွင် ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်းသည် ဂျပန်ကျွန်းစုအပေါ် ဖြတ်ကျော်ခဲ့ပြီးနောက် ဟော့ကိုင်းဒိုးကျွန်း၏ ကမ်းလွန် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ကျရောက်ခဲ့ကြောင်း ဂျပန်အစိုးရက အတည်ပြုပြောကြားသည်။

အဆိုပါ ဒုံးကျည်ကို ဩဂုတ် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၈ မိနစ်တွင် မြောက်ကိုရီးယားအနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသမှ မြောက်ဘက်အရပ်သို့ ဦးတည်ကာ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ မြောက်ဘက်စွန်း ဟော့ကိုင်းဒိုးကျွန်းမကြီး၏ အူရီမိုအငူအပေါ်မှ ဒေသစံတော်ချိန်နံနက် ၆ နာရီ ၆ မိနစ်တွင် ဖြတ်ကျော်ပျံသန်းသွားကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယိုရှိဟီဒဲဆုဂက ပြောကြားသည်။

မြောက်ကိုရီးယားက ပစ်လွှတ်သည့် ဒုံးကျည်သည် အမြင့်ဆုံး ကီလိုမီတာ ၅၅၀ အထိ ပျံတက်ကာ ကီလိုမီတာ ၂၇၀၀ ပျံသန်းခဲ့ပြီး အူရီမိုအငူအရှေ့ဘက် ကီလိုမီတာ ၁၁၈၀ အကွာရှိ ပစိဖိတ်သမုဒ္ဒရာရေပြင်သို့ ကျရောက်သွားကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ်ဆုဂက ပြောကြားသည်။ **ဆင်ဟွာ။**

# ပြည်မြို့ လေယာဉ်ကွင်းအသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်းနှင့် ကျန်းမာရေးဆိုင်ရာမေးခွန်းလေးခု မေးမြန်းဖြေကြား

**နေပြည်တော် ဩဂုတ် ၂၉**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ **UNESCO မှ သရေခေတ္တရာပြည်မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် အသုံးပြုခွင့်ရပ်ဆိုင်းခဲ့ရသော ပြည်လေယာဉ်ကွင်းနေရာအား ရွှေ့ပြောင်းဖုန်နှင့် ဆက်စပ်သော လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် စွန့်လွှတ်ပေးရန်နှင့် လေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်လေယာဉ်ကွင်းသည် သရေခေတ္တရာကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတည်ရှိပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် UNESCO က အသိအမှတ်ပြုခဲ့သဖြင့် လေယာဉ်အတက်၊အဆင်း အသုံးပြုခြင်းနှင့် တိုးချဲ့ခြင်းကို ခွင့်မပြုတော့ပါကြောင်း။

ပြည်လေယာဉ်ပြေးလမ်း၏ လက်ရှိအခြေအနေမှာ လေယာဉ်ပြေးလမ်းမျက်နှာပြင် အချို့နေရာအနည်းငယ်ကို ပြုပြင်မွမ်းမံရန်သာ လိုအပ်လျက်ရှိသဖြင့် လေယာဉ်များအရေးပေါ်ဆင်းသက် ရပ်နားနိုင်ရန်အတွက် လက်တလောအချိန်တွင် စွန့်လွှတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အထောက်အပံ့ အကူအညီဖြင့် မြန်မာနိုင်ငံ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှစ် (၃၀) မျှော်မှန်းအတည်ပြုထားသည့် National Transport Master Plan ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ပြည်လေယာဉ်ကွင်းသစ်ဖောက်လုပ်ရန်ပါဝင်ခြင်း မရှိပါကြောင်း။

ပြည်လေယာဉ်ကွင်းနေရာကို နိုင်ငံတော်မှ အရေးပေါ်အသုံးပြုရန် လိုအပ်ချက်မရှိတော့သည့် အချိန်တွင် ဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ပါကြောင်းနှင့် ပြည်လေယာဉ်ကွင်းသစ် တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၏ **စဉ့်ကိုင်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မြို့နယ်အားကစားကွင်း မျက်နှာစာရှိ ဆိုင်ခန်းများကို ခေတ်ကာလနှင့်အညီ ဆိုင်ခန်းငှားရမ်းခများ ရရှိစေရေးနှင့် အားကစားကွင်းနှင့် မလျော်ကန်သည့် အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆိုင်ခန်းခတိုးမြှင့်ကောက်ခံရေးမှာ စာချုပ်အသစ်ပြန်လည်ချုပ်ဆိုသည့် အချိန်မှသာ ကောက်ခံနိုင်မည် ဖြစ်သော်လည်း စာချုပ်သက်တမ်းမပြည့်မီ သင့်မြတ်သောနှုန်းထားဖြင့် ငှားရမ်းခထပ်မံတိုးမြှင့် ကောက်ခံနိုင်ရေးအတွက် စာချုပ်ပြောင်းလဲ ချုပ်ဆိုနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အားကစားကွင်းနှင့် မလျော်ကန်သည့် အရက်၊ ဘီယာဆိုင်များဖွင့်လှစ်ရောင်းချနေမှုနှင့် ပတ်သက်၍ ယစ်မျိုးလိုင်စင်ရောင်းချခွင့်၊ ပိတ်သိမ်းခွင့်ရှိသော သက်ဆိုင်ရာဒေသအာဏာပိုင် တာဝန်ရှိသူများအား ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် နောင်တွင် ချုပ်ဆိုမည့် ဆိုင်ခန်းငှားရမ်းစာချုပ်များ၌ အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း မပြုရန်အချက်များ ထည့်သွင်းချုပ်ဆိုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံကို ဆေးရုံအင်္ဂါရပ်များနှင့်အညီ အထူးကုဆရာဝန်ကြီးများနှင့် လိုအပ်သော ဝန်ထမ်းများ ပြည့်မီအောင် ခန့်ထားပေးရန်နှင့် ထရန်စဖော်မာအသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ဗဟိုအဆင့်ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် ရပ်စောက်မြို့ ပြည်သူ့ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများ ခန့်ထားပေးနိုင်ခြင်းမရှိသေးပါကြောင်း။

ဒီဇင်ဘာလတွင် သူနာပြုသစ်လွင်များ ခန့်ထားသည့်အခါ ရပ်စောက်မြို့နယ် ဆေးရုံသို့ ဦးစားပေးခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ရပ်စောက်မြို့နယ် ပြည်သူ့ဆေးရုံတွင် (100 KVA) ထရန်စဖော်မာတစ်လုံးနှင့် 11 KV ဓာတ်အားလိုင်း ပေ ၄၀၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်းလုပ်ငန်း စတင်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမောင်သင်း၏ **"တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်န်အေ မျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်းဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆို**နှင့် စပ်လျဉ်း၍ ဖာပွန်မဲဆန္ဒနယ်မှ

**စာမျက်နှာ ၆ သို့**


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး


ပြည်မဲဆန္ဒနယ်မှ
ဒေါက်တာခင်စိုးစိုးကြည်


တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးဝင်းမင်းထွန်း

# ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် ကဏ္ဍအလိုက် ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**
ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက် ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၅၁) ရက်မြောက်နေ့တွင် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ဗဟိုကချုပ်ကိုင်သောစနစ် (Centralism)ကို ဖြေလျှော့ပြီး မြို့နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့်မှာ အတည်ပြု၊ ခရိုင်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို ခရိုင်မှာအတည်ပြု၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူး လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရက အတည်ပြုပြီး အခြေခံပညာဦးစီးဌာနက သင်ကြားရေးဝန်ထမ်းများကို ရာထူးတိုးပြောင်းရွှေ့ခြင်းများ ပြုလုပ် ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများကို အရေးပါသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရေးအတွက် ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တာဝန်ခံများကို လုပ်ပိုင်ခွင့်များ ခွဲဝေပေးရန် ရည်ရွယ်ချက်ထားရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အစိုးရ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးမူဝါဒကို ဖော်ဆောင်ရာတွင် အလွန်အရေးပါသော အခန်းကဏ္ဍဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေများနှင့်အညီ ရေးဆွဲထားသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တည်ဆဲစီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စီမံခန့်ခွဲမှုစနစ်များ အားကောင်းစေရန် လုပ်ဆောင်မှုနည်းလမ်းအသစ်များ လိုအပ်သကဲ့သို့ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကိုလည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီး ထောက်ပြဆွေးနွေးမှုကို သိရှိသဘောပေါက်နားလည်လက်ခံပါသော်လည်း စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ကူးပြောင်းမှုများဆောင်ရွက်ရာတွင် ကူးပြောင်းမည့်စနစ်နှင့် လိုက်လျောညီထွေသည့် အစီအမံများ၊ အလေ့အကျင့်ကောင်းများရှိရန် အထူးလိုအပ်ပြီး ကူးပြောင်းရန် အသင့်ဖြစ်သည့် အချိန်ကာလသို့ ရောက်မှသာ ပြောင်းလဲဆောင်ရွက်သွားခြင်းက သင့်လျော်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့်အညီ စီမံကိန်းအဆင့်အလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိသည့်အတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အလိုက် လုပ်ပိုင်ခွင့်များကို ဆရာ ဆရာမ၊ အရာထမ်း၊ အမှုထမ်း၊ မိဘအုပ်ထိန်းသူ၊ ဒေသခံပြည်သူစသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူပြုပြင်သွားရမည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီး တင်ပြချက်အား အဆင့်လိုက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် အာယုတောင်ကျေးရွာအုပ်စု အပလွိုင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူဦးရေ နှစ်စဉ်များပြားလာမှုကြောင့် ကျောင်းစာသင်ဆောင် လိုအပ်မှုရှိနေသည့်အတွက် ပေ(၉၀×၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မွန်ပြည်နယ် ရေးမြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန် ငွေကျပ် ၆၀၈၁ သိန်း ခွဲဝေလျာထားပြီး ဖြစ်ပါကြောင်း၊ ရေးမြို့နယ် အပလွိုင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသားဦးရေနှင့် စာသင်ဆောင်မှာ မျှတနေသည်ဟု သုံးသပ်သိရှိရသည့်အတွက် လာမည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းချက်အရ ဦးစားပေးအစီအစဉ်တွင် မရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်မှသာ ဆက်လက်လျာထားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေးနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းတို့၏ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီး၊ကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ရေပြင်နယ်နိမိတ်အကျယ်ဆုံးနိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရေ၊ မြေ ရာသီဥတုတူညီသည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ရေထွက်ပစ္စည်းများ၏ ပို့ကုန်တန်ဖိုးများကို လေ့လာကြည့်မည်ဆိုပါက ထိုင်းနိုင်ငံသည် ၂၀၁၆/၂၀၁၇ခုနှစ်တွင် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှ ရရှိသည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၇၅၀၀ ရှိပြီး ၂၀၂၀ပြည့်နှစ်ထိ မျှော်မှန်းချက်မှာ အမေရိကန်ဒေါ်လာ သန်း ၁၂၀၀၀ ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ရေထွက်ပစ္စည်းပြည်ပပို့ကုန်မှ ရရှိသည့်ဝင်ငွေမှာ အမေရိကန် ဒေါ်လာသန်း ၇၁၀၀ ရှိပြီး ၂၀၂၀ ပြည့်နှစ်ထိ မျှော်မှန်းချက်မှာ အမေရိကန် ဒေါ်လာ သန်း ၁၁၀၀၀ ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်း ပြည်ပသို့ ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၈၂ သန်းသာရှိ၍ ၁၀ ဆခန့် နည်းနေပါကြောင်း။

နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် အနည်းဆုံး ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများကို အမီလိုက်နိုင်ရန် နိုင်ငံတကာတွင် လိုက်နာကျင့်သုံးနေသော နည်းစနစ်များကို ကျင့်သုံးဆောင်ရွက်မှသာလျှင် တိုးတက်အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၅၂) ရက်မြောက်နေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်(သတင်းစဉ်)**



**အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပစဉ်။**



# ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Kozo YAMAMOTO နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

❍ စာမျက်နှာ ၅ မှ

ဦးစောထွန်းမြအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးတို့က ဆွေးနွေးကြသည်။

**မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်** က DNA Fingerprinting သုတေသနစီမံချက်ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ချက်များရှိပါကြောင်း၊ အရေးကြီးဆုံးအချက်မှာ Political will ဖြစ်ပါကြောင်း၊ ထိုက်သင့်သည့် ကုန်ကျစရိတ်ရှိပါကြောင်း၊ ယခုအချိန်သည် ဆောင်ရွက်ရမည့်အချိန် ဖြစ်ပါကြောင်း၊ စက်ပစ္စည်းနှင့် Chemical Reagent ဝယ်ယူရန် မြန်မာငွေကျပ်သန်း ၁၀၀၀ ထက်မပိုသည့် ငွေကြေးလိုအပ်ပါကြောင်း၊ တတ်ကျွမ်းသည့် ပညာရှင်များ အရပ်ဘက်နှင့် စစ်ဘက်တွင် လုံလုံလောက်လောက်ရှိကြပါကြောင်း။

Short Tandern Repeat ကို ဆောင်ရွက်သည့်အခါ နည်းလမ်း(၂)ခုရှိသည့်အနက် Polyacrylamide Gel Electrophoresis နည်းဖြင့် ဆောင်ရွက်မည်ဆိုလျှင် (၆)လခန့် ကြာမည်ဖြစ်ပါကြောင်း၊ Capillary Electrophoresis နည်းဖြင့် ဆောင်ရွက်ပါက (၁) နှစ်ခန့်ကြာမြင့်မည်ဖြစ်ပါကြောင်း၊ ဒုတိယနည်းမှာ နိုင်ငံတကာတွင် ပိုပြီးလက်ခံကြသည့်အတွက် အသုံးပြုသင့်ပါကြောင်း၊ ယခုအစိုးရကာလတွင် အပြီးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အကျိုးကျေးဇူးအနေဖြင့် တိုင်းရင်းသားများ၏ မျိုးရိုးဗီဇသွေးနီးစပ်မှုကို သိနိုင်ပါကြောင်း၊ မြန်မာတိုင်းရင်းသား ဟုတ်၊ မဟုတ် စိစစ်နိုင်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးတို့အတွက် သိပ္ပံနည်းကျ ထောက်ကူနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏သမိုင်းအစကို တိတိကျကျ ဖော်ထုတ်နိုင်ပါကြောင်း၊ လက်ရှိနှင့် အနာဂတ်အတွက်သာမက သမိုင်းကိုပါ တိတိကျကျ ဖော်ထုတ်နိုင်မည်ဖြစ်သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတိုးတက်ရန်အတွက် Institution များ ခိုင်မာရန်လိုအပ်သကဲ့သို့ Infrastructure လည်း တောင့်တင်းခိုင်မာရန် လိုအပ်ပါကြောင်း၊ တစ်နည်းပြောရလျှင် Soft Power နှင့် Hard Power အားကောင်းရန်လိုပါကြောင်း၊ STR နည်းပညာသည် နိုင်ငံ၏တိုင်းရင်းသားလူမျိုးများအတွက် ခုခံရေးတံတိုင်းကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း**က လက်ရှိအချိန်တွင် မြန်မာတိုင်းရင်းသားလူမျိုးများ၏ မျိုးရိုးဗီဇဖွဲ့စည်းမှု စံပြုကိုးကားမှုပုံစံရှိရန် အထူးလိုအပ်လှပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မြန်မာတိုင်းရင်းသား လူမျိုးများ၏ Reference Data အား သုတေသနပြုထားခြင်း မရှိသေးပါကြောင်း၊ နိုင်ငံတကာတွင် Reference Data များကို ပြုစုလေ့လာထားသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာတိုင်းရင်းသားလူမျိုးများ၏ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံအား လေ့လာဖော်ထုတ်နိုင်မည်ဆိုပါက တိုင်းရင်းသားလူမျိုးများနှင့် တိုင်းတစ်ပါးလူမျိုးများ၏ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံ နှိုင်းယှဉ်ချက်အား သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ Genetic Distance ကို တိုင်းတာရာတွင် အမိဘက်ရှိ (Mitochondria DNA) အား တိုင်းတာခြင်းဖြင့်လည်းကောင်း၊ အဖဘက်ရှိ (Y Chromosome DNA) STR အား တိုင်းတာခြင်းဖြင့်လည်းကောင်း သိရှိနိုင်ပါကြောင်း။

မပြောင်းလဲနိုင်သည့် မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံများကို လေ့လာခြင်းသည် မှုခင်းဆေးပညာ၊ သဘာဝဘေးဒဏ်ကြောင့်ပျောက်ဆုံးသွားသော မိသားစုဝင်များအား ရှာဖွေခြင်းအစရှိသည်တို့တွင် များစွာအသုံးဝင်ရုံသာမက ရွှေ့ပြောင်းနေထိုင်သူများ၏ သမိုင်းကြောင်းဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းကိစ္စများနှင့် မျိုးရိုးဗီဇဆိုင်ရာသမိုင်းကြောင်း ရှာဖွေမှုနှင့် ဆက်စပ်သော သုတေသနလုပ်ငန်းများတွင်ပါ များစွာအထောက်အကူပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လိုအပ်သော စက်ကိရိယာပစ္စည်းများ၊ နည်းပညာများ၊ လူသားအရင်းအမြစ်များ ပြည့်စုံလုံလောက်စွာရှိနေပြီဖြစ်သည့်အပြင် လုပ်ဆောင်မှုမှာ တစ်နိုင်ငံလုံးရှိ Population ကိုလုပ်ဆောင်ခြင်းမဟုတ်ဘဲ Reference Data ရရှိရန်အတွက် Selected Populationကိုသာ လုပ်ဆောင်ခြင်းဖြစ်သဖြင့် အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးကိုဦးထိပ်ထားပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်န်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘောထားတောင်းခံခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ DNA ဆိုင်ရာ ကြီးကြပ်ရေးဘုတ်အဖွဲ့နှင့် DNA ဆိုင်ရာ စမ်းသပ်စစ်ဆေးရေး နည်းပညာအဖွဲ့တို့ကို ဖွဲ့စည်းထားပါကြောင်း။

DNA ဆိုင်ရာ ကြီးကြပ်ရေးဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များအနက် အမှတ်စဉ်(၁၀)တွင် နောင်တွင် အမျိုးသားအဆင့် DNA ဓာတ်ခွဲခန်းဌာန၊ သုတေသနနှင့် Database များ တည်ထောင်သွားနိုင်ရေး ဆောင်ရွက်သွားရမည်ဟု ဖော်ပြထားပါကြောင်း၊ တိုင်းရင်းသားလူမျိုးတစ်ခုချင်းစီ၏ DNA Database များကို ကောက်ယူလိုပါက သတိပြုကာ အလေးအနက်ထားစဉ်းစားရမည့်အချက်များစွာရှိပါကြောင်း၊ ယင်းတို့အနက် အဓိက အရေးကြီးသောအချက်များမှာ ဥပဒေရေးရာ၊ လူ့အခွင့်အရေးရေးရာ၊ သုတေသနကျင့်ဝတ်ရေးရာ ရှုထောင့်မျိုးစုံဆန်းစစ်ခြင်း၊ ကောက်ယူမည့် လူဦးရေပမာဏ၊ ခန့်မှန်းကုန်ကျစရိတ်၊ အသုံးပြုသည့် နည်းပညာ၊ လူသားအရင်းအမြစ်၊ ကြာမြင့်ချိန်နှင့် လိုအပ်သော ဓာတ်ခွဲပစ္စည်းနှင့် အဆောက်အအုံတို့ ဖြစ်ပါကြောင်း။

DNA Database စနစ်အား အကောင်အထည်မဖော်မီ ဥပဒေရေးရာ၊ လူ့အခွင့်အရေးရေးရာ၊ သုတေသနကျင့်ဝတ်ရေးရာ ကိစ္စရပ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ တရားစီရင်ရေးဥပဒေများ၊ နိုင်ငံခြားရေးမူဝါဒများနှင့် လူ့အခွင့်အရေးကာကွယ်ခြင်းဆိုင်ရာ မူဝါဒတို့အပေါ် အခြေခံကာ ဆန်းစစ်သင့်ပါကြောင်း၊ သို့ဖြစ်၍ အဆိုအား မှတ်တမ်းထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က ကန့်ကွက်သူများသည့်အတွက် အဆိုအား မှတ်တမ်းထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

# ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န) တွင် ပါရှိသော "ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၆။ မည်သူမဆို အောက်ပါပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)တို့ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပြီး ပုဒ်မခွဲ (ဃ)ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-"

၄။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။"

၅။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(ဂ) ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာနစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ကိုယ်စား လွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက်မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန ကလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းအား မအူပင်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။


# အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်)နေ့အဖြစ် အများပြည်သူအလုပ်ပိတ်ရက်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၉**

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၇ ခုနှစ် စက်တင်ဘာ ၂ ရက်)စနေနေ့သည် အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်တိုက်ခိုက်မှုများအား ပြင်းထန်စွာရှုတ်ချကြောင်း ဂျပန်အောက်လွှတ်တော်ကိုယ်စားလှယ် ပြောကြား



**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်အောက်လွှတ်တော်ကိုယ်စားလှယ်နှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌဖြစ်သူ Mr. Kozo YAMAMOTO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-11)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် Mr. Kozo YAMAMOTO က ရခိုင်ဒေသတွင်ဖြစ်ပေါ်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများအား ပြင်းထန်စွာရှုတ်ချပါကြောင်း၊ မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ နစ်နာခဲ့သည့် မိသားစုဝင်များအတွက်လည်း ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ အရပ်သားပြည်သူများအား အကာအကွယ်ပေးရန်နှင့် ရခိုင်ဒေသပြန်လည်လုံခြုံမှုရှိရေးအတွက် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ ရခိုင်ဒေသအကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် ဂျပန်အစိုးရအနေဖြင့် ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ယခုနှစ် ဒီဇင်ဘာလဆန်းတွင် သုံးရက်တာ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၉**



လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးတို့ကို မြှင့်တင်ပေးနိုင်မည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်တာမျိုးသိမ်းကြီးတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးလုပ်ငန်းစီမံချက်(မူကြမ်း)ကို ဦးစွာရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ စာပေ၊ အားကစား၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ပညာပေးနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ပွဲတော်သို့ ရန်ကုန်ဝန်းကျင်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ လူငယ်များအပြင် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်များမှ လူငယ်များကိုလည်း သတ်မှတ်ဖိတ်ကြားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သတင်းရယူရန် ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အရေးကိစ္စများအား သတင်းရယူနိုင်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အရေးကိစ္စများအား သတင်းများရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်သော ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် မောင်တောဒေသ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သွားရောက်သတင်းရယူကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် ကျိုဒို၊ တီဗွီအဆာဟီ၊ နိပွန်တီဗွီ၊ ဧရာဝတီ၊ အဆာဟိရှင်ဘွန်း၊ ဖူဂျီတီဗွီ၊ နစ်ကေးရှင်ဘွန်း၊ စကိုင်းနက်၊ ဗွီအိုအေ၊ နယူးစ်ဝပ်ခ်၊ မဇ္ဈိမနှင့် ဗွီဂျက် စသည်တို့မှ သတင်းမီဒီယာ ၁၈ ဦး ပါဝင်သည်။

ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ်၊ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ တတိယအကြိမ် သွားရောက်ခဲ့ကြပြီး ယခုအဖွဲ့သည် စတုတ္ထအကြိမ်မြောက် သွားရောက်သတင်းရယူခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)




✻ ရှေ့ဖုံးမှ

ယင်းတိုက်ခိုက်မှုများမဖြစ်ပေါ်မီကတည်းက အပြစ်မဲ့ပြည်သူများအားပစ်မှတ်ထားသတ်ဖြတ်ခဲ့ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်သည် ယခင်ဖြစ်စဉ်များနှင့်မတူ ကွဲပြားခြားနားကြောင်း၊ နိုင်ငံတစ်ဝန်းလုံးနှင့်ပြင်ပသို့ ပျံ့နှံ့ထိခိုက်နိုင်သည့် အသွင်လက္ခဏာဆောင်နေကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအသိုက်အဝန်းမှ ရခိုင်ပြည်နယ်အေးချမ်းတည်ငြိမ်သာယာဝပြောရေးအတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထိခိုက်ပျက်စီးစေရန် အကွက်ကျကျဖြင့် စီစဉ်ဆောင်ရွက်နေသည်မှာ ထင်ရှားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်ဝါဒကို တုံ့ပြန်တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချထားကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အစိုးရ၏ လက်ရှိဆောင်ရွက်နေသည့် ကြိုးပမ်းအားထုတ်မှုများမှာ လမ်းကြောင်းသွေဖည်သွားမည်မဟုတ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အပေါ် ကျရောက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုမှန်သမျှကို ကာကွယ်တုံ့ပြန်သွားရန် အချုပ်အခြာအာဏာနှင့် လုပ်ပိုင်ခွင့်ရှိကြောင်း၊ ထိုသို့ပြန်လည်တုံ့ပြန်ရာတွင် အပြစ်မဲ့ပြည်သူများ ကြားညပ်သေကျေပျက်စီးမှုမရှိစေရန် အဖြစ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များ၏ သက်ဆိုင်ရာနယ်မြေများ အေးချမ်းတည်ငြိမ်မှု ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီကြပါရန်လည်း မေတ္တာရပ်ခံကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ယခုတိုက်ခိုက်မှုဖြစ်စဉ်အရ အကြမ်းဖက်သမားများသည် မောင်တောနှင့်ဘူးသီးတောင်တစ်ဝိုက်အား အစ္စလာမ်နိုင်ငံအဖြစ် ဖန်တီးတည်ထောင်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ကို ထင်ရှားစွာပြသလျက်ရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့က ဤဒေသတစ်ဝိုက်ရှိ ရပ်ကွက်နှင့် ကျေးရွာအစိုးရအုပ်ချုပ်ရေးယန္တရားများကို ပျက်ယွင်းအောင် ဆောင်ရွက်နေကြောင်း၊ ရဲတပ်ဖွဲ့များအနေဖြင့် ဒေသခံပြည်သူများအား အဓိကကာကွယ်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုအန္တရာယ် ပိုမိုမြင့်တက်လာသည့် အခြေအနေအရ တပ်မတော်အင်အားကိုပါ ဖြည့်တင်းပူးပေါင်းကူညီပေးရန် မေတ္တာရပ်ခံခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ၎င်းတို့ လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်နှင့်ဥပဒေတို့ကို အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်သည့် ဖြစ်စဉ်အသေးစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ဝင်းထွန်းက ဆက်လက်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့က တက်ရောက်လာသူများ၏မေးခွန်းများကို ဖြေကြားခဲ့ပြီး ရှင်းလင်းပွဲကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြပြီး ဖိတ်ကြားထားသည့် ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသံရုံးများမှ အကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

## ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၉။** ပျက်ကျ Y-8 လေယာဉ်၏ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ မော်တာ၊ ရှေ့ဘားတွဲလျက် အစိတ်အပိုင်းတစ်ခုအပါအဝင် လေယာဉ်အစိတ်အပိုင်းများကို ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသပြည်သူများအား အားပေးနှစ်သိမ့်မှုနှင့်အတူ လိုအပ်သောစားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့

**စစ်တွေ ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့်ဘေးလွတ်ရာနေရာများသို့ ခေတ္တခိုလှုံလျက်ရှိသော တိုင်းရင်းသားပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် မောင်တောဒေသအတွင်း ခေတ္တခိုလှုံရာနေရာများရှိ ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးနှစ်သိမ့်စကားပြောကြားကာ လိုအပ်သောစားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့်အသုံးအဆောင်များကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောင်းဆိပ်ကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံရာတွင် "ယခုပြည်သူများအနေဖြင့် စားနပ်ရိက္ခာအတွက် မပူပင်ကြစေလိုကြောင်း၊ တိုင်းရင်းသားတွေရဲ့ ခံစားမှုကို ရင်ထဲက နားလည်စာနာမိကြောင်း၊ အခုအဓိကလာရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူများ ဘေးကင်းလုံခြုံရန်နှင့် ပိုပြီးဘေးကင်းလုံခြုံသော နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ လတ်တလောစားဝတ်နေရေးအခြေအနေ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ရိက္ခာများကိုလည်း နှစ်လစာကြိုတင်စီစဉ်ထားမှုရှိ၍ ပြည်သူများအနေဖြင့်ပူပန်စရာမလိုကြောင်း၊ သို့သော်လည်း လတ်တလောအခြေအနေအရ လိုအပ်သောရိက္ခာများ စီစဉ်ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာအတွက် နိုင်ငံတော်အနေဖြင့် ဆက်တိုက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးနှင့်ပတ်သက်၍ နယ်မြေရဲနှင့် နယ်ခြားစောင့်ရဲများနှင့်အတူ တပ်မတော်အနေဖြင့် လုံခြုံရေးအင်အားများကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ရေရှည်တွင် ယခုကဲ့သို့ အန္တရာယ်ပြုမှုမျိုးမဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ လတ်တလော ပြည်သူများလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပြည်နယ်တွင်း တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး၊ ပညာရေးစသည့် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း အင်အားဖြည့်တင်းမှုနှင့်အတူ အလှည့်ကျ ပြောင်းလဲတာဝန်ထမ်းဆောင်စေရန် ဌာနဆိုင်ရာများအလိုက် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မောင်တောဒေသပြည်သူများအား တွေ့ဆုံအားပေးနှစ်သိမ့်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန္ဓုလကျေးရွာ၊ တောင်ပြိုလက်ဝဲ၊ မောရဝတီနှင့် ဘူးသီးတောင်မြို့တွင်းရှိ မြို့ဦးကျောင်း၊ လမ်းမကျောင်းနှင့် ရွှေကျင်ကျောင်းများရှိ ခေတ္တခိုလှုံလျက်ရှိသော ပြည်သူများအား လိုအပ်သောပစ္စည်းများကို ကူညီထောက်ပံ့ပေးမှုများနှင့်အတူ သွားရောက်တွေ့ဆုံအားပေးနှစ်သိမ့်စကား ပြောကြားရာတွင် တိုင်းရင်းသားပြည်သူများက လုံခြုံရေးပိုမိုတိုးမြှင့်ပေးရန်၊ အေးချမ်းတည်ငြိမ်စွာ နေထိုင်စားသောက်မှုရရှိရန်နှင့်မိမိနေရပ်တွင် အေးချမ်းစွာပြန်လည်နေထိုင်လိုကြောင်း စသည်ဖြင့် တင်ပြတောင်းဆိုကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။ စုရပ်စခန်းများတွင် ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိရန်နှင့် လိုအပ်သောဆေးဝါးများ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပြီး ဆေးရုံများအတွက် လိုအပ်မည့်ဆေးဝါးများ ထပ်မံဖြည့်တင်းနိုင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောဒေသအတွင်းရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံသောနေရာများတွင် ခေတ္တရောက်ရှိနေသော ပြည်သူ ၂၃၀၀ ကျော်အား ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ အဝတ်အထည်၊ ခြင်ထောင်နှင့် ဆေးဝါးများကို လတ်တလောအနေဖြင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ပြီး ထောက်ပံ့မှုများကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြင်းထန်ဒဏ်ရာရရှိခဲ့သည့် လူနာများ စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ပြောင်းရွှေ့ဆေးဝါးကုသမှုခံယူ

**စစ်တွေ ဩဂုတ် ၂၉**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာငါးဦးအား မောင်တောပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရာမှ ယနေ့နံနက်ပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသမှုခံယူရန် လွှဲပြောင်းပေးလိုက်ကြောင်း အဆိုပါဆေးရုံမှ သိရသည်။



ဒေါက်တာရွှေသိန်း။

"ဒီနေ့မနက်မှာပဲ စက်လှေနဲ့ မောင်တောပြည်သူ့ဆေးရုံကနေ အတွင်းလူနာနှစ်ယောက်၊ ပြင်ပလူနာ သုံးယောက်ကိုလွှဲလိုက်ပါတယ်။ ဒီမှာက အထူးကုဆရာဝန်တွေရှိပါတယ်။ ဆေးဝါးတွေကလည်း အပြည့်အစုံရှိပါတယ်။ ဒီကိုရောက်လာတဲ့ လူနာတွေအားလုံးကို ဆေးဝါးကအစ အခမဲ့ခွဲစိတ်ကုသမှုတွေ လုပ်ပေးနေပါတယ်။ လိုအပ်လို့ လွှဲလာတဲ့ လူနာတွေကို လက်ခံတယ်။ ပြင်ပလူနာအနေနဲ့ ကုသလို့ရရင် ပြင်ပလူနာအနေနဲ့ ကုသပေးတယ်။ အတွင်းလူနာဆိုရင် ဆေးရုံတင်ပြီး ကုသပေးနေပါတယ်"ဟု စစ်တွေမြို့ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေသိန်းက ပြောသည်။

စစ်တွေပြည်သူ့ဆေးရုံကြီးတွင် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း ဩဂုတ်လ ၂၆ ရက်တွင် ဘူးသီးတောင်ဆေးရုံမှ ဒဏ်ရာရလူနာ နှစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ဒဏ်ရာရလူနာတစ်ဦး၊ ဩဂုတ် ၂၈ ရက်တွင် ဘူးသီးတောင်မြို့နယ်မှ ဒဏ်ရာရလူနာတစ်ဦး၊ ရသေ့တောင်မြို့နယ်မှ ဒဏ်ရာရလူနာ နှစ်ဦး၊ ဩဂုတ် ၂၉ ရက်တွင် မောင်တောမြို့နယ်မှ ဒဏ်ရာရလူနာနှစ်ဦးနှင့် ပြင်ပလူနာသုံးဦးတို့ကို ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီခန့်က လမ်းဦးစီးဌာနမှ ဝန်ထမ်းများသည် ဆိုင်ကယ်စီးနင်းလာစဉ် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်အနီးတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဝန်ထမ်းတစ်ဦးဒဏ်ရာများရရှိခဲ့ရာ စစ်တွေဆေးရုံသို့ ပို့ဆောင်ပြီး ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။



လမ်းဦးစီးဌာနမှ (ကြီးကြပ်) ဦးမောင်သိန်းအောင်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိပြီး စစ်တွေဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည့် လမ်းဦးစီးဌာနမှ (ကြီးကြပ်) ဦးမောင်သိန်းအောင်က "ကိုးတန်ကောက်က အပြန် ဘင်္ဂါလီရွာနားမှာ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ မိုင်းထိပြီး ခေါင်း၊ နောက်ကျောဘက်နဲ့ လက်တွေမှာ ဒဏ်ရာတွေရခဲ့ပါတယ်။ ဆိုင်ကယ်နှစ်စီးနဲ့ ကျွန်တော်တို့ လူလေးယောက်ပြန်လာတာ။ ရှေ့ကဆိုင်ကယ်က ဘာမှမဖြစ်ပါဘူး။ နောက်ကစီးလာတဲ့ ကျွန်တော်တို့ဆိုင်ကယ်ကိုပဲ မိုင်းထိပါတယ်။ ဖြစ်ဖြစ်ချင်း သွေးထွက်တန်းလန်းနဲ့ပဲ ရှေ့ကဆိုင်ကယ်မောင်းတဲ့ ကောင်လေးကို အငူမော်ဆိပ်ကမ်းထိအမြန် မောင်းခိုင်းခဲ့ပါတယ်။ အငူမော်ကနေ စက်လှေနဲ့ စစ်တွေဆေးရုံကို လာခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့အတူ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဘူးသီးတောင်မြို့နယ် ဖောင်းတော်ပြင် ကျေးလက်ကျန်းမာရေးဌာနမှ (ကြီးကြပ်-၂) ကိုဇော်မျိုးအောင်က "ဩဂုတ် ၂၅ ရက် နံနက် ၂ နာရီလောက်မှာ ဖောင်းတော်ပြင်ရဲကင်းကို ARSA အစွန်းရောက်အကြမ်းဖက်သမား အင်အား ၁၀၀ ကျော်နဲ့ဝိုင်းပြီး ဓားတွေ၊ သေနတ်တွေ၊ ဗုံးတွေနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ကျွန်တော်ကရဲကင်းမှာ အိပ်နေတာပါ။ အကြမ်းဖက်သမားတွေရဲ့ ခုတ်လိုက်တဲ့ဓားကြောင့် လက်မှာဒဏ်ရာအပြင်းအထန်ရခဲ့ပါတယ်။ ခြေထောက်ကတော့ နည်းနည်းပဲ ပြတ်ရှဒဏ်ရာရခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်တချို့လည်း အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာတွေရခဲ့ပါတယ်။ ဖြစ်ဖြစ်ချင်း ကျွန်တော့်ကို ဘူးသီးတောင်ဆေးရုံကိုပို့ပြီး ဆေးဝါးကုသမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် အခုစစ်တွေဆေးရုံရောက်လာတာပါ"ဟုပြောသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဓားဒဏ်ရာ၊ သေနတ်ဒဏ်ရာနှင့် မိုင်းထိဒဏ်ရာများရရှိကာ သက်ဆိုင်ရာမြို့နယ်ဆေးရုံများမှတစ်ဆင့် စစ်တွေမြို့ဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူနေသည့် ဒဏ်ရာရလူနာများအနက် ရဲတပ်သားသူရနိုင်သည် ရရှိသည့်ပြင်းထန်ဒဏ်ရာကြောင့် စစ်တွေဆေးရုံတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

**(သတင်းအဖွဲ့)**



ဖောင်းတော်ပြင် ကျေးလက်ကျန်းမာရေးဌာနမှ (ကြီးကြပ်-၂) ကိုဇော်မျိုးအောင်။

# ဖြစ်စဉ်ဖြစ်တာနဲ့ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ထိခိုက်မှုတွေ အနည်းဆုံးနဲ့ ဆောင်ရွက်ထားနိုင်တဲ့အနေအထားရှိ

**ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်းအကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းနှင့် ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် နေအိမ်၊ အဆောက်အအုံများလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး မိုင်းထောင်ဖောက်ခွဲမှုကြောင့် လမ်း၊ တံတားများ ပျက်စီးခဲ့ကာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့သည်။**

**အဆိုပါဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ တပ်မတော်တို့ ပူးပေါင်းပြီးဒေသခံပြည်သူလူထု၏ လုံခြုံရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာကူညီထောက်ပံ့ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အား တွေ့ဆုံမေးမြန်းထားသည်။**







**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

**မေး။ ။ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး လက်ရှိအချိန်အထိ နေရပ်စွန့်ခွာတိမ်းရှောင်လာတဲ့ ဒေသခံတွေအတွက် ကယ်ဆယ်ရေးနဲ့ ကူညီဆောင်ရွက်နေမှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ အခုလို လတ်တလောအကြမ်းဖက်ကိစ္စကြောင့် တိုင်းရင်းသားတွေမှာ စုရပ်မှာ စုနေရတယ်။ လတ်တလောမှာ အခက်အခဲတွေ အများကြီးရှိတယ်။ အဓိကကတော့ ပုံမှန်စားဝတ်နေရေး၊ ကျန်းမာရေးအခက်အခဲရှိနေတယ်။ ဒါတွေကို ဖြေရှင်းဖို့ကျတော့ နိုင်ငံတော်အနေနဲ့ အမြန်တုံ့ပြန် ဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်ပါတယ်။ တုံ့ပြန်ဆောင်ရွက်ဖို့အတွက် မောင်တောဒေသက ကုန်းလမ်းကသွားမယ်ဆိုလည်း မိုင်းထောင်တာတို့၊ တံတားတွေ ဖျက်ဆီးထားတာတို့ ရှိတဲ့အတွက် တစ်နေရာနဲ့ တစ်နေရာ သွားလာဖို့ခက်သွားပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို Air Myanmar Aviation Services Co.,Ltd က ရဟတ်ယာဉ်တစ်စင်း အကူအညီပေးပါတယ်။ ရဟတ်ယာဉ်က လူအများကြီးမဆံ့ပေမယ့် လက်ရှိပြည်သူတွေကို သွားပြီး နှစ်သိမ့်အားပေးဖို့အတွက်နဲ့ လတ်တလောလိုအပ်တဲ့ရိက္ခာကို အသင့်အတင့်တင်ပြီးသွားလို့ရပါတယ်။ အဲဒီလိုသွားဖို့အတွက်ကလည်း လုံခြုံရေးက အလွန်အရေးကြီးလို့ တပ်မတော်နဲ့ ပူးပေါင်းပြီး လုံခြုံရေးအစီအစဉ်တွေလုပ်တယ်။ အကြမ်းဖက်မှုဖြစ်ပြီး နောက်ရက်မှာပဲ ဒီဒေသကို ရောက်အောင်သွားခဲ့ပါတယ်။

ကျွန်တော်တို့နဲ့အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုလည်းပါတယ်။ ဘူးသီးတောင်ဆေးရုံမှာ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိတဲ့လူနာ ခြောက်ဦးလောက်ရှိပါတယ်။ နောက်အေးစေတီဘုန်းကြီးကျောင်းကို ရောက်တယ်။ အဲဒီစုရပ်ကို ရောက်ရှိနေတာ တိုင်းရင်းသား ၂၅၀ လောက်ရှိပါတယ်။ ကျောင်းဆရာမတွေဆိုလည်း ကျောင်းတွေပိတ်ထားတဲ့အတွက် ဒီလိုပဲနေနေရတယ်။ နောက်ပြီး မောင်တော (၄)မိုင်အထက်တန်းကျောင်းကို ရောက်ပါတယ်။ အဲဒီမှာတိမ်းရှောင်လာတဲ့ လူတော်တော်များပါတယ်။ လူဦးရေ ၂၄၀၀ လောက်ရှိပါတယ်။ အားလုံးအတွက် လတ်တလောစားနပ်ရိက္ခာထောက်ပံ့ပေးပါတယ်။ ဝန်ထမ်းတွေလည်းရှိတယ်။ သူတို့ နေရတဲ့နေရာကတော့ လုံခြုံပါတယ်။ ခဏတော့ သည်းခံပြီးနေပါဦးဆိုပြီး အနီးဆုံးစစ်တွေမြို့ကို ပြန်ရောက်အောင်ဒါမှမဟုတ် ကိုယ့်ရဲ့နေရပ်ကိုပြန်နိုင်အောင် လုပ်ပေးဖို့ အစီအစဉ်တွေဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တာတွေ စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒါကတော့ ဩဂုတ်လ ၂၇ ရက်နေ့က အတွေ့အကြုံပါ။

ဩဂုတ်လ ၂၈ ရက်နေ့မှာတော့ ကျွန်တော်တို့သွားတဲ့အချိန်မှာ တချို့နေရာတွေမှာ မီးရှို့ထားတာတွေ့ရတယ်။ ဒီ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေဟာ သူတို့ရွာတွေကို မီးရှို့ပြီးတော့ ထွက်ပြေးကြတာတွေရှိတယ်။ မောင်တောရောက်တော့လည်း မြို့အဝင်မှာ မီးရှို့ထားတာတွေ့ရပါတယ်။ မောင်တောဒေသက တိုင်းရင်းသားတွေရှိတဲ့ စုရပ်တွေဆီသွားခဲ့ပါတယ်။ တောင်ဘဇာကိုရောက်ခဲ့ပါတယ်။ အဲဒီစုရပ်မှာ တိမ်းရှောင်လာသူ ၆၃၃ ဦးနဲ့ ဝန်ထမ်းက ၂၅ ဦးလောက်ရှိပါတယ်။ နောက် ကြိမ်ချောင်းကိုရောက်ပါတယ်။ ကြိမ်ချောင်းမှာ ၂၀၀ လောက်ရှိတယ်။ ဝန်ထမ်း ၇၀ လောက်ရှိပါတယ်။ နောက်ပြီး မောင်တောဆေးရုံကိုရောက်ပါတယ်။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့သူတွေကို ထောက်ပံ့မှုတွေပေးပါတယ်။ အဲဒီမှာ အရေးပေါ်လူနာတွေကို စစ်တွေဆေးရုံကိုရောက်ရှိဖို့ အစီအစဉ်တွေဆွဲပါတယ်။ နောက် သာသနာ့ဗိမာန်အဆောက်အအုံကို ရောက်ပါတယ်။ အဲဒီမှာ လူ ၂၀၀ လောက်ရှိပါတယ်။ အဲဒီမှာလည်းဆောင်ရွက်ပေးခဲ့ပါတယ်။

နောက် မောင်တောမြို့ အမှတ်(၃) မူလတန်းလွန်ကျောင်းကိုသွားပါတယ်။ အဲဒီမှာ ဟိန္ဒူတွေတော်တော်များများရှိပါတယ်။ လူ ၁၀၀၀ ကျော်ရှိပါတယ်။ အဲဒီမှာပဲ ခိုလှုံနေကြပါတယ်။ စားနပ်ရိက္ခာတွေထောက်ပံ့တယ်။ အဲဒီမှာ အရေးကြီးတာကတော့ ကျန်းမာရေးကဏ္ဍမှာလည်း သူတို့မှာ လိုအပ်ချက်တွေ အများကြီးရှိတယ်။ တချို့နေရာတွေမှာ တပ်မတော်ဆေးမှူးတွေက ကူညီနေတာတွေ ရှိပါတယ်။ ဆေးဝန်ထမ်းတွေက ကူညီနေတာတွေရှိပါတယ်။ လိုအပ်တဲ့ ဆေးဝါးတွေထောက်ပံ့ဖို့အတွက်ကို ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်တာတွေကို မှတ်သားခဲ့ပါတယ်။

အခက်အခဲကြားက လူနာတွေကို ပို့ဆောင်ပေးဖို့ကိုလည်း ကျွန်တော်တို့ ညှိနှိုင်းပေးခဲ့ပါတယ်။ ရိက္ခာနဲ့ပတ်သက်လို့ကတော့ လုံလောက်အောင် ဆောင်ရွက်ဖို့အတွက် စီစဉ်ထားတာရှိပါတယ်။ စားနပ်ရိက္ခာထောက်ပံ့ဖို့နဲ့ ကျန်းမာရေးကိစ္စနဲ့ပတ်သက်ပြီးတော့ လိုအပ်တာတွေ လတ်တလော ဆောင်ရွက်ပေးခဲ့ပါတယ်။ လုံခြုံရေးနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမှုမရှိအောင် အစိုးရကဆောင်ရွက်ပေးနေပါတယ်။ နယ်မြေရဲလုံခြုံရေးနဲ့ တပ်မတော်က ဝိုင်းဝန်းအင်အားဖြည့်ထားပြီးတော့ ထောက်ပံ့တာတွေရှိတယ် ဆိုတာကိုလည်း ဆွေးနွေးခဲ့ပါတယ်။ နောက်နေ့တွေမှာလည်း ဆက်ပြီး ထောက်ပံ့ပါမယ်။

**မေး။ ။ လတ်တလောဖြစ်စဉ်မှာ ဒေသခံတိုင်းရင်းသားတွေက မိမိနေရပ်တွေကို စွန့်ခွာထွက်ပြေးတာ သောင်းနဲ့ချီတဲ့ အနေအထားတွေရှိပါတယ်။ ဘူးသီးတောင်-မောင်တော လမ်းပန်းဆက်သွယ်ရေးကလည်း ပြတ်တောက်မှုတွေရှိနေတော့ သူတို့ရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်ထားတာရှိရင် ပြောပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ။ စားနပ်ရိက္ခာတွေ သူတို့ရှိရာကို ရောက်ဖို့ အရေးကြီးပါတယ်။ နောက်တစ်ချက်ကတော့ ကျန်းမာရေးကိစ္စတွေ ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့လိုပါတယ်။ နောက်အရေးပေါ်လူနာတွေကို ဘယ်လို ပို့ဆောင်မလဲဆိုတာ စီစဉ်ပေးဖို့လိုပါတယ်။ ဝန်ထမ်းတွေ၊ ကျောင်းတွေပိတ်ထားတဲ့ ဆရာ၊ ဆရာမတွေအနေနဲ့ သူတို့စိတ်မချမ်းသာကြဘူး။ ကြောက်လန့်နေကြတယ်။ ဒါမျိုးတွေရှိတယ်။ ဒါတွေကို ဖြေရှင်းပေးဖို့ ကိစ္စတွေပါပဲ။ ဒါတွေကို ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါတယ်။ တပ်မတော်ရဲ့အကူအညီတွေ လုံခြုံရေးနဲ့ပတ်သက်လို့ အများကြီးရယူရတာရှိပါတယ်။

**မေး။ ။ ပြည်ထောင်စုဝန်ကြီး အနေနဲ့ အကြမ်းဖက်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး လာရောက်ဆောင်ရွက်မှုအပေါ် ဘာများ ဖြည့်စွက်ပြောချင်ပါသလဲခင်ဗျာ။**

ဖြေ။ ။ လာရောက်ဆောင်ရွက်မှုကတော့ ကျွန်တော်တို့အဖွဲ့ စပြီးတာဝန်ယူကတည်းက တိုင်းရင်းသားရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မယ်လို့ သတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ တကယ်လည်း တိုင်းရင်းသားရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးပြီး ဆောင်ရွက်ပါတယ်။ တိုင်းရင်းသားအရေးကိုဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းသားတွေဟာ များသောအားဖြင့် ပြည်နယ်တွေမှာရှိပါတယ်။ အဲဒီမှာမှ ပြည်နယ်တွေကို ဦးစားပေးအဆင့်လိုက် ဘယ်ပြည်နယ်ဟာ စောင့်ရှောက်ဖို့အတွက် အလိုအပ်ဆုံးဖြစ်မလဲဆိုပြီး အဆင့်လိုက်စဉ်းစားတော့ ချင်းနဲ့ ရခိုင်က ထိပ်မှာရောက်နေပါတယ်။ ရခိုင်မှာက ပိုပြီးထူးခြားတာက ထောက်ပံ့ပေးရမယ့်နေရာမှာ ထောက်ပံ့ရမှာရှိသလို သူ့မှာ ပဋိပက္ခရှိတဲ့ဒေသဖြစ်နေပါတယ်။

ပိုပြီးတော့ ကြီးမားတဲ့ဒေသဖြစ်နေတော့ ပထမဦးစားပေးအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီးတော့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုပြီးတော့ အဖွဲ့ကို ဖွဲ့ထားပါတယ်။ လုပ်ငန်းကော်မတီတွေ ဖွဲ့ထားပါတယ်။ လုပ်ငန်းတွေဆောင်ရွက်ပေးနေတယ်။ ဆောင်ရွက်တဲ့ကြားမှာပဲ ဒီလိုကိစ္စတွေ ဖြစ်ဖြစ်နေပါတယ်။ ဖြစ်နေတဲ့အတွက် ဆောင်ရွက်စရာတွေ ပိုများလာသလို ပိုပြီး ဂရုစိုက်ပြီးတော့ ဆောင်ရွက်ရမယ့်အနေအထားတွေ ကျွန်တော်တို့ ကြုံတွေ့ရပါတယ်။

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု**

**မေး။ ။ ဩဂုတ်လ ၂၅ ရက်နေ့ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ ARSA အစွန်းရောက်အကြမ်းဖက်မှုဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ဒီအကြမ်းဖက်မှုဖြစ်သွားပြီးတာနဲ့ သတင်းအချက်အလက်တွေ ရယူပါတယ်။ ပြည်ထောင်စုအစိုးရနဲ့လည်း အမြန်ဆုံးချိတ်ဆက်ပြီးတော့ လိုအပ်ချက်တွေကို အမြန်ဆုံးတုံ့ပြန်ပြီးဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ အထူးသဖြင့်တော့ လုံခြုံရေးပေါ့။ လုံခြုံရေးအတွက်ကတော့ အထူးလိုအပ်ချက်ဖြစ်တဲ့အတွက်ကြောင့် ဒီမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေအပြင် တပ်မတော်ဘက်ကနေပြီး အင်အားဖြည့်တင်းပြီး အမြန်ဆုံးဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ အကြမ်းဖက်ဖြစ်စဉ်တွေမှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ လုံခြုံရေးနဲ့ စားဝတ်နေရေးအတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ ။ လုံခြုံရေးကတော့ ဖြစ်စဉ်ဖြစ်တဲ့နေရာတွေကို အမြန်ဆုံးရောက်အောင် လုံခြုံရေးဆောင်ရွက်ပေးထားပါတယ်။ ရွှေ့ပြောင်းသွားတဲ့နေရာတွေမှာလည်း စုရပ်တွေလုပ်ပြီး အဲဒီနေရာတွေမှာလည်း လုံခြုံရေးအပြည့်အဝပေးထားပါတယ်။ ရိက္ခာအနေနဲ့ကတော့ ပြီးခဲ့တဲ့လဆန်းပိုင်းတုန်းက ဖြစ်ပျက်ခဲ့တဲ့ မြိုတိုင်းရင်းသားတွေ သတ်ဖြတ်ခံရတဲ့နောက်ပိုင်းမှာ ရိက္ခာကို ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းပြီး နှစ်လစာဆောင်ရွက်ပေးဖို့ စီမံထားတာရှိတဲ့အတွက် လက်ရှိလိုအပ်ချက်ကို ဖြည့်တင်းပေးသလိုဖြစ်သွားတဲ့အတွက် လိုအပ်ချက်မရှိသလောက်ဘဲ။ လမ်းတွေ၊ တံတားတွေ မိုင်းထောင်ပြီး ဖောက်ခွဲဖျက်ဆီးထားတာရှိပါတယ်။ ထောက်ပံ့ရေးပစ္စည်းပို့ရတဲ့အခါမှာ အခက်အခဲရှိပါတယ်။ သို့သော်လည်း ပြေလည်အောင် ဆောင်ရွက်နေပါတယ်။ တပ်ရင်းတွေမှာရှိတဲ့ စုရပ်နေရာမျိုးတွေမှာဆို တပ်ရင်းတပ်ဖွဲ့တွေမှာရှိတဲ့ ရိက္ခာတွေနဲ့ ချက်ချင်းဖြည့်ဆည်းပေးပြီး ဆောင်ရွက်ပေးနေပါတယ်။ တောင်ဘဇာမှာဆို တပ်မတော်ကနေပြီး သူတို့မှာရှိတဲ့ ရိက္ခာတွေနဲ့ ကျွေးမွေးထားတာလည်းရှိပါတယ်။ ကျွန်တော်တို့ရောက်သွားတဲ့အခါမှာ ရိက္ခာကုန်နိုင်တဲ့အနေအထားရှိနေတဲ့အတွက် တပ်မတော်က တာဝန်ရှိသူတွေနဲ့ ဆက်သွယ်ပြီး အမြန်ဆုံးဖြည့်ဆည်းပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ရောက်ခဲ့တဲ့ နေရာတိုင်းမှာတော့ ရိက္ခာနဲ့ပတ်သက်ပြီး လတ်တလောဖြည့်ဆည်းပေးနိုင်တဲ့ အနေအထားရှိပါတယ်။ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရတဲ့ ဒေသခံတိုင်းရင်းသားတွေအတွက် နောက်ပိုင်းလည်း ရိက္ခာပြတ်လပ်မှုမရှိအောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ ယခုမောင်တောဒေသမှာ ဖြစ်ပွားနေတဲ့ အစွန်းရောက်အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ တပ်မတော်တို့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပူးပေါင်းဆောင်ရွက်မှု ကောင်းပါတယ်။ ဖြစ်စဉ်ဖြစ်တာနဲ့ကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်ကြောင့် ထိခိုက်မှုတွေ အနည်းဆုံးနဲ့ ဆောင်ရွက်ထားနိုင်တဲ့အနေအထားရှိတယ်လို့ ပြောလို့ရပါတယ်။ လွတ်သွားတဲ့ နေရာလေးတွေမှာတော့ အနည်းအကျဉ်းဆုံးရှုံးမှုလေးတွေရှိတာပေါ့။ ဒီနောက်ပိုင်းမှာတော့ အားလုံးနီးပါး လုံခြုံရေးပေးထားတဲ့ အနေအထားရှိပါတယ်။

**မေး။ ။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ နေအိမ်တွေကို သူတို့ နေရပ်ပြန်တဲ့အခါ ပြန်လည်နေထိုင်နိုင်ဖို့အတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လို ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ပြောင်းရွှေ့လာတဲ့ လူတွေနဲ့ ပတ်သက်ပြီးတော့ ကိုယ့်နေရာ၊ ကိုယ့်လုပ်ငန်းခွင်တွေကို ပြန်လည်ရောက်ရှိသွားတဲ့အခါ မီးလောင်ဆုံးရှုံးသွားတဲ့ သူတို့နေအိမ်တွေကို အမြန်ဆုံး ပြန်လည်နေထိုင်နိုင်အောင် တည်ဆောက်ပေးဖို့ ဆောင်ရွက်သွားပါမယ်။ ပျက်စီးဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး စာရင်းဇယားတွေ ပြုစုရဦးမယ်။ ဘယ်နှရွာ၊ ဘယ်နှအိမ်၊ လူဦးရေ ဘယ်လောက်ဆိုတာ စာရင်းတွေ ပြည့်စုံသွားမယ်၊ အချက်အလက်တွေလည်း ပြည့်ပြည့်စုံစုံလည်းရမယ်၊ နေရာတွေ တိတိကျကျရပြီဆိုရင် အမြန်ဆုံး အကောင်အထည်ဖော်သွားပါမယ်။ တိုင်းရင်းသားတွေနဲ့ တွေ့တဲ့အခါမှာလည်း သူတို့ရဲ့လိုအပ်ချက်တွေကို မေးပါတယ်။ ဘာတွေဖြည့်ဆည်းပေးရမလဲဆိုတာကို မေးပါတယ်။ အဓိကတင်ပြတာကတော့ လုံခြုံရေးပေးဖို့ပြောပါတယ်။ ကျွန်တော်တို့ဘက်ကလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တွေနဲ့ လုံခြုံရေး ဖြည့်ဆည်းပေးနေတယ်ဆိုတာ ပြောပြထားပါတယ်။

**မေး။ ။ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့လည်း ဘူးသီးတောင်၊ မောင်တောမြို့တွေမှာရှိတဲ့ ဆေးရုံတွေအပြင် ကျေးလက်တွေမှာရှိတဲ့ ဆေးရုံဆေးခန်းတွေမှာလည်း ဆေးဝါးတွေကို အပြည့်အဝထောက်ပံ့ပေးထားပါတယ်။ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ လက်ချက်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ရဲဝန်ထမ်းနဲ့ ပြည်သူတွေကိုလည်း ငွေကြေးထောက်ပံ့မှုတွေပေးခဲ့ပါတယ်။ လက်ရှိဖြစ်သွားတဲ့အပေါ်မှာ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ ။

**(သတင်းအဖွဲ့)**

## ARSA အစွန်းရောက်အကြမ်းဖက်သမားများအန္တရာယ်ခံစားနေရသော ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားပြည်သူများအတွက် ငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

**စစ်တွေ ဩဂုတ် ၂၉**

၁။ ရခိုင်ပြည်နယ်အတွင်း မောင်တော၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်များ၌ ဖြစ်ပွားနေသော ARSA အစွန်းရောက်အကြမ်းဖက်သမားများ အန္တရာယ်ခံစားနေရသည့် တိုင်းရင်းသားပြည်သူများအတွက် ပေးပို့လာသည့် အလှူငွေနှင့် ပစ္စည်းများအား စနစ်တကျ လက်ခံဖြန့်ဖြူးနိုင်ရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ "အလှူပစ္စည်းများ လက်ခံဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ"ကို ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အနယ်နယ်အရပ်ရပ်မှ ပေးပို့ဆက်သွယ်လှူဒါန်းလိုသည့် စေတနာရှင် ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် စစ်တွေမြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် (CF-003420) သို့လည်းကောင်း၊ အောက်ပါပုဂ္ဂိုလ်များထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည် -

| | | |
|---|---|---|
| (က) ဦးကျော်လှထွန်း | ပြည်နယ်ဥပဒေချုပ် | Ph-09-452255565 |
| ( ခ ) ဦးအောင်စောမြ | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အား/ကာဦးစီးဌာန | Ph-09-253106050 |
| (ဂ) ဦးတင်လတ် | ဒုတိယညွှန်ကြားရေးမှူး | Ph-09-428330033 |

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်ဖျက်ဆီးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ဩဂုတ် ၂၇ ရက်တွင် နံ့သာတောင်ကျေးရွာဈေးအတွင်းရှိ တိုင်းရင်းသားဈေးဆိုင်ခန်းနှစ်ခန်းအား မီးရှို့ဖျက်ဆီးခြင်း၊ နံ့သာတောင်ဘုန်းတော်ကြီးဝင်းအတွင်းရှိ စေတီမှဘုရားဆင်းတုတော် တစ်ဆူ၊ ဂြိုဟ်တိုင်ရုပ်လေးရုပ်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိပစ္စည်းများအား ဖျက်ဆီးခြင်း၊ နံ့သာတောင်ကျေးရွာ ရဲကင်းစခန်းအိပ်ဆောင်အား ဖျက်ဆီးခြင်း၊ ကွမ်းသီးပင်ချောင်းဝစခန်းအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက် (ရခိုင်ရွာ)မှ မောင်တောမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်စဉ် ကိုးတန်ကောက် (ဘင်္ဂါလီရွာ)အတွင်းမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လုပ်သေနတ်များဖြင့် ချောင်းမြောင်းပစ်ခတ်ပြီး ကျေးရွာအား မီးရှို့ဖျက်ဆီးကာ အင်အား ၃၀၀ ခန့်သည် ရွာ၏အရှေ့ဘက် မေယုတောင်ကြောပေါ်သို့ ထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာအား ဝင်ရောက်ရှင်းလင်းရာ ကားလမ်းနှင့် လူသွားလမ်းတွင် ထောင်ထားသည့် လက်လုပ်မိုင်းသုံးလုံးကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး လုပ်သေနတ်တစ်လက်၊ ဓားရှည်တစ်လက်၊ ဘက်ထရီတစ်လုံး၊ ဝါယာကြိုးကိုက် ၁၀၀ ပါ သုံးခွေ၊ ပွိုင့် ၃၀၃ ရိုင်ဖယ်ကျည်ဆန် ၁၅ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ရသေ့တောင်မြို့နယ် လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးဖြိုးမင်းထွန်းနှင့် နေ့စားဝန်ထမ်း သုံးဦးသည် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ကိုးတန်ကောက်ကျေးရွာမှ ချိန်ခါလီကျေးရွာသို့ ဖြတ်သန်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် နေ့စားဝန်ထမ်း ဦးမောင်သိန်းအောင်မှာ လက်နက်ငယ်ဒဏ်ရာအချို့ ရရှိခဲ့သဖြင့် ၎င်းအား စစ်တွေဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁ နာရီခွဲခန့်တွင် မောင်တောမြို့နယ် မောင်နီကျေးရွာအနီး၌ စောင့်ဆိုင်းနေစဉ် မောင်တောမြို့ မြို့မတောင်ရပ်ကွက်နေ ရော်ဟီးမူလ္လာ အသက်(၃၀)နှင့် မောင်နီကျေးရွာနေ ဆေရာဇူဟောင် (၁၉)နှစ်တို့နှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရာ ငှက်ကြီးတောင် ဓားတစ်လက်၊ နှစ်ဖက်သွားဓားဦးချွန်တစ်လက်၊ WY စိတ်ကြွဆေးပြား ၃၁ ပြား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်ပါ တယ်လီဖုန်းတစ်လုံး အပါအဝင် အခြားလက်ကိုင်ဖုန်းနှစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ၊ ငွေစက္ကူမျိုးစုံ ကျပ် ၁၂၂၃၅၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် စစ်ဆေးလျက်ရှိသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ဇင်ပိုင်ညာကျေးရွာထိပ်တွင် နေအိမ်လေးလုံးအား မီးရှို့ထွက်ပြေးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ရွာသစ်ကျေးရွာကြား၌ နယ်မြေရှင်းလင်းစဉ် လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့ကြောင်း၊ အလားတူ ကျောက်လှေကားကျေးရွာ ဗလီအနီး၌ သေနတ်များ၊ တုတ်၊ ဓားလက်နက်များပါရှိသော ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀၀ ခန့် စုရုံးရောက်ရှိလျက်ရှိကြောင်း သိရသည်။



မောင်တောမြို့ အမှတ်(၅)ရပ်ကွက် ရုပ်ရှင်ရုံလမ်းကြား မီးလောင်မှုမှတ်တမ်းဓာတ်ပုံ (အပေါ်ပုံ) နှင့် သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ(အောက်ပုံ)တို့ကို တွေ့ရစဉ်။



မောင်တောမြို့ အမှတ်(၅)ရပ်ကွက် ရုပ်ရှင်ရုံလမ်းကြားတွင် ဘင်္ဂါလီနေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုကြောင့် ဘင်္ဂါလီနေအိမ်လေးလုံး၊ ဈေးဆိုင်ခန်းတစ်ခန်း ဆုံးရှုံးခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်မှာ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က မီးရှို့ခဲ့ခြင်းဖြစ်ပြီး မဟုတ်မမှန်သတင်းများ ဖြန့်ချိရန်လုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၅) နတလကျောင်းမြောက်ဘက်ရှိ ဘင်္ဂါလီနေအိမ်မှ စတင်မီးလောင်ကျွမ်းမှုကြောင့် ဘင်္ဂါလီနေအိမ်ငါးလုံး မီးလောင်ကျွမ်းခဲ့သည်။

အလားတူ မောင်တောမြို့ ကျီးကန်းပြင်တောင်ရွာအနီး ရွာသစ်ကေကျေးရွာရှိ ဘင်္ဂါလီနေအိမ်များအား ARSA အစွန်းရောက် အကြမ်းဖက်သမားများက မီးရှို့ခဲ့သဖြင့် နေအိမ်များမီးလောင်စဉ် အဆိုပါနေအိမ်များအတွင်းမှ ဗုံးလေးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ကြောင်းနှင့် အကြမ်းဖက်အဖွဲ့သည် လက်လုပ်ဗုံးများထောင်ပြီး အိမ်များကို မီးရှို့ကာ မီးငြိမ်းသတ်မည့် လုံခြုံရေးအဖွဲ့ဝင်များအား သေကျေဒဏ်ရာရရှိအောင် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နယ်မြေ-၂ တမန်းသားကျေးရွာ စေတီနောက် (ပါလီခါရာဆာလာ) ဘင်္ဂါလီရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက် အကြမ်းဖက်သမားများက ဆွဲမိုင်းဖြင့်တိုက်ခိုက်ပြီး ရွာတွင်းရှိ နေအိမ်များအား မီးရှို့ထွက်ပြေးသဖြင့် လိုက်လံရှင်းလင်းလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့ မြို့မကညင်တန်းအုပ်စု ဒီပါယာကျေးရွာရှိ ဘင်္ဂါလီနေအိမ်မှ မီးစတင်လောင်ကျွမ်းမှုကြောင့် ဘင်္ဂါလီနေအိမ်လေးလုံး၊ ဟိန္ဒူနေအိမ်ငါးလုံး စုစုပေါင်း ကိုးလုံး မီးလောင်ကျွမ်းခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၀ ခန့်သည် အင်းဒင်နယ်မြေရုံးအား လာရောက်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက်မေယုတောင်ပေါ်သို့ ထွက်ပြေးသွားခဲ့သည်။

ညနေပိုင်းတွင် ပြင်ဖြူကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ဘင်္ဂါလီနေအိမ်တစ်လုံးအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ထွက်ပြေးပြီးနောက် ၎င်းရွာတွင် လက်လုပ်မိုင်းလေးလုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်။

ARSA အစွန်းရောက် အကြမ်းဖက်သမားဖြစ်သည့် မကျီးချောင်းနယ်မြေရုံး၊ ပဒင်းကျေးရွာအုပ်စုနှင့် ရေဖုန်းပြင်ကျေးရွာမှ ၁၅၀ ခန့်နှင့် ဘဂုံးနားရွာနှင့် ပန်းတောပြင်ရွာမှ ၁၀၀ ခန့်သည် ပိုက်ဆိပ်ရွာတွင်ရှိသော ၁၀၀ ခန့်နှင့် လာရောက်ပူးပေါင်းပြီး ပိုက်ဆိပ်ရွာအတွင်းရှိ နေအိမ်များအား မီးရှို့လျက်ရှိကြောင်းနှင့် မကျီးချောင်းနယ်မြေရဲစခန်းအား ARSA အစွန်းရောက် အကြမ်းဖက်သမား ၅၀၀ ခန့်က လာရောက်ဝိုင်းထားကြောင်း သိရသည်။

မောင်တောမြို့ နတလကျောင်းမြောက်ဘက်ရှိ ဘင်္ဂါလီနေအိမ်တွင်လည်း မီးလောင်နေကြောင်းနှင့် နွားရုံတောင်ကျေးရွာဘက်မှ ARSA အစွန်းရောက်အကြမ်းဖက်သမား ၅၀၀ ခန့်သည် ပြဿဒ်ရဲစခန်းဘက်သို့ တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ အော်ဟစ်စုဝေးသွားလာလျက်ရှိကြောင်း သိရသည်။

အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ကျီးကန်းပြင်ဌာနချုပ်သို့ မောင်တောမြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် အောင်မင်္ဂလာကျေးရွာမှ အိမ်ထောင်စု ၃၀၊ လူဦးရေ ၈၁ ဦး၊ အောင်ဇေယျကျေးရွာမှ အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၇၁ ဦး၊ အောင်သာယာကျေးရွာမှ အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၁၆၉ ဦး နှင့် ပြဿဒ်ကျေးရွာမှ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၁၉ ဦးတို့သည် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါတိုင်းရင်းသားကျေးရွာများမှ အိမ်ထောင်စုဝင်များအား အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သူရစန်းလွင်က နှစ်သိမ့်အားပေးစကား ပြောကြားပြီး ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့သည်။

မောင်တောမြို့ပေါ်နှင့် ကျေးရွာများတွင် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းမှစ၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့မှုကြောင့် ကျီးကန်းပြင် (အလယ်ရွာ)၌ နေအိမ် ၂၉၉ လုံး၊ သဝင်ချောင်းကျေးရွာ၌ ၅၇၉ လုံး၊ သဝင်ချောင်း (ဆူရာလီကျေးရွာ)၌ ၄၀၊ သဝင်ချောင်း (ခွဆုံ) ၁၄၆ လုံး၊ သီဟိုဠ်ကျွန်း(တောင်ရွာ) ၌ ၁၅ လုံး၊ သီဟိုဠ်ကျွန်း(ရွာမရွာ)၌ ၁၆၅ လုံး၊ သီဟိုဠ်ကျွန်း (ခွေလာဘင်္ဂါရွာ) ၌ ၁၇၅ လုံး၊ မြို့သူကြီး (သောင်ပိုင်ညာကျေးရွာ) ၌ ၁၈၀၊ မြို့သူကြီး (ကန်ကျတောင်ကျေးရွာ)၌ ၃၄၀၊ မြို့သူကြီး(ရွာဟောင်း) ၂၄၁ လုံး၊ မြို့သူကြီး (ရာကဘီကျေးရွာ) ၌ ၅၃ လုံး၊ မြို့သူကြီး (ကန်ကျမြောက်ကျေးရွာ)၌ ၇၂ လုံး စုစုပေါင်း ၂၃၀၅ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မြို့မအရှေ့ရပ်ကွက်၊ မြို့မ ကညင်တန်းရပ်ကွက်၊ ရွာသစ်ကေရပ်ကွက်၊ ပဒကားရွာသစ်(ခူတိုင်ကျေးရွာ)၊ ကျီးကန်းပြင် (အနောက်ရွာ)နှင့် ကျီးကန်းပြင် (တောင်ရွာ) တို့မှ မီးလောင်ဆုံးရှုံးမှုများကို စိစစ်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

## နေရပ်စွန့်ခွာအိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ကျောက်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်အတွင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၌ ဩဂုတ် ၂၅ ရက် ည ၁၀ နာရီခွဲက ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ကျောက်တော်မြို့နယ် ဒုက္ကံချောင်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ခေတ္တနေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသခံတိုင်းရင်းသားပြည်သူများကို မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် တာဝန်ရှိသူများသည် မောင်တောခရိုင်အတွင်းရှိ ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်ခွာလာသော ဘူးသီးတောင်မြို့နယ် ဇင်းခမတောင်၊ မော်ကျေးရွာနှင့် သိမ်တောင်ပြင်ကျေးရွာမှ အိမ်ထောင်စု ၂၂ စု၊ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၇၆ ဦး တို့ကို ဩဂုတ် ၂၈ ရက်တွင် ကျောက်တော်မြို့နယ် ဒုက္ကံချောင်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လာရောက်ခိုလှုံလျက်ရှိရာ အဆိုပါ အိမ်ထောင်စု ၂၂ စု အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးအား ယနေ့နံနက်ပိုင်းတွင် မြောက်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် ကျောက်တော်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



✪ **ကျောဖုံးမှ**

နေ့အလိုက်ဖြစ်စဉ်များ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများက အင်အားသုံး၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခုခံကာကွယ်နိုင်ရန်လိုအပ်ချက်အရ တပ်မတော်က ပူးပေါင်းကာကွယ် လုပ်ဆောင်နေသည့်အခြေအနေများကို လည်းကောင်း၊ ဗိုလ်ချုပ်သန်းထွန်းသိန်းက အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် သုံးသပ်လုပ်ဆောင်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဩစတေးလျနိုင်ငံစစ်သံမှူး Col. Paul Andrew Bruce က Search and Raid Operation လုပ်ရာတွင် မည်သည့်အင်အားအချိုးအစားနှင့်လုပ်သည်ကို သိလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူး Brig. General Rashedul Mannan က အကြမ်းဖက်ကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ အမေရိကန်နိုင်ငံစစ်သံမှူး Col. Craig J. Tippins က Search and Raid ပြုလုပ်ရာတွင် တချို့ရွာသားများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများဘက်သို့ ကူးပြောင်းရောက်ရှိနိုင်မှုကို သတိထားရန်လိုအပ်ကြောင်း ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးတင်မောင်အေးက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေး ခေါ်ယူခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ Bullet ဂျာနယ်မှ ဦးလှဆွေက ဂျီနီဗာကွန်ဗင်းရှင်းနှင့် ပတ်သက်၍လည်းကောင်း၊ News Watch ဂျာနယ်မှ ဦးမောင်မောင်ထွန်းက အကြမ်းဖက်ဖြစ်စဉ်တွင် NGO၊ INGO အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုများကိုလည်းကောင်း မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

❐ **ARSA မှ**

အကြမ်းဖက်သမားများ၏ အော်ဟစ်သံများကြားရသဖြင့် နယ်မြေရှင်းလင်းစဉ် ပုစွန်ကန်စောင့်အလုပ်သမားများ နေထိုင်ခဲ့သည့် တဲငယ်ခြောက်လုံးအတွင်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ နေထိုင်ခဲ့သည့် အနေအထားများ တွေ့ရှိခဲ့သည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme -WFP) မှ ထောက်ပံ့ပေးသည့် စွမ်းအားပြည့် ဘီစကစ်မုန့်ခွံနှင့် မုန့်ဖာခွံများ၊ အချိုရည်ဘူးခွံများနှင့် ပုစွန်ကန်ဘေးချုံအတွင်းမှ လောင်းလှေငယ်နှစ်စင်းကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာအပြင်ဘက်တောင်ခြေအနီး၌ နယ်မြေရှင်းလင်းစဉ် ချုံပုတ်များအတွင်းမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ ဝှက်ထားသော ဆာလာအိတ်ထုပ်များတွေ့ရှိခဲ့ပြီး ၎င်းအိတ်များအတွင်း၌ ဆေးဝါးမျိုးစုံ ခုနစ်အိတ်၊ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (U. S. Agency For International Development - USAID) တံဆိပ်ပါ ဆန် တစ်အိတ်၊ WFP တံဆိပ်ပါ ဆန်အိတ်တစ်အိတ်၊ အလျား ၁၂ လက်မ အချင်းလေးလက်မခန့်ရှိ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း သုံးခု၊ မိုင်း၌တပ်ဆင်ထားသော ရီမုဆင်ဆာ သုံးခု၊ ပေ ၁၀၀ ခန့် ဝါယာကြိုးပါကင်သုံးထုပ်၊ အဝေးထိန်းရိမုခြောက်ခု၊ Panasonic တံဆိပ်ပါ ကိုးဗို့ ဓာတ်ခဲသုံးလုံး၊ ပွိုင့် ၃၀၃ ရိုင်ဖယ်ကျည် ခုနစ်တောင့်တို့ ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# အကြမ်းဖက်သမားတွေက အနက်ရောင်ဝတ်စုံတွေဝတ်ပြီး ရုပ်ဖျက်ထားကြပေမယ့် ဒီဒေသကလူတွေဆိုတာကို အတူနေလာကြတာဖြစ်တဲ့အတွက် ကျွန်မတို့သိနေတယ်

**ဒေါ်အေးအေးညွန့် (ဒေသခံ)**



**မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာလာကြသည့် ဒေသခံတိုင်းရင်းသားများ။**

**ရခိုင် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာကြသည့် ဒေသခံတိုင်းရင်းသားများသည် ဩဂုတ် ၂၈ ရက်မှ စတင်၍ စစ်တွေမြို့သို့ ရေယာဉ်များဖြင့် ဝင်ရောက်လျက်ရှိသည်။

အဆိုပါနေရပ်စွန့်ခွာလာကြသူများကို လတ်တလောတွင် စစ်တွေမြို့ရှိ ဓမ္မရာမ ဘုန်းတော်ကြီးကျောင်းနှင့် ကောဝိဒဘုန်းတော်ကြီးကျောင်းများတွင် လက်ခံစောင့်ရှောက်ပေးထားကြောင်း သိရသဖြင့် ၎င်းတို့တွေ့ကြုံခံစားရသည့်အခက်အခဲများနှင့် ခံစားချက်များကို သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်-

**ဒေါ်အေးအေးညွန့် (ဒေသခံ)**
**မောရဝတီကျေးရွာ မောင်တောမြို့နယ်**

ဩဂုတ် ၂၄ ရက်ညက စဖြစ်ကတည်းက ယခုအချိန်အထိ ကောင်းကောင်းလည်း မအိပ်ရ၊ မစားရနဲ့ အတော့်ကိုဒုက္ခရောက်ခဲ့ရပါတယ်။ ကိုယ့်ဒေသကို မစွန့်ခွာချင်ပေမယ့် လုံးဝ နေလို့မရတော့လို့ အခုလိုထွက်လာခဲ့ရတာပါ။ အခု ဒီရောက်တော့မှပဲ ကိုယ့်အသက်အန္တရာယ်အတွက် စိတ်အေးသွားရတယ်။ ကျွန်မတို့နဲ့အတူ လူအယောက် ၅၀ လောက်ပါလာတယ်။ ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းလောက်က ရွာကနေစထွက်လာတယ်။ ဩဂုတ် ၂၉ ရက် မနက် ၄ နာရီလောက်မှာ စစ်တွေကိုရောက်တယ်။ ကျွန်မတို့ကို ငါးဖမ်းစက်လှေတစ်စင်းက အခမဲ့ခေါ်လာတာဖြစ်ပါတယ်။

အကြမ်းဖက်သမားတွေက တွေ့တဲ့သူတိုင်းကို လိုက်ပစ်ကြတယ်။ သူတို့မှာ သေနတ်တွေ၊ ဗုံးတွေအပြည့်အစုံရှိတယ်။ မိုင်းတွေကို နေရာအနှံ့ထောင်ပြီး ဖောက်ခွဲတယ်။ အကြမ်းဖက်သမားတွေက အနက်ရောင်ဝတ်စုံတွေဝတ်ပြီး ရုပ်ဖျက်ထားကြပေမယ့် အခြားနိုင်ငံက လာတဲ့သူတွေမဖြစ်နိုင်ဘူး။ ဒီဒေသက လူတွေဆိုတာကို အတူနေလာကြတာဖြစ်တဲ့အတွက် ကျွန်မတို့ကသိနေတယ်။ ကျွန်မတို့အနီးအနားရှိ ရွာတွေမှာလည်း သေကျေ၊ ထိခိုက်ဒဏ်ရာရသူတွေ တော်တော်များနေပြီ။

အကုန်လုံးက ရွာကိုစွန့်ပြီး လာချင်ကြပေမယ့် ကားမရှိလို့ မလာနိုင်ကြဘူး။ အခုထွက်လာကြတဲ့ မိသားစုတွေ အားလုံးက ယောက်ျားတစ်ယောက်စီလောက်ပဲ အိမ်မှာထားခဲ့ပြီး အကုန်ထွက်ပြေးလာတဲ့ သူတွေချည်းပါပဲ။ အခု ဒီဒေသမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အတော်ဒုက္ခရောက်နေကြပါတယ်။ ထမင်းနပ်မှန်အောင် မစားရတဲ့သူတွေ အများကြီးပါ။ ဒီတစ်ခါ ခံစားရတာ တော်တော်ဆိုးပါတယ်။ ကျွန်မတို့ဒေသကို အေးအေးချမ်းချမ်းဖြစ်အောင် အမြန်ဆုံးပြန်လုပ်ပေးစေချင်ပါတယ်။

**ဦးစံမောင်သိန်း(အုပ်ချုပ်ရေးမှူးဟောင်း)**
**ဝေသာလီကျေးရွာ မောင်တောမြို့နယ်**

ကျွန်တော်တို့အတွက် ဆင်းရဲတာ၊ ချမ်းသာတာကကိစ္စမရှိပေမယ့် အသက်အန္တရာယ် စိတ်မချရတော့လို့ မထွက်လာချင်လည်း အခုလိုပဲ နေရပ်စွန့်ခွာပြီး ထွက်လာခဲ့ရတာပါ။ ဒီလိုဖြစ်စဉ်မျိုးတွေ ပြီးခဲ့တဲ့ ၂၀၁၂ နဲ့ ၂၀၁၆ ခုနှစ်တုန်းကလည်း ကြုံခဲ့ရပေမယ့် ဒီတစ်ကြိမ်ဖြစ်တာက လက်နက်တွေနဲ့ အကြမ်းဖက်သတ်ဖြတ်ကြတာတွေဆိုတော့ အင်မတန် ကြောက်စရာကောင်းပါတယ်။ ရွာအနီးအနားမှာ နေ့စဉ် ဗုံးပေါက်ကွဲသံတွေ၊ သေနတ်သံတွေကို အမြဲလိုလိုကြားနေရတယ်။ အခုကျွန်တော်တို့ ကျေးရွာကအယောက် ၂၀ လောက် ထွက်ပြေးလာခဲ့ကြပါတယ်။

စစ်တွေကိုရောက်ဖို့ ရွာကနေ လေးမိုင်မှာ တစ်ရက်နား၊ ဘူးသီးတောင်မှာ နှစ်ညအိပ်ပြီးမှ ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ရွာကိုစွန့်ပြီး လာချင်နေကြတဲ့သူတွေ အများကြီးရှိနေပါတယ်။ ထပ်ပြီးလည်း လာနေကြပါတယ်။ အရင်တစ်ကြိမ် အကြမ်းဖက်မှုတွေမှာ ထွက်မပြေးခဲ့ပေမယ့် ဒီတစ်ခါတော့ ကိုယ့်ရပ်ရွာကို စွန့်ပြီးထွက်လာခဲ့ရပါတယ်။ ကျွန်တော်တို့ကတော့ ဖြစ်နိုင်ရင် အမြန်ဆုံးကိုယ့်ဒေသကို ပြန်ချင်တဲ့အတွက် လုံခြုံမှုအပြည့်အဝနဲ့ အေးအေးချမ်းချမ်းပြန်ဖြစ်အောင် လုပ်ပေးကြဖို့တောင်းဆိုပါတယ်။

**မောင်သာအောင် (ဒဏ်ရာရသူဒေသခံ)**
**သာယာကုန်းကျေးရွာ မောင်တောမြို့နယ်**

ကျွန်တော်တို့ရွာကို အစွန်းရောက်အကြမ်းဖက်သမားတွေက အလုံးအရင်းနဲ့ အုပ်စုလိုက် တက်လာကြလို့ ကာကွယ်နေရင်း သူတို့ပစ်လိုက်တဲ့မြားက ကျွန်တော်ခြေထောက်ကို ထိမှန်ဖောက်ထွက်သွားတယ်။ အဲဒီချိန်မှာ ကျေးရွာကလူတွေက အုပ်စုလိုက်ဝိုင်းပြီးလိုက်တော့ အကြမ်းဖက်သမားတွေလည်း ထွက်ပြေးသွားကြတယ်။ အကြမ်းဖက်သမားဦးရေက ရာနဲ့ချီပြီး ရှိမယ်လို့ထင်ပါတယ်။ သူတို့မှာ ကလေးငယ်တွေလည်းပါလာတဲ့အတွက် အနီးအနားရွာတွေကသူတွေ ဖြစ်နိုင်ပါတယ်။ မတရားအနိုင်ကျင့်ခံရတာကို ကျွန်တော်မကျေနပ်ဘူး။ ဒေသကိုစွန့်ပြီးလည်း မလာချင်ပါဘူး။ အခုဒီကိုလာတဲ့ လမ်းတစ်လျှောက်မှာလည်း ကားမရ၊ သင်္ဘောလည်းမရှိလို့ လာချင်ပေမယ့် မလာနိုင်တဲ့သူတွေ အများကြီးရှိနေတာကို တွေ့ခဲ့ရတယ်။

**ဦးအောင်ဌေး(စစ်တွေ ဒေသခံ)**
**အနောက်တံခါးဒေသကူညီစောင့်ရှောက်မှုအဖွဲ့**

စစ်တွေကို ရောက်လာကြတဲ့ မောင်တောက နေရပ်စွန့်ခွာထွက်ပြေးလာသူတွေကို ဩဂုတ် ၂၈ ရက်လောက်ကနေ ကျွန်တော်တို့ ကိုယ်ချင်းစာနာစိတ်နဲ့ စတင်လက်ခံစောင့်ရှောက်ပေးတာပါ။ ဖြစ်စဉ်ဖြစ်ပွားချိန်မှာ မောင်တော-ဘူးသီးတောင်လမ်းကို ခေတ္တပိတ်ထားလိုက်တော့ သူတို့မလာရဘဲ အဲဒီမှာတင် သောင်တင်နေကြတယ်။ မနေ့ကမှ မောင်တော-ဘူးသီးတောင်လမ်းကို စတင်ဖွင့်လိုက်တဲ့အချိန်မှာ အခုလို စုပြုံပြီးရောက်ရှိလာကြတာ ဖြစ်ပါတယ်။ တချို့လည်း ဒီဘက်နယ်တွေကသွားပြီး မောင်တောဒေသခံမဟုတ်ဘဲ ပိတ်မိနေကြတဲ့ အစိုးရဝန်ထမ်းတွေ၊ ဆွေမျိုးတွေဆီသွားလည်တဲ့သူတွေ ရှိတယ်။ သူတို့ကတော့ ဒီကိုပြန်လာပြီး ဆွေမျိုးအသိုင်းအဝိုင်းတွေဆီကို ပြန်သွားကြတယ်။

အခု ရောက်ရှိနေတဲ့ သူတွေကတော့ အဲဒီဘက်ကဒေသခံတိုင်းရင်းသားတွေဖြစ်ပါတယ်။ သူတို့နေရာမှာမနေရဲကြတော့တဲ့အတွက် စစ်တွေကို ခေတ္တရှောင်လာတဲ့သဘောဖြစ်ပါတယ်။ အရင်တစ်ခါလည်း ဒီလိုမျိုးတွေကြုံပြီးပြီ။ ကျွန်တော်တို့ဒေသခံတွေအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှု ဖြစ်ပွားပြီးနောက်ပိုင်းမှာကတည်းက တော်တော်လေးကို အထိတ်တလန့်ဖြစ်ခဲ့ပြီးပြီ။ အခုတစ်ခါမှာ အရင်ကထွက်ပြေးလာတဲ့သူတွေတောင်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေအနေနဲ့ တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်ဖြစ်နေလို့ သူတို့ရဲ့စိတ်တွေကလည်း ဟိုမှာထားခဲ့ရတဲ့ ကျွဲ၊ နွားတွေ၊ သိုလှောင်ထားတဲ့ စပါးတွေရှိတဲ့အတွက်လည်း သူတို့မှာ စိတ်သောကတွေ တော်တော်ခံစားနေရတယ်။ ပြီးတော့ ကလေးတွေလည်း ကျောင်းတွေပိတ်ထားတော့ စာမသင်ရဘူး။

အချို့ထွက်ပြေးတိမ်းရှောင်လာရင်း ဒီမှာပဲ မီးဖွားသွားကြတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေလည်း ရှိခဲ့တယ်။ အဲဒီလိုမျိုးတွေမြင်ရတော့ ကျွန်တော်တို့လည်း စိတ်မကောင်းဘူး။ ဒါကြောင့် သူတို့ရောက်လာတဲ့အချိန်မှာ သူတို့ရဲ့စိတ်သဘောကို မြှင့်တင်ပေးတဲ့သဘောနဲ့ စားရေးသောက်ရေးကအစ ကျွေးမွေးစောင့်ရှောက်ပေးထားပါတယ်။ အခုကျွန်တော်တို့ စစ်တွေမှာဆို ဓမ္မရာမဘုန်းတော်ကြီးကျောင်းရယ်၊ နောက်ထပ် ကောဝိဒဘုန်းတော်ကြီးကျောင်းမှာရယ် ကျွန်တော်တို့စောင့်ရှောက်ပေးထားပါတယ်။

နောက်ထပ်လည်း နေရပ်စွန့်ခွာလာသူတွေ ဆက်တိုက်ဝင်လာဦးမယ်လို့ သတင်းရတယ်။ ဒီနေရာလောက်နဲ့မလုံလောက်ဘူး။ နေစရာအပြင် သူတို့ရဲ့စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စတွေ ဘယ်လိုစီစဉ်ပေးရမလဲဆိုတာတွေကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူတွေဆီ တင်ပြတောင်းဆိုသွားမယ်။ ဒီမှာရှိတဲ့ လူမှုရေးအဖွဲ့တွေနဲ့လည်း လှမ်းချိတ်ဆက်ထားတယ်။ သူတို့ကို ဘုန်းတော်ကြီးကျောင်းမှာမဟုတ်ဘဲ IDP စခန်းတစ်ခုအနေနဲ့ ဘယ်လိုဆောင်ရွက်ပေးသွားမလဲဆိုတာတွေလည်း တင်ပြသွားမယ်။

ကျွန်တော်တို့ ဒေသခံတွေက အဲဒီလိုမျိုးတွေ အမျိုးမျိုးကြုံတွေ့လာတဲ့အတွက်ကြောင့် အစိုးရပိုင်းရော၊ တပ်မတော်ပိုင်းရော၊ လုံခြုံရေးပိုင်းရော အကုန်လုံး တာဝန်ရှိသူတွေကို ဒီပြဿနာတွေ အမြန်ဆုံးပြေလည်အောင်၊ နောက်နောင် အခုလို့မလုပ်ရဲအောင် ဆောင်ရွက်ပေးဖို့ တိုက်တွန်းချင်ပါတယ်။

စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးဘုန်းကြီးကျောင်း နှစ်ကျောင်းသို့ မောင်တောဒေသမှ နေရပ်စွန့်ခွာထွက်ပြေးလာကြသည့် ဒေသခံတိုင်းရင်းသား ဦးရေမှာ ဩဂုတ် ၂၉ ရက်အထိ ၃၀၀ ခန့်ရှိပြီး ကလေး ၂၀ ခန့်ကြောင်း သိရသည်။ **တွေ့ဆုံမေးမြန်း-မင်းထက်အောင်၊ တင်မောင်လွင်၊ ဓာတ်ပုံ-ဝင်းမင်းစိုး(ပြန်/ဆက်)**



မောင်တောမြို့နယ်တွင် အကြမ်းဖက်မှုများကြောင့် တိမ်းရှောင်လာသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများအတွက် ဩဂုတ် ၂၉ ရက်က တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာသော တပ်မတော်မှ စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့စဉ်။

**(ပြန်/ဆက်)**

■ **မြန်မာယူ-၂၂ အသင်းမှ**

မောင်မောင်လွင်၏ကန်ချက် ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးရရန် တိုက်စစ်အား မြှင့်လာခဲ့ပြီး မြန်မာအသင်းမှာ ခံစစ်ဗျူဟာအပြောင်းအလဲမလုပ်နိုင်ခဲ့သလို အနိုင်ရလဒ်ကိုလည်း မထိန်းထားနိုင်ခဲ့သောကြောင့် ဂိုးများဆက်တိုက်ပေးခဲ့ရသည်။ ၅၄ မိနစ်တွင် အင်ဒိုနီးရှားအသင်း ချေပဂိုးပြန်ရခဲ့ပြီး အီမန်၏ကန်သွင်းမှု မြန်မာနောက်ခံလူနှင့်ထိပြီး ဂိုးဝင်သွားခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် အင်ဒိုနီးရှားအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဒေးဗစ်ကအဝေးမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ၎င်းတို့အားသန်သည့် တောင်ပံနှစ်ဖက်ကို အားပြုကစားခဲ့ပြီး မြန်မာနောက်ခံလူများ မထိန်းနိုင်ဖြစ်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းအတွက် တတိယဂိုးကို ၇၈ မိနစ်တွင် ဟီဆူနာက သွင်းယူခဲ့သည်။ **(ရှိုင်းထက်ဇော်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၈ စီး၊ သွင်းကုန် ၃၈၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် အစီး ၁၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ ဒသမ ၀၂၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၇၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၃၉၂ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၈ ရက်တွင် လားရှိုးရေပူစခန်းအကြား မိုင်တိုင်အမှတ် (၁၉၇/၅) စံလောင်းကျေးရွာအနီး၌ Toyota Vigo (Extra Cab) ရွှေရောင်ယာဉ်တစ်စီး မသင်္ကာဖွယ်ရာ ရပ်တန့်ထားသည်ကို တွေ့ရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်၏ ရှေ့ထိုင်ခုံ ခြေနင်းအောက်ဘက်နှင့် ယာဉ်၏အနောက်ဘက်တို့၌ အံဝှက်များပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး ၂၀၀ (၆၈၈ ကီလို)၊ ကျောက်ဖြတ်စ အဝိုင်းပြား ၁၅၃ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၅၅၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ ကျောက်ဖြတ်စနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

# အမြန်လမ်းတွင် မီနီဘတ်စ်ယာဉ် တံတားအားဝင်တိုက်၊ နှစ်ဦးထိခိုက်ဒဏ်ရာရ

**တံတားဦး ဩဂုတ် ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တံတားဦးမြို့နယ် စကားအင်းအမြန်လမ်းမကြီးရဲစခန်းအပိုင်တွင် ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခန့်က မီနီဘတ်စ်ယာဉ်တစ်စီး အရှိန်လွန်ကာ တံတားအားဝင်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး မိုင်တိုင် (၃၅၅/၂) နှင့် (၃၅၅/၃)အကြားတွင် မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဖြိုးစည်သူ (၃၂) နှစ် ရွှေကြာအင်းရပ်ကွက် တောင်တွင်းကြီးမြို့နယ်နေသူ မောင်းနှင်လာသော CARA VAN MINI BUS 5K/------ ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ တံတားလက်ရန်းတိုင်အား တိုက်မိခဲ့ရာ ယာဉ်ပေါ်ပါရှိသူ အမျိုးသား အမျိုးသမီး ငါးဦးအနက်မှ အမျိုးသားနှစ်ဦးတို့မှာ ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိကာ တံတားဦးဆေးရုံ၌ ဆေးကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်မှာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား စကားအင်းအမြန်လမ်းမကြီးရဲစခန်းမှ ယာဉ်(ပ)၂၄/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ဖြင့် အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# မူဆယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ သိမ်းဆည်းရရှိ

**မူဆယ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် ဩဂုတ် ၂၈ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးပပျောက်ရေး ရှမ်းရိုးမစစ်ဆင်ရေးစီမံချက်အရ မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်က တရုတ်နိုင်ငံသားတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တုံခန်ကျေးရွာဘက်မှ မူဆယ်ဘက်သို့ ထန်စူးမင့် (၂၈) နှစ် လုံနင်မြို့ တယ်ဟုန်ခရိုင် တရုတ်နိုင်ငံနေသူ မောင်းနှင်လာသည့် နံပါတ်မပါ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေစဉ် ဆိုင်ကယ်တူးဘောက်အတွင်းမှ ၈၈/၁ စာတန်းတစ်ဖက်စီပါ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော ပန်းရောင်ဆေးပြား တစ်ထုပ်လျှင် ၁၉၈ ပြားစီပါ ၁၀ ထုပ်စီး ၁၀ ထုပ် (စုစုပေါင်း တန်ဖိုးငွေကျပ် ၃၉၆၀၀၀၀)အား ရှာဖွေတွေ့ရှိခဲ့ကာ ရှာဖွေပုံစံဖြင့် ရေးသွင်းဖမ်းဆီးပြီး ဆက်လက်စစ်ဆေးရာ ယင်းပစ္စည်းများမှာ ထန်စူးမင့်က သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မူးယစ်ဆေးဝါးများအား တရားမဝင် လက်ဝယ်ထားရှိသူ ထန်စူးမင့်အား မူဆယ်မြို့မရဲစခန်းမှ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ပြည့်စုံ(မူဆယ်)**

# သာစည်မြို့နယ်တွင် စိတ်ကြွမူးယစ်ဆေးပြား တစ်သိန်းနှင့် ICE ပုံဆောင်ခဲများ သိမ်းဆည်းရမိ

**သာစည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေးတောင်ပိုင်းမှ ရဲအုပ်တင်ထွန်းလင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးပြား တစ်သိန်းနှင့် ICE ပုံဆောင်ခဲများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် နံနက် ၁ နာရီခွဲခန့်က သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်အနီး၌ တောင်ကြီး-မိတ္ထီလာသွားကားလမ်းပေါ်တွင် ယာဉ်များအား ရပ်တန့်စေပြီး စစ်ဆေးရှာဖွေနေစဉ် တောင်ကြီးဘက်မှ မိတ္ထီလာဘက်သို့ မောင်းနှင်လာသော အောင်ရတနာ ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်၏ နောက်ခန်းတွင် ခရီးသည်အဖြစ် လိုက်ပါစီးနင်းလာသူ မနန်းမိုးဇာ (ခ)မိုဇာ (၄၂) နှစ် စဝ်စံထွန်းရပ်ကွက် တောင်ကြီးမြို့နေသူ၏ လက်ဆွဲအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်း (ကာလတန်ဖိုး ငွေကျပ် သိန်း ၃၀၀၀ ခန့်)၊ ICE အကြည်ရောင်ပုံဆောင်ခဲ သုည ဒသမ ၈၉၈ ကီလိုဂရမ်ခန့် (ကာလတန်ဖိုး ငွေကျပ် ၁၇၉၆၀၀၀၀ ခန့်) နှင့် ငွေစက္ကူများ၊ လက်ကိုင်ဖုန်း၊ နိုင်ငံကူး(ယာယီ)နယ်စပ်ဖြတ်သန်းလက်မှတ် တစ်စောင်တို့အား ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းမူးယစ်ဆေးဝါးများကို နမ့်စန်မြို့နယ် ဟိုယမ်းကျေးရွာနေ မအေး(ခ)ဘုတ်အီးမ(ခ)ဖက်တီးမထံမှ ငွေကျပ် ၁၂ သိန်းဖြင့် သယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# မိုးသည်းထန်စွာရွာသွန်း၍ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးထားသော သီးနှံဧက ၁၉၀၀၀ ကျော် ပျက်စီး

**မုံရွာ ဩဂုတ် ၂၉**

မိုးသည်းထန်စွာ ရွာသွန်း၍ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၂၅ မြို့နယ်တွင် စိုက်ပျိုးထားသော စပါး၊ နှမ်းနှင့် ပဲသီးနှံ ၁၉၃၆၂ ဧက ပျက်စီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။


"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၂၅ မြို့နယ်မှာ စိုက်ပျိုးထားတဲ့ သီးနှံစုစုပေါင်း ၁၉၃၆၂ ဧကမှာ မိုးသည်းပြီး မြစ်ရေတက်တဲ့အတွက် ပျက်စီးခဲ့ပါတယ်။ ပျက်စီးတဲ့ ဧက ၁၉၀၀၀ ကျော်မှာ ဩဂုတ် ၂၄ ရက်ထိ မိုးစပါးဧက ၇၀ အစားထိုး စိုက်ပျိုးပြီးဖြစ်ပါတယ်။ ထိခိုက်ပျက်စီးတဲ့ စာရင်းကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နဲ့ ညှိနှိုင်းရယူထားတာဖြစ်ပါတယ်"ဟု ဦးခင်မောင်ညွန့်က ပြောပြသည်။

၂၅ မြို့နယ်တွင် စိုက်ပျိုးထားသော နွေစပါး ၁၇၄၉ ဧက၊ မိုးစပါး ၂၂၀၃ ဧက၊ နွေနှမ်း ၁၀၈၀၁ ဧက၊ မိုးနှမ်း ၁၃၁၁ ဧက၊ မိုးကြိုပဲတီစိမ်း ၁၅၄၉ ဧက၊ မိုးပဲတီစိမ်း ၂၂၁ ဧက၊ မြေပဲ ၉၇ ဧက၊ နေကြာ ၂၃ ဧက၊ မတ်ပဲ ၁၀၈၉ ဧက၊ ပဲစင်းငုံ ၈၉ ဧက၊ အစေ့ထုတ်ပြောင်း ခုနစ်ဧက၊ အခြားရာသီသီးနှံ ၂၁၄ ဧကနှင့် အခြားနှစ်ရှည်သီးနှံ ခုနစ်ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မော်လိုက်ခရိုင်အတွင်း မိုးစပါး ၈၄ ဧကနှင့် ပျိုးခင်း ၄၆ ဧက ပျက်စီးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စုဆောင်းထားသော စပါးမျိုးများမှ ရွှေမနောစပါးမျိုး ၄ ဒသမ ၅ တင်းနှင့် ရက် ၉၀ စပါးမျိုး ၂၄၉ ဒသမ သုည တင်းကို မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးပို့ခဲ့ရာ သက်ဆိုင်ရာမြို့နယ်များအနေဖြင့် ထိခိုက်ပျက်စီးခဲ့သော တောင်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန် ကိုခေါ်ယူရန် ချယ်လ်ဆီးအသင်း သဘောတူညီချက်ရရှိ



ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် အာဆင်နယ်ကွင်းလယ်လူ ချိန်ဘာလိန်ကို ပေါင် ၃၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီချက် ရရှိခဲ့ပြီ ဖြစ်သည်။ ချိန်ဘာလိန်မှာ လာမယ့်နှစ်နွေရာသီတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အာဆင်နယ်၏ သက်တမ်း တိုးစာချုပ်ကမ်းလှမ်းမှုကို ငြင်းဆန်ထားပြီးကတည်းက ချယ်လ်ဆီးသို့ ချိန်ဘာလိန်သွားတော့မည်ဟူသော သတင်းများ အားကောင်းလာခဲ့သည်။

ချယ်လ်ဆီးဘက်က ချိန်ဘာလိန်နှင့်ကိစ္စရပ်ကို မှတ်ချက်ပြုပြောကြား ခြင်းမရှိသော်လည်း သဘောတူညီချက်ရရှိခဲ့ပြီးပြီဟု ဘီဘီစီသတင်း ဌာနက ဖော်ပြခဲ့သည်။ ချိန်ဘာလိန်မှာ ယခုနှစ် အာဆင်နယ်အသင်းအတွက် ပွဲစဉ်တိုင်း ဝင်ရောက်ကစားထားသူဖြစ်ပြီး လီဗာပူးကို လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်ကိုပင် ဝင်ရောက်ကစားပေးခဲ့သည်။

ချယ်လ်ဆီးသည် ယခုနှစ်နွေဈေးကွက်အတွင်း မိုရာတာ၊ ကာဘယ် လီယို၊ ရူဒီဂါနှင့် ဘာကာယိုကိုတို့ကို ခေါ်ယူခဲ့ပြီးဖြစ်ရာ ချိန်ဘာလိန်မှာ ယခုနှစ် နွေဈေးကွက် ချယ်လ်ဆီး၏ ပဉ္စမမြောက်ခေါ်ယူသည့် ကစား သမားဖြစ်လာမည်ဖြစ်သည်။ ချယ်လ်ဆီးနည်းပြ ကွန်တီက ဈေးကွက် ပိတ်သိမ်းမည့် ဩဂုတ် ၃၁ ရက်မတိုင်ခင် ကစားသမားအင်အား ထပ်မံ ဖြည့်တင်းရေး ဆောင်ရွက်ဦးမည်ဖြစ်ကြောင်း အစောပိုင်းက အတည်ပြု ထားခဲ့ပြီးဖြစ်သည်။

ချိန်ဘာလိန်မှာ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ဆောက်သမ်တန်မှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ၁၉၈ ပွဲ ဝင်ရောက် ကစားပေးထားသူဖြစ်သည်။ အာဆင်နယ်၏ အဓိကကစားသမားများ ဖြစ်သည့် အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့မှာလည်း လာမယ့်နှစ် နွေဈေးကွက် တွင် စာချုပ်သက်တမ်းကုန်ဆုံးကြမည် ဖြစ်သည်။

မေလဲ့သင်း - စုစည်းသည်

# ဝင်းဂါး ထွက်ခွာသင့်ပြီဟု အီယန်ရိုက် ယူဆ

အာဆင်နယ်အသင်းအနေဖြင့် ပရီမီယာလိဂ်ရာသီအစ သုံးပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယားထိပ်မရောက်ရှိဘဲ ဝေဖန်မှုဇယားထိပ် ရောက်ရှိနေခြင်းကြောင့် နည်းပြဝင်းဂါး ထွက်ခွာရန်အချိန်တန်နေပြီဟု အာဆင်နယ်ကစားသမား ဟောင်း အီယန်ရိုက်က မှတ်ချက်ပြုလိုက်ပြီဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ်အတွင်း ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် တိုက်စစ်မှူး



လာကာဇက်ကို အားဖြည့်ခဲ့သော်လည်း အခြားပရီမီယာလိဂ်အသင်းများနှင့် ယှဉ်လျှင် လူအင်အားဖြည့်တင်းမှု အားနည်းဆဲဟု ဆိုနိုင်သည်။ ယခုလည်း ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲကစားပြီးချိန်တွင် နှစ်ပွဲအထိ အရေးနိမ့်ကာ ရမှတ် သုံးမှတ်သာ ရရှိထားပြီး အမှတ်ပေးဇယားအောက်နားထိ ထိုးကျနေခဲ့သဖြင့် အီယန်ရိုက်က အထက်ပါအတိုင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။

အီယန်ရိုက်က အာဆင်နယ်အသင်း၏ ယခုနှစ်ရလဒ်များကို အိပ်မက်ဆိုး ဟုပင် အမည်တပ်ခဲ့ပြီး အာဆင်နယ်ကစားသမားများကို စိတ်အားတက်ကြွ လာအောင် မစွမ်းဆောင်ပေးနိုင်သည့် ဝင်းဂါး အာဆင်နယ်မှ ထွက်ခွာ သင့်ပြီဟု ထင်မြင်ကြောင်း ဆိုခဲ့သည်။ အီယန်ရိုက်သည် အာဆင်နယ်အတွက် ၁၂၈ ဂိုးသွင်းယူပေးထားသူဖြစ်ပြီး အာဆင်နယ်နှင့်အတူ ၁၉၉၇-၁၉၉၈ ဘောလုံးရာသီက ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို တစ်ပြိုင်နက်တည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဝင်းဂါးသည် ပြီးခဲ့သည့်မေလအတွင်း ချယ်လ်ဆီးကို အနိုင်ရရှိခဲ့သော အက်ဖ်အေဖလားဗိုလ်လုပွဲအပြီးတွင် ကလပ်အသင်းနှင့် နှစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်ခဲ့သည်။ ထို့ပြင် အီယန်ရိုက်က ချိန်ဘာလိန်လိုအသင်း၏ အဓိက ကစားသမားကို ပရီမီယာလိဂ်အဓိကပြိုင်ဘက်အသင်းဖြစ်သည့် ချယ်လ်ဆီးကို ပြောင်းရွှေ့ခွင့်ပြုခဲ့သည့် ဆုံးဖြတ်ချက်အပေါ်လည်း မယုံနိုင်လောက်အောင် ဖြစ်မိသည်ဟု ဝေဖန်ခဲ့သည်။

# ကော်တင်ဟို၏ နောက်ကျောဒဏ်ရာမှာ စိတ်ဖိစီးမှုကြောင့်ဖြစ်



ဘရာဇီးကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ဟို၏ နောက်ကျောဒဏ်ရာမှာ စိတ်ဖိစီးမှုကြောင့်ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း ဒေါက်တာမိုက်ကယ်ဆီမွန်၏ ပြောကြားချက်အရ သိရသည်။ ဘရာဇီးအသင်းဆေးဝန်ထမ်းများက ကော်တင်ဟို ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်ကြောင်း ခွင့်ပြုချက်ပေးခဲ့ပြီဖြစ်သဖြင့် နိုင်ငံ့လက်ရွေးစင် ဘရာဇီးအသင်းအတွက် ကော်တင်ဟို ဝင်ရောက်ကစားနိုင်မည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ် ကော်တင်ဟိုသည် အီကွေဒေါအသင်းနှင့်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်ပါဝင် ရန် ဘရာဇီးအသင်းဖော်များနှင့်အတူ လေ့ကျင့်ရေးဆင်းခဲ့သည်။ ကော်တင်ဟိုမှာ ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားခဲ့ပြီးနောက် ဩဂုတ် ၁ ရက်ကတည်းက နောက်ကျောနာကျင်နေသည်ဟူသော အကြောင်းပြ ချက်ဖြင့် လီဗာပူးအသင်းတွင် လေ့ကျင့်ရေးဆင်းခဲ့ခြင်းမရှိခဲ့သည်မှာ ယနေ့အထိပင်ဖြစ် သည်။ ဘာစီလိုနာအသင်းက ကော်တင်ဟိုကို ခေါ်ယူရန် တောက်လျှောက်ကြိုးပမ်းမှုကြောင့် လီဗာပူးအသင်းအတွက် ခေါင်းခဲစရာဖြစ်နေပြီး ဒေါက်တာ ဆီမွန်နီက ကော်တင်ဟို အတွက် စိတ်အားတက်ကြွစေမယ့် ဆွေးနွေးမှုမျိုး လိုအပ်နေသည်ဟု အကြံပြုခဲ့သည်။

ဆီမွန်နီက "ကော်တင်ဟိုရဲ့ နောက်ကျောဒဏ်ရာလား။ သူအခု အဆင်ပြေနေပါတယ်။ သူ့ဒဏ်ရာက စိတ်ဖိစီးမှု များတာကြောင့် ဖြစ်တာပါ။ ဒါမျိုးက စိတ်ခံစားမှုပြင်းထန်လာတဲ့အချိန်မှာ ဖြစ်တတ်ပါတယ်။ သူ့ရဲ့ အနာဂတ်ကိစ္စရပ် တွေက ဒီလိုစိတ်ဖိစီးမှုဖြစ်စေသလားဆိုတာတော့ မသေချာပါဘူး"ဟု ရှင်းလင်းပြောကြားခဲ့သည်။ ဘရာဇီးအသင်း ဆေးမှူး ရိုဒရီဂိုလက်စ်မာက ဆေးပညာရှုထောင့်မှ ကြည့်မည်ဆိုပါက ကော်တင်ဟိုမှာ ကစားရန် ပြီးပြည့်စုံ သည့်အနေအထားဟု ပြောနိုင်ကြောင်း ထောက်ခံချက်ပေးထားပြီးဖြစ်သည်။



## မိုနာကို ကျောနံပါတ်(၁၀)ဂျာစီကို ဂျိုဗီတစ်ဝတ်ဆင်ခဲ့တဲ့ဓာတ်ပုံ ပေါ်ထွက်လာ

မိုနာကိုအသင်း ဂျာစီ(၁၀)ကို ဂျိုဗီတစ် ဝတ်ဆင်ထားတဲ့ဓာတ်ပုံဟာ တွစ်တာ စာမျက်နှာပေါ်တွင် ပေါ်ထွက်လာခဲ့ပြီးနောက် မက်ပီရဲ့ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့မှုရုပ်လုံးပေါ်လာခဲ့ပြီဖြစ်တယ်လို့ The Sun သတင်းဌာနက ဖော်ပြ ပါတယ်။ မက်ပီဟာ ဘာနာဒိုဆေးလ်ဗား မန်စီးတီးကို ပြောင်းရွှေ့သွားပြီးနောက် မိုနာကိုအသင်းကျောနံပါတ်(၁၀)ကို ပြောင်းလဲဝတ်ဆင်ခွင့် ရထားတာကြောင့် ဂျိုဗီတစ်တစ်ယောက် အခုလို မိုနာကိုအသင်းကျောနံပါတ်(၁၀) ဝတ်ဆင်ထားတဲ့ ဓာတ်ပုံဟာ မက်ပီရဲ့ ပီအက်စ်ဂျီအပြောင်းအရွှေ့ဖြစ်ခဲ့ပြီဆိုတာကို မီးစိမ်းပြ လိုက်နိုင်တာလို့ တစ်ပတ်လှည့်စဉ်းစားနိုင်ပါတယ်။ ဩဂုတ် ၂၈ ရက်က မက်ပီ ကို ပီအက်စ်ဂျီအသင်းက ဒီနှစ်အတွက် အငှားနဲ့ခေါ်ယူပြီး နောက်နှစ်နွေ ဈေးကွက်ရောက်မှသာ ပေါင် ၁၆၆ သန်းနဲ့ အပြီးသတ်စာချုပ်ချုပ်ဆိုဖို့ သဘော တူညီချက်ရခဲ့ပြီလို့ The Sun သတင်းဌာနကပဲ ဖော်ပြပါတယ်။ ဂျိုဗီတစ်ဟာ ဖီအိုရင်တီးနားအသင်းမှာ ကစားစဉ်က အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပေမယ့် မန်စီးတီးအသင်းကို ပြောင်းရွှေ့သွားခဲ့ပြီးနောက်မှာ ပုံစံကောင်း ပျောက်သွား သူဖြစ်ပါတယ်။ အဲဒီနောက် စီးရီးအေကလပ် အင်တာမီလန်ကို ပြန်ရောက်လာ ပေမယ့် ခြေစွမ်းပျောက်နေခဲ့လို့ ဆီဗီလာအသင်းဆီ အငှားချခံခဲ့ရပါတယ်။



## ဘာစီလိုနာအသင်း ပရိသတ်မိတ်ဆက်ပွဲမှာ ထင်သလိုစွမ်းဆောင်မပြနိုင်ခဲ့တဲ့ ဒမ်ဘီလီ

ဘာစီလိုနာအသင်းက လူငယ်တိုက်စစ်မှူးလေး ဒမ်ဘီလီကို ပေါင် ၁၃၅ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့ပြီးနောက် ပရိသတ်တွေနဲ့ မိတ်ဆက်ပွဲပြုလုပ်ခဲ့ရာမှာ ပရိသတ် ၁၈၀၀၀ ထိ တက်ရောက်ခဲ့ကြပါတယ်။ ဒမ်ဘီလီက ဘာစီလိုနာမှာ နေမာဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် (၁၁)ကို ဝတ်ဆင်ခွင့်ရခဲ့ပြီး ဒီမိတ်ဆက်ပွဲကို မီဒီယာသမားတွေ အတော်များများလည်း တက်ရောက်သတင်းရယူခဲ့ကြပါတယ်။ ကစားသမားတစ်ဦး ပရိသတ်တွေနဲ့မိတ်ဆက်ရင် ဘောလုံးစွမ်းရည်ပြသမှုကိုပါ တစ်ပြိုင်နက်တည်းပြသခဲ့တဲ့ အစဉ်အလာအတိုင်း ဒမ်ဘီလီကလည်း သူ့ရဲ့ ဘောလုံးစွမ်းရည်ကို ပရိသတ် ၂၀၀၀၀ နီးပါးရှေ့မှာ ပြသခွင့်ရခဲ့ပေမယ့် ဘောလုံးကို တို့ထိမှုမှာ စွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးပုံစံရှိမနေခဲ့တာကို တွေ့ရပါတယ်။ ဘောလုံးကို ခြေနှစ်ဖက်စလုံးနဲ့ ထိန်းချုပ်တဲ့နေရာမှာ လိုအပ်မှု တွေရှိခဲ့တာကြောင့် ပေါင် ၁၃၅ သန်းတန် ကစားသမားတစ်ယောက်ရဲ့ စွမ်းဆောင်ရည်မျိုးတော့ မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် နေမာရဲ့ အပြောင်းအရွှေ့ ဖြစ်ခဲ့ပြီးနောက် ဘောလုံးဈေးကွက်အတွင်း ငွေကြေးဖောင်းပွမှု ဖြစ်လာခဲ့တာ ကြောင့် ဒမ်ဘီလီအတွက် ပေါင် သန်း ၁၅၀ နီးပါးအထိ သုံးစွဲခဲ့ရတယ်ဆိုတာကို ဘာကာဥက္ကဋ္ဌ ဘာတိုမူက ဝန်ခံခဲ့ပါတယ်။ ဒမ်ဘီလီက သူဟာငယ်စဉ်ကတည်းက ဘာစီလိုနာအသင်းပွဲတွေကို ကြည့်ရှုရင်း ကြီးပြင်းလာခဲ့သူဖြစ်တာကြောင့် အခုလိုအသင်းရဲ့ အစိတ်အပိုင်းအဖြစ် ပါဝင်ခွင့်ရခြင်းအတွက် ဂုဏ်ယူကြောင်း ဆိုပါတယ်။

## နောက်ဆုံးရ အားကစားသတင်းများ

❂ မန်စီးတီးအသင်းသည် အာဆင်နယ်မှ အကြိမ်ကြိမ်ပယ်ချနေသည့် အလက်ဆစ်ဆန်းချက်ဇ်အတွက် ကမ်းလှမ်းမှုကို နောက်ဆုံးတစ်ကြိမ် ဆက်လက် အားထုတ်လုပ်ဆောင်ရန် ကြိုးပမ်းနေပြီး ဈေးကွက်မပိတ်သိမ်းမီ ဆန်းချက်ဇ်ကို ခေါ်ယူနိုင်မည်ဟု မန်စီးတီးဘက်မှ ယုံကြည်နေကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။

❂ ခရစ္စတယ်ပဲလေ့စ်အသင်းသာ ဖရန့်ဒီဘိုးဝါးကို နည်းပြအဖြစ်မှ ထုတ်ပယ်မည်ဆိုပါက နည်းပြဟောင်း အလာဒ္ဒိုက်စ်က ပဲလေ့စ်အသင်းကို တစ်ကျော့ပြန်တာဝန်ယူကိုင်တွယ်ဦးမည်ဖြစ်ကြောင်း အင်ဒီပန်းဒင့် သတင်း ဌာနက ဖော်ပြသည်။ ဖရန့်ဒီဘိုးဝါး၏ ပရီမီယာလိဂ်နည်းပြဘဝအစမှာ ခက်ခဲ နေပြီး ပွဲစဉ်တိုင်းရှုံးပွဲတွေ့ထားရာ ဒီဘိုးဝါးနှင့် ပဲလေ့စ်ဥက္ကဋ္ဌ စတိဗ်ပါရစ်တို့ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အဆိုပါသတင်းများ ထွက်ခဲ့ခြင်းဖြစ်သည်။

## အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၆)နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲကျင်းပ

**ပုလဲ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၆) နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် ( ၃၂ ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပုလဲမြို့မှာ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို ၂၀၀၅ ခုနှစ်က စတင်ခဲ့ရာ ယခုဆိုလျှင် အခြေခံ အိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁) မှ သင်တန်းအမှတ်စဉ် (၃၅) အထိ သင်တန်းသူ ၁၇၇၈ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၁) မှ သင်တန်းအမှတ်စဉ် (၃၁) အထိ သင်တန်းသူ ၄၅၆ ဦးနှင့် ကြိမ်၊ ဝါး သင်တန်းသူ ၂၅ ဦး စုစုပေါင်း သင်တန်းသူ ၂၂၅၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

အောင်မြင်စွာဖြင့် သင်တန်းဆင်းသွားသူများမှ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ၆၇၇ ဦး၊ အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ကိုင်သူ ၁၂၆ ဦး၊ မုန့်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးနှင့် ကြိမ်၊ ဝါးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး ရှိနေပြီဖြစ်သောကြောင့် သင်တန်းကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ အောင်မြင်သည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ ယခု သင်တန်းသို့ တက်ရောက်ကြမည့်သင်တန်းသူများကလည်း အိမ်တွင်းမှုပညာရပ်များ၊ စက်ချုပ်ပညာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြပြီး မိသားစုများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက အခြေခံအိမ်တွင်းမှု သင်တန်းနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ် (၃၆)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၃၂) သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးဝင်းကျော်သွင်၊ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြေခံ အိမ်တွင်းမှုသင်တန်းသူ ၄၄ ဦး၊ အဆင့်မြင့်စက်ချုပ် သင်တန်းသူ ၁၆ ဦး စုစုပေါင်း သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**




## မြန်မာ့ဒီမိုကရေစီပွဲတော်အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲ မန္တလေးတွင်ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Forever Group ၏ ပံ့ပိုးမှုဖြင့် ကျင်းပသည့် မြန်မာ့ဒီမိုကရေစီပွဲတော်အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲ(မန္တလေး) ကို ဩဂုတ် ၂၈ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲစီစဉ်သူ ဦးသူရ (ခ) ဇာဂနာက ပြိုင်ပွဲများကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပရန်စီစဉ်ထားရာ မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ အငြိမ့်အဖွဲ့ ၁၃ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၎င်းအနက်မှ အငြိမ့်အဖွဲ့သုံးဖွဲ့ကို ပဏာမအဆင့် ရွေးချယ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများကို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

ရွေးချယ်ခံရသည့် အငြိမ့်အဖွဲ့တို့သည် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ၊ အကောင်းဆုံးလူရွှင်တော်၊ အကောင်းဆုံးဆိုင်း၊ အကောင်းဆုံးမင်းသမီး၊ ပရိသတ်အကြိုက်ဆုံးအဖွဲ့ဆုများ ချီးမြှင့်မည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

## မန္တလေးတက္ကသိုလ်၌ ဘူမိဗေဒ ကျောက်ဥယျာဉ် ရေတံခွန်ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာနတွင် တည်ဆောက်ပြီးစီးခဲ့သည့် ဘူမိဗေဒကျောက်ဥယျာဉ်ရှိ ရေတံခွန်ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန အကယ်ဒမီကျောင်းဆောင်ရှေ့ရှိ ကျောက်ဥယျာဉ်မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဘူမိဗေဒကျောက်ဥယျာဉ်ကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသီတာဝင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်သိန်း၊ ဘူမိဗေဒဌာနပါမောက္ခ/ဌာနမှူးဒေါက်တာ သန်းသန်းနုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ကျောက်ဥယျာဉ်နှင့်ရေတံခွန် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဘူမိဗေဒ ကျောက်ဥယျာဉ်သည် ၁၅၈၈၀ စတုရန်းပေရှိပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ကျောက်မျိုးစုံ ၁၅၀ ခန့် စုဆောင်းထားကာ အနည်ကျကျောက်၊ အသွင်ပြောင်းကျောက်၊ မီးသင့်ကျောက်ဟူ၍ ဇုန်သုံးဇုန်ခွဲခြားပြသထားကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ ဌာနမှူးများ၊ မန္တလေးတက္ကသိုလ် ဘူမိဗေဒဘာသာရပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ အစီအစဉ် ၂၀၁၆-၂၀၂၅ အား အကောင်အထည်ဖော်သည့်အနေဖြင့် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအား အစိုးရနှင့်ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍမှ ကိုယ်စားလှယ်များအားဖိတ်ကြား၍ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် နေပြည်တော်ရှိ The Hotel Royal ACE ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များပြားစွာလာရောက်လျက်ရှိပြီး ခရီးသွားများအတွက် အဓိကအကျဆုံး လိုအပ်ချက်များဖြစ်သည့် သွားလာလည်ပတ်ရာတွင် စိတ်ချမ်းသာမှု၊ လိုအပ်သောဝန်ဆောင်မှုများ လုပ်ကိုင်ပေးရန်နှင့် ကောင်းမွန်ပြီး စံချိန်စံနှုန်းနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ရေး ယခုစံနှုန်းများကို သိရှိနားလည်ထားရမှာဖြစ်ပါကြောင်း ပြောကြားသည်။



ဆွေးနွေးပွဲအား အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍမှ ရေးဆွဲအတည်ပြုပြီးဖြစ်သော စံနှုန်းရှစ်ခုအနက် (က) အာဆီယံအစိမ်းရောင် ဟိုတယ်များစံနှုန်း၊ (ခ) အာဆီယံလူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်းစံနှုန်း၊ (ဂ) အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်များစံနှုန်း၊ (ဃ) အာဆီယံရေရှည် တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းစံနှုန်း၊ (င) ASEAN MICE Venue စံနှုန်းစသည့်စံနှုန်းများနှင့် (စ) အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ အစီအစဉ် (၂၀၁၆-၂၀၂၅) တို့ကို ခရီးသွား ဆွဲဆောင်ရာဒေသများရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပြုနေသည့် စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၊ သက်ဆိုင်ရာအစိုးရဌာနများမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး စံနှုန်းများအပါအဝင် မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

၎င်းအပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၈ ကာလအတွင်း အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍက သတ်မှတ်ထားသည့် အာဆီယံအစိမ်းရောင် ဟိုတယ်ဆု၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆု၊ ASEAN MICE Venue Award နှင့် အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်များဆုများကို စံနှုန်းနှင့် ကိုက်ညီသည့် ခရီးစဉ်ဒေသများအား ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံခရီးစဉ်ဒေသများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် (Mutual recognition Arrangement- MA on Tourism Professionals) အကောင်အထည်ဖော်ရေးကို အထောက်အကူပြုစေရန် MA-TP ဆိုင်ရာအကြောင်းအရာများ၊ Visit ASEAN @50: Golden Celebrations Campaign၊ အာဆီယံ စံနှုန်းများနှင့်စပ်လျဉ်း၍ ထည့်သွင်းအသိပညာပေးခဲ့သည်။

အလားတူဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တို့တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် ပုဂံမြို့တို့တွင်လည်းကောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးပြောကြားသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ဟိုတယ်ဇုန်မှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများအပါအဝင် စုစုပေါင်း ၁၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဟိုတယ်ခရီး)**

## မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အစည်းအဝေးတက်ရန်နှင့်ဆုယူရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၉**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် ASEAN Women's Business Conference သို့တက်ရောက်ရန် AWEN Focal အဖြစ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခိုင်ဇော်၊ Speaker များဖြစ်ကြသော တွဲဖက်အတွင်းရေးမှူး ဒေါ်ချောခင်ခင်၊ အလုပ်အမှုဆောင် ဒေါ်ဝင်းအိခိုင်၊ ဥက္ကဋ္ဌဒေါ်လှဝတီ ဦးဆောင်သောအဖွဲ့ဝင်များနှင့် ASEAN Outstanding Women Entrepreneurs Awards ဆုရရှိသူ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီး ၁၀ ဦးတို့သည် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်အေး ဦးဆောင်သောအလုပ် အမှုဆောင်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(စောသိန်းဝင်း)**



# ရေလမ်းကြောင်းထိန်းသိမ်းရေးမှာ ပင်မအရေးကြီးလုပ်ငန်းဖြစ်
# မကွေးတိုင်းဒေသကြီးတွင် ကမ်းပြိုကာကွယ်ရေးကိုသာ လတ်တလောအရေးတကြီးဖြေရှင်းဆောင်ရွက်နေရ



pvifrÐU, foeyfukeau;&m urf;ydmu , f&;aqmifukm;p0f

**မကွေး ဩဂုတ် ၂၉**
မြစ်ချောင်းများနှင့်ဆက်စပ်သော ကမ်းပါးပြိုမှုဖြစ်စဉ်များမှာ ရေစီးလမ်းကြောင်းမတည်ငြိမ်မှုကြောင့်ဖြစ်ပြီး ကမ်းပါးပြိုမှုများလျော့နည်းသွားစေရန်အတွက် ရေလမ်းကြောင်းထိန်းသိမ်းရေးမှာ ပင်မအရေးကြီးလုပ်ငန်းဖြစ်ကြောင်း၊ ဒေသတွင်းလတ်တလောအခြေအနေမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပို၍ အရေးတကြီးဖြေရှင်းဆောင်ရွက်နေရကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"လက်ရှိဖြစ်ပျက်နေတာက ကမ်းပြိုတွေ။ တကယ့်တကယ် မြစ်ထဲမှာရေကြောင်းတွေမကောင်းလို့ ပြိုတာပဲ။ ဒါပေမယ့် Issueက ရေကြောင်းတွေမကောင်းတာကို သိပ်မတွေ့တော့ပဲနဲ့ ကမ်းပြိုတာပဲ ခေါင်းစဉ်ကထွက်နေတယ်။ ရေလမ်းကို ထိန်းကိုထိန်းရမယ်။ ရေလမ်းမထိန်းရင် စီးချင်တဲ့နေရာစီးနေတော့ ဟိုဘက်ကမ်းပါးသွားဖဲ့လိုက် ဒီဘက်ထိုးလိုက်ဖြစ်ကုန်တယ်။ ရေလမ်းကို စီးစေချင်တဲ့ဘက် Train ပေးဖို့လိုတယ်။ ၁၉၈၆ Master Plan မှာက ရေကြောင်းကို စီးစေချင်တဲ့ဘက် Pattern ဖော်သွားတာ။ လတ်တလောကမ်းပြိုတွေဖြစ်နေတော့ ရေလမ်းထိန်းတဲ့ Issue ကမှေးမှိန်နေတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်လွင်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)အရ ကမ်းပြိုကာကွယ်ရေးကို တိုင်းဒေသကြီးအစိုးရအားတာဝန်ပေးထားပြီး ပြည်ထောင်စုမှ ရေလမ်းကောင်းမွန်ရေးအတွက် နှစ်စဉ်ဘတ်ဂျက်ချပေးကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်အတွက် ချောက်-မကွေး ရေလမ်းပိုင်းကောင်းမွန်ရေးအတွက် ပြည်ထောင်စုငွေလုံးငွေရင်းမှ ကျပ် ၂၅၂ သန်း ချထားပေးခဲ့ချိန်၌ ဒေသတစ်ခုလုံးရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးငွေလုံးငွေရင်းမှ ကျပ် ၂၈၄၃ ဒသမ ၄၁၃ သန်း သုံးစွဲဆောင်ရွက်နေရကြောင်း ဦးဇော်လွင် က ဆိုသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းမှာ ချောက်မြို့နယ်အထက်ဘက် လမ်းရွာကနေ အောက်ဘက် ကမ္မမြို့နယ် စစ္စယံအထိမိုင် ၁၈၀ ကို ကမ်းပြိုကျေးရွာတွေအတွက် ရေကာရိုက်၊ ကမ်းထိန်းနံရံတည်ဆောက်တဲ့ လုပ်ငန်းတွေ နှစ်စဉ်လုပ်ပေးနေရတယ်" ဟု ၎င်းကပြောသည်။

မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ရေတိုက်စားမှုအကြီးမားဆုံးနေရာများမှာ ပွင့်ဖြူမြို့နယ်နှင့်စလင်းမြို့နယ်တို့ဖြစ်ပြီး ၁၉၈၆ ခုနှစ်ကဆွဲခဲ့သည့် Master Planနှင့် ယနေ့ ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုက များစွာကွာဟနေကြောင်း၊ ဧရာဝတီမြစ်မှာ အနောက်ခြမ်းဒေသများဘက် ရေစီးကြောင်းပြောင်းနေသည်မှာ ၁၀ နှစ်ခန့်ရှိပြီဖြစ်ပြီး ကမ်းပါး ပြိုကျမှုများလည်း များစွာဖြစ်ပေါ်နေကြောင်းသိရသည်။

မြစ်အရှေ့ဘက်ခြမ်း ရေနံချောင်း၊ ချောက်မြို့များမှ မကွေးမြို့အထိမြေများမှာ အောက်ခံကျောက်ဆောင်များရှိသည့် မြေမာကြောဖြစ်၍ အနောက်ဘက် စလင်းဒေသမှ စကာ ကိုင်းမြေများ၊ မြစ်ကြောင်းပေါက်ခဲ့ဖူးသည့် ကျွန်းမြေများဖြစ်ပြီး လက်ရှိမြစ်ကြောင်းက မူလနေရာဟောင်းအနောက်ဘက်ခြမ်းသို့ ပြောင်းနေသည့် သဘောဖြစ်ကြောင်း၊ မြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှာ ကမ်းပါးပြိုကျမှုအများဆုံး ကြုံတွေ့နေရပြီး ရေစကြိုနယ်မှ ကျေးရွာ ၁၅ ရွာခန့်၊ ပခုက္ကူနယ်မှ ၆ ရွာခန့်၊ စလင်းနယ်မှ ၁၆ ရွာခန့်၊ ပွင့်ဖြူနယ်မှ ၆ ရွာခန့်၊ မင်းဘူးနယ်မှ ၄ ရွာခန့်မှာ ကမ်းပြိုမှုကိုကြီးမားစွာ ကြုံတွေ့နေရကြောင်း သိရသည်။

"ကမ်းပြိုလို့ရွှေ့ရပြောင်းရရင် တခြားရွာတွေက လက်မခံချင်ကြတော့ အတော်ဒုက္ခရောက်ရပါတယ်။ မြေဈေးကလည်း မြစ်ကမ်းဘေးမှာကိုပဲ တစ်ဧကကို သိန်း ၃၀ ကနေ သိန်း ၅၀ လောက်အထိရှိနေတော့ မြေဝယ်နေဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ ကြီးမားတဲ့အခက်အခဲတစ်ခုပါပဲ" ဟု ကမ်းပြိုမှုကြုံတွေ့ခဲ့ရသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးငွေလုံးငွေရင်းမှ ကျပ် ၂၈၄၃ ဒသမ ၄၁၃ သန်းသုံးစွဲဆောင်ရွက်နေကြောင်းသိရပြီး ဂန့်ဂေါမြို့နယ် ကြိုးတံတားအထက်ဘက် မြစ်သာမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ် ၁၇၈ ဒသမ ၄၁၃ သန်း၊ ထီးလင်းမြို့နယ်ကျေးရွာများချောင်းရေ တိုက်စားမှုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ ဆောမြို့ အခြေခံပညာအထက်တန်းကျောင်း ဆောချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း၁၃၀၊ ရေစကြိုမြို့ ထင်းထမ်းရပ်ကွက်ချင်းတွင်းမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၅၃၀၊ ရေစကြိုမြို့နယ် ငမြာကြီးကျေးရွာ ဧရာဝတီမြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ကျပ်သန်း၁၅၀၊ စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာအုပ်စု ဧရာဝတီမြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ စလင်းမြို့နယ် သနပ်ကုန်းကျေးရွာအုပ်စု ဧရာဝတီမြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၇၀၊ ပွင့်ဖြူမြို့နယ် မုန်းချောင်းဝရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ ပွင့်ဖြူမြို့နယ် အတွင်းရှိကျေးရွာများ မုန်းချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ မင်းဘူး(စကု)မြို့နယ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၅၀၊ မင်းလှမြို့နယ် အမှတ်(၁) ရပ်ကွက် ဧရာဝတီမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၃၀၀၊ အောင်လံမြို့ ဈေးဆိပ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း၂၅၀၊ သရက်မြို့ စက်လှေဆိပ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း၂၅၀၊ ပေါက်မြို့နယ် ရေပြာကျေးရွာ ခွေးတဲကျောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ် ၁၃၅ သန်း၊ နတ်မောက်မြို့နယ် အင်ကန်ကျေးရွာ ကုလားမျောချောင်းရေကြီးနစ်မြုပ်မှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာ ယင်းချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၅၀၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိကျေးရွာများ ငမင်ချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ ဆင်ပေါင်ဝဲမြို့နယ် မကျီးပင်ပုကျေးရွာ လင်ပန်းချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၅၀ တို့ကို လျာထားသုံးစွဲနေကြောင်း ဦးစီးဌာနမှတ်တမ်းများအရ သိရသည်။

"ကမ်းပြိုကာကွယ်ရေးမှာ Direct Protection , Indirect Protection ဆိုပြီးရှိတယ်။ ဒီနေရာပြိုတယ်။ ဒီနေရာမှာကာတယ်။ တလင်းကြီးကုန်းတို့၊ သံကိုင်းတို့ ကမ်းပါးက ပေ ၁၀၀ ကျော်မြင့်တယ်။ ပေ၁၀၀ကျော်နေတဲ့ဟာကို တိုက်ရိုက်ကာလို့ မရဘူး။ သူ့အထက်ဘက်ကနေ ရေကာဆောက်လို့ရတဲ့ နေရာကဆောက်ပြီး ကာကွယ်ပေးရတာ။ ဒါ့အပြင် အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ရတာတွေရှိတယ်။ ရေစီးအားလျော့တဲ့နည်းလမ်းတွေ သုံးပြီးလုပ်ရတာ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လွင်ကပြောသည်။

ဌာနအနေဖြင့် ယခင်က ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းသွား ရေယာဉ်များအတွက် ရေကြောင်းပြအမှတ်အသားများ ထားရှိပေးသည့်လုပ်ငန်းများကိုသာ အဓိကလုပ်ဆောင်ခဲ့ရခြင်းဖြစ်သော်လည်း လက်ရှိတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို အရေးတကြီးဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ကလည်း ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းထက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ငွေကျပ်သန်းပေါင်းများစွာ ပိုမိုအကုန်ကျခံ၍ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

## ကျန်းမာရေးလေ့ကျင့်ခန်းစနစ်များပါဝင်သော Appleစမတ်နာရီကိုလာမည့်စက်တင်ဘာလတွင်မိတ်ဆက်မည်

Apple ၏ တတိယမျိုးဆက် စမတ်နာရီသစ်တစ်မျိုးကို လာမည့်စက်တင်ဘာ ၁၂ ရက်နောက်ပိုင်းတွင် မိတ်ဆက်ပြသသွားမည်ဖြစ်ပြီး ကျန်းမာရေးအထောက်အကူပြုလေ့ကျင့်ခန်းများစွာ ပါဝင်လာမည်ဖြစ်သည်ဟုသိရသည်။ ဒီဇိုင်းပိုင်းတွင် ယခင်ထွက်ရှိပြီး Apple စမတ်နာရီများနှင့် ထူးခြားကွဲထွက်သည့်ပုံစံမျိုးမဟုတ်ဘဲ လုပ်ဆောင်မှုပိုင်းများသာ ပိုမိုကောင်းမွန်လာနိုင်ဖွယ်ရှိသည်ဟုသိရသည်။

iPhone အသုံးပြုစရာမလိုဘဲ အဆိုပါနာရီမှပင်ဖုန်းခေါ်ခြင်းများပြုလုပ်နိုင်မည်ဖြစ်ပြီး Watch OS 4 စနစ်ပါဝင်လာမည်ဟု သိရသည်။ ကျန်းမာရေးနှင့်အားကစားဆိုင်ရာ အထောက်အကူပြုလုပ်ဆောင်ချက်များစွာ ပါဝင်လာနိုင်ပြီး စကိတ်စီးခြင်း၊ ရွက်လှေမောင်းခြင်းနှင့် ကခုန်ခြင်းအစရှိသော အားကစားနည်းအစုံကို ယခင်ထွက်ရှိပြီး စမတ်နာရီများထက် ပိုမိုပြည့်စုံအောင် ထည့်သွင်းပေးသွားမည် ဖြစ်သည်။




တန်ဖိုးသတ်မှတ်ချက်မှာ နှစ်မျိုးရှိပြီး ၃၈ မီလီမီတာအမျိုးအစားကို ယူရိုငွေ ၃၇၀ ဝန်းကျင်နှင့် ၄၈ မီလီမီတာအမျိုးအစားကို ယူရိုငွေ ၄၀၀ ဝန်းကျင်သတ်မှတ်ထားသည်ဟု သိရပြီး လာမည့် စက်တင်ဘာလတွင် ၎င်းစမတ်နာရီသာမက iPhone 8 နှင့် အခြား Apple ထုတ်ကုန်များကို မိတ်ဆက်သွားဖွယ်ရှိသည်။

ALEX

## Xiaomi က Mijia 4K Actionကင်မရာတစ်မျိုးကို တရုတ်နိုင်ငံတွင်မိတ်ဆက်



နည်းပညာမြင့်စမတ်ဖုန်းများစွာကို ထုတ်လုပ်လျက်ရှိသော တရုတ်နိုင်ငံအခြေစိုက် Xiaomi လုပ်ငန်းမှ ကင်မရာသစ်တစ်မျိုးကို ၎င်းဒေသတွင်း၌ မိတ်ဆက်ပေးခဲ့သည်။ ရုပ်သံဗီဒီယိုများရိုက်ကူးရန် အဓိကထား ထုတ်လုပ်ထားပြီး 4K ပမာဏ အရည်အသွေးရှိသည့် ရုပ်ထွက်အရည်သွေးရရှိနိုင်မည်ဖြစ်သည်။ သေးငယ်ပြီး ၉၉ ဂရမ်သာ အလေးချိန်ရှိသည့်အတွက် သယ်ဆောင်ရလွယ်ကူ ပေါ့ပါးသော ကင်မရာတစ်မျိုးဖြစ်ကာ ဩဂုတ် ၂၇ ရက်က တရုတ်နိုင်ငံတွင် မိတ်ဆက်ပေးခဲ့သည်ဟုသိရသည်။

ပြန်လည်ကြည့်ရှုနိုင်သည့်မျက်နှာပြင် ၂ ဒသမ ၄ လက်မ ပါဝင်ပြီး ၁၄၅ ဒီဂရီ ရိုက်ကူးနိုင်သော Wide Angel Lens တပ်ဆင်ပေးထားကာ Amarella A12S75 ပရိုဆက်ဆာပါဝင်သည်။ Sony ၏ IMX317 ကင်မရာဆင်ဆာထည့်သွင်းထားပြီး ဘေးပတ်လည်အသံဆူညံမှုများလျှော့ချပေးနိုင်မည့် 3D Motion Noise Reduction လည်းပါဝင်သည်ဟု သိရသည်။

RAW File Format များကိုလည်း ရိုက်ကူးသိမ်းဆည်းထားနိုင်မည်ဖြစ်ပြီး အဆိုပါကင်မရာ၏ထူးခြားချက်မှာ လှုပ်ရှားရင်းရိုက်ကူးသည့်ဗီဒီယိုများတွင် တုန်ခါမှုအနည်းဆုံးဖြင့်ရိုက်ကူးနိုင်သော 6-Axis Stabilization ဝင်ရိုးခြောက်ဖက်ထိန်းညှိမှုစနစ်ပါဝင်ခြင်းဖြစ်သည်။ ရိုက်ကူးနိုင်သည့်ပုံစံနည်းပညာသစ်များလည်းပါဝင်ပြီး ကြိုးမဲ့ချိတ်ဆက်အသုံးပြုနိုင်သည့်စနစ်များလည်းပါဝင်သည်ဟုသိရသည်။ ပုံထွက်အရည်အသွေးမြင့် 4K စနစ်ဖြင့် ရိုက်ကူးမည်ဆိုပါက ဘက်ထရီသက်တမ်း နှစ်နာရီအထိ ရိုက်ကူးနိုင်ပြီး ပုံမှန်စနစ်ဖြင့်ရိုက်ကူးသွားမည်ဆိုပါက သုံးနာရီကြာရိုက်ကူးနိုင်မည်ဖြစ်ကာ အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်သာ တန်ဖိုးသတ်မှတ်ထားသောကြောင့် ဈေးနှုန်းသက်သာသော ကင်မရာတစ်မျိုးဖြစ်ပြီး တရုတ်နိုင်ငံတွင်သာ ရောင်းချသွားမည်ဖြစ်သည်ဟုသိရသည်။

ALEX

## အောက်မြန်မာပြည်

# ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်း ရှင်းလင်းဆွေးနွေး

**လှိုင်ကော် ဩဂုတ် ၂၉**

အစိုးရ၊ ပြည်သူ၊ စီးပွားရေးလုပ်ငန်းရှင်များ အတူတကွ ပူးပေါင်းပါဝင်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်တကျ ဆောင်ရွက်သွားမည်ဆိုပါက ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုရှိုက ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်မှူး၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါ်မေမျိုးဇော်က ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကယားပြည်နယ်သို့ ခရီးသွားကြစို့ ခေါင်းစဉ်ဖြင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းဇော်ထွဋ်ကလည်းကောင်း၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျမ်စွမ်းက ကယားပြည်နယ်သို့ ရင်းနှီးမြှုပ်နှံရေး ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် သိရှိလိုသောအကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲသို့ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ စက်မှုမှတ်ပုံတင်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုကို စိတ်ဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## မြိတ်မြို့၌ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်ပွဲကျင်းပ

**မြိတ် ဩဂုတ် ၂၉**

မိသားစုအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အိမ်တွင်းမှု တစ်ပိုင်တစ်နိုင် သက်မွေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၄၇) နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၇၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက သင်တန်းသူများအနေဖြင့် သင်တန်းစည်းကမ်းများကိုလိုက်နာပြီး သင်တန်းတွင် တိုင်းရင်းသူအချင်းချင်း ချစ်ကြည်ရင်းနှီးခွင့်ရပြီး ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများ နှီးနှောဖလှယ်ခွင့်ရရှိ၍ သင်တန်းမှပို့ချသော ပညာရပ်များကို စာတွေ့လက်တွေ့ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူကြပါ။ သင်တန်းနည်းပြများကလည်း သင်တန်းသူများကို မိမိတို့ သွေးရင်းသားရင်းညီမငယ်များသဖွယ် စေတနာ၊ မေတ္တာအပြည့်အဝထားပြီး စောင့်ရှောက်ရန်နှင့် အိမ်တွင်းမှုလုပ်ငန်း အတတ်ပညာများကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်အောင် မခြွင်းမချန် လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ထားဝယ်၊ လောင်းလုံး၊ မြိတ်၊ ကျွန်းစု၊ ပုလော၊ ပလောက်မြို့နယ်ခွဲ၊ တနင်္သာရီမြို့နယ်တို့မှ အမျိုးသမီးသင်တန်းသူ ၆၅ ဦးတို့အား အမျိုးသမီးဝတ် အင်္ကျီ၊ ဘောင်းဘီ၊ ဇာထိုးပန်းထိုး၊ ခေတ်မီဒီဇိုင်းပုံစံအမျိုးမျိုး ချုပ်လုပ်ခြင်းနှင့် မြန်မာ့ရိုးရာအစားအစာချက်ပြုတ်နည်းတို့ကို သင်ကြားလိုသော ဘာသာရပ်များအလိုက် စာတွေ့လက်တွေ့ သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် သင်တန်းကာလ ၁၄ ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းအုပ်နှင့် သင်တန်းနည်းပြဆရာမများ၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၁ ဦးနှင့် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## ဖျာပုံ (JICA) မြစ်ရေသန့်ပေးဝေမှု တစ်လကျပ်၁၂၅သိန်းကျော်ရရှိ

**ဖျာပုံ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံမြို့သည် သောက်သုံးရေရှားပါးသောမြို့တစ်မြို့ဖြစ်သည်။ ခေတ်အဆက်ဆက်မြေသားမိုးရေသိုလှောင်ကန်များမှ ကန်ရေကို သောက်ရေအဖြစ် အသုံးပြုပြီး မြစ်ရေ၊ ချောင်းရေနှင့် မြောင်းရေများကို သုံးရေအဖြစ်အသုံးပြုနေရသည့်မြို့ဖြစ်သည်။

သောက်သုံးရေအခက်အခဲများကို တာဝန်ရှိသူများက ဖြေရှင်းရန်အလို့ငှာ ဂျပန်ကာလရှည်ချေးငွေဖြင့် ဖျာပုံမြစ်ရေသန့် (JICA) စီမံကိန်းအားဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလတွင် မြစ်ရေသန့်စတင်ပေးဝေနိုင်ခဲ့ပြီး ဖျာပုံမြို့နယ်စည်ပင်သာယာအနေဖြင့် မြစ်ရေသန့်ပေးဝေမှုမှ တစ်လဝင်ငွေကျပ် ၁၂၅ သိန်းကျော် ဝင်ငွေရရှိကြောင်း သိရသဖြင့် ဩဂုတ် ၂၈ ရက် ညနေပိုင်းက သိရှိလိုသည်များ တွေ့ဆုံမေးမြန်းနိုင်ရန် မြို့နယ်စည်ပင်အင်ဂျင်နီယာမှူး ဦးမျိုးကြည်နှင့် တွေ့ဆုံခဲ့သည်။

ဦးမျိုးကြည်က သောက်သုံးရေအဖြစ် ထုတ်လုပ်ရာတွင် ပထမ ဆည်ရေ၊ ဒုတိယကန်ရေနှင့် တတိယမြစ်ရေတို့ဖြစ်ကြောင်း၊ ဖျာပုံမြစ်ရေကို ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထား၍ လူကိုအန္တရာယ်ပြုနိုင်သည့် ပိုးမွှားများကင်းစင်ထားသဖြင့် သောက်ရေအတွက်ပါ အသုံးပြုနိုင်ကြောင်း၊ စက်တည်ဆောက်မှုအနေဖြင့် တစ်ရက်လျှင် ရေဂါလန်ခြောက်သိန်းထုတ်လုပ်ပေးနိုင်ကြောင်း၊ ရေတိုင် ၄၅၀၀ သတ်မှတ်ထားသော်လည်း လက်ရှိတပ်ဆင်ထားသည့်ရေတိုင် ၂၇၀၀ ကျော်အတွက် တစ်နေ့ မြစ်ရေသန့်ဂါလန်နှစ်သိန်းငါးသောင်းမှ သုံးသိန်းအထိနှစ်ပိုင်းခွဲပြီး နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ တစ်ကြိမ်လျှင် သုံးနာရီပေးဝေလျက်ရှိကြောင်း၊ တစ်ယူနစ်လျှင် ရေသုံးစွဲခ ကျပ် ၄၀၀ သတ်မှတ်ထားပြီး ဧပြီလနှင့် မေလအတွက် ရေလခများကောက်ခံရာတွင် ကျပ်သိန်း ၂၅၀ ကျော်ရရှိထားသဖြင့် စည်ပင်မြစ်ရေသန့်လုပ်ငန်းမှ တစ်လလျှင် ကျပ် ၁၂၅ သိန်းကျော် ဝင်ငွေရရှိနေပြီဖြစ်ကြောင်း ပြောပြသည်။

မြစ်ရေသန့်သုံးစွဲနေသူ အမှတ် (၂) ရပ်ကွက်မှ ဦးဝင်းသန်းက ရေလခသတ်မှတ်ထားမှုမှာ မများကြောင်း၊ ရေအားကောင်း၍ အမြင့် ၁၅ ပေအထိရေတက်ကြောင်း၊ ရေပေးဝေချိန်မှန်၍ အဆင်ပြေလျက်ရှိကြောင်း၊ ယခုအတိုင်းပေးဝေသွားမည်ဆိုပါက မြစ်ရေသန့်လုပ်ငန်း အောင်မြင်တိုးတက်နိုင်ကြောင်း ပြောသည်။

ဖျာပုံမြို့တည်ခဲ့သည်မှာ နှစ် ၂၀၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ခေတ်မီသန့်စင်သည့် မြစ်ရေသန့် သောက်သုံးရေသုံးစွဲရမည်ဟု မည်သူမျှ မမျှော်မှန်းခဲ့ကြကြောင်း မြစ်ရေသန့်စီမံကိန်း ဖြစ်မြောက်အောင် စီမံဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## ဝန်ထမ်းများ အရည်အချင်းမြင့်မားတိုးတက်စေရန် စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးဌာနလက်အောက်ရှိ ဝန်ထမ်းများ အရည်အချင်းများ မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယခုအခါ စွမ်းရည်မြှင့်သင်တန်း (၂/၂၀၁၇)ကို ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးရုံး သင်တန်းခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ တက်ရောက် အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် ဒီမိုကရေစီခေတ်တွင် မိမိတို့၏ ခံယူချက်များ၊ အတွေးအခေါ်များပြောင်းလဲရန် လိုကြောင်း၊ အမှန်ကို အမှန်အတိုင်း ရဲရဲဝံ့ဝံ့ တင်ပြဆောင်ရွက်ကြရန်နှင့် လက်ရှိဆောင်ရွက်နေသည့် Community Centre များအကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် Community Centre များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းမှာ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်၊ မွန်၊ ရခိုင်၊ တနင်္သာရီ၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၉ ဦး တက်ရောက်လျက်ရှိသည်။

**တိုင်းဒေသကြီး ပြန်/ဆက်**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**ပုသိမ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အထက (၃)၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တိုင်းထွေ/အုပ်ဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်း၊ အတွင်းရေးမှူး၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရဲမြင့်၊ တွဲဖက်အတွင်းရေးမှူးရဲမှူး အယ်ခေါင်ဒင်၊ တိုင်းပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ အထက(၃) မှ ကျောင်းအုပ်ဆရာကြီးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲကို 'လူကုန်ကူးမှု တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့'၊ 'လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြ' ခေါင်းစဉ်များဖြင့် ၇၃ ဦး ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သိရသည်။

ၚင်းအပြင် မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ ပန်းချီ၊ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့်ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ကြောင်ကိုက်ခံရခြင်း၊ ခွေးကိုက်ခံရခြင်း၊ ခွေးရူးပြန်ရောဂါအတွက် ရှေးဦးပြုစုခြင်း

ကျော်စိုးဦး(MRCS-မန္တလေး)

မင်္ဂလာပါ လူ့အသက်တစ်ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင်လိုသူ။ ရှေးဦးပြုစုခြင်း သင်ခန်းစာများထဲမှ ဒီနေ့ကျွန်တော်တို့လေ့လာဆွေးနွေးကြရမှာကတော့ ကြောင်ကိုက်ခံရတဲ့အခါ၊ ကြောင်ကုတ်ခံရတဲ့အခါ ဘာဖြစ်နိုင်မလဲ၊ ဘယ်လိုရှေးဦးပြုစုကြမလဲ၊ ခွေးကိုက်ခံရတဲ့အခါ ခွေးရူးပြန်ရောဂါဖြစ်တဲ့အခါ ဘယ်လိုရှေးဦးပြုစုမလဲ၊ မဖြစ်အောင် ဘယ်လိုကာကွယ်ကြမလဲ၊ ဖြစ်လာလျှင် ဘယ်လိုရှေးဦးပြုစုခြင်းတွေနဲ့ ကူညီကြမလဲဆိုတာကို အတူဆွေးနွေးကြရမှာပါ။ ကဲ ကျွန်တော်တို့ သင်ခန်းစာတွေ မလေ့လာခင် ကြိုတင်စစ်မေးလွှာ မေးခွန်းလေးတွေနဲ့ စကြစို့လားစာချစ်သူ။ ကြိုတင်စစ်မေးလွှာ (Pre-Test) မေးခွန်းလေးတွေကို ကြိုတင်ဖြေဆိုကြဖို့တော့ မှာချင်တယ်စာချစ်သူ၊ မေးခွန်းလေးတွေဖြေဆိုရင်း စိတ်ကူးနဲ့အသက်တွေကို အရင်ကယ်တင်ကြမယ်။ ပြီးရင် ဒီဆောင်းပါးလေး အစအဆုံးဖတ်မှတ်ကြလို့ လက်တွေ့ လူ့အသက်တစ်ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင်ကြမယ်လေ စာချစ်သူ။ ကဲစမ်းစစ်မေးခွန်းလွှာလေးတွေ အရင်ဆုံး ပျော်ရွှင်စွာဖြေဆိုလျက် ဒီဆောင်းပါးလေးကို စနစ်တကျလေ့လာကာ အသက်များစွာကိုကူညီကယ်တင်နိုင်ကြပါစေလို့။

၁။ ကြောင်အကိုက်ခံရလျှင် ကြောင်ရူးရောဂါဖြစ်နိုင်ပါသလား။
၂။ ကြောင်အကိုက်၊ အကုတ်ခံရသောအခါ မည်သည့်ရောဂါဖြစ်ပေါ်နိုင်သလဲ။
၃။ ကြောင်အကိုက်ခံရပါလျှင် မည်သည့်ကာကွယ်ဆေးကို ထိုးသင့်ပါသလဲ။
၄။ ကြောင်အကိုက်ခံရသော လူနာတစ်ဦးကို မည်သို့ ရှေးဦးပြုစုမည်နည်း။
၅။ ခွေးကိုက်ခံရပြီဆိုပါက မည်သည့်အရာသည် ခွဲခြားသိရန်အရေးအကြီးဆုံးလဲ။
၆။ ရူးသွပ်နေသော ခွေးရူးတစ်ကောင်ကို သင်မြင်ဖူးသလား။ ဘယ်လိုလက္ခဏာတွေသင်တွေ့ဖူးလဲ။
၇။ ခွေးကိုက်ခံရသော လူတွေကို သင်တွေ့ဖူးမှာပါ။ သင့်ဒေသမှာ အဲဒီဒဏ်ရာတွေကို ဘာတွေလုပ်ပေးကြသလဲ။ ဘယ်လိုရှေးဦးပြုစုကြသလဲ။ (သင့်ဒေသမှာပြုစုတဲ့ ပြုစုနည်းတွေကို ရေးချထားပေးပါ။ မျှဝေချင်တယ်ဆိုရင်တော့ first.aid.lover@gmail.com ကျွန်တော့်ရဲ့ လူမှုကွန်ရက်စာမျက်နှာချက်ဘောက်မှ လည်းကောင်း၊ ဖုန်း-၀၉-၂၀၃၂၂၂၃ သို့လည်းကောင်း Viber, Message တို့ဖြင့်ပေးပို့နိုင်ပါရန်ဖိတ်ခေါ်ပါတယ်။ ပညာဆိုတာမျှဝေရမယ်တဲ့ မြတ်ဗုဒ္ဓကဆိုပါတယ်)
၈။ ခွေးရူးအကိုက်ခံရသော လူနာတစ်ယောက်ကို သင်တွေ့ပြီဆိုပါလျှင် စနစ်ကျသောရှေးဦးပြုစုခြင်းဖြင့် အသက်ကယ်တင်နည်းကိုသင်သိပါသလား။ ပြောပြပါ။
၉။ ကြောင်တို့ ခွေးတို့အကိုက်ခံရသောလူနာအား ရှေးဦးပြုစုပြီးလျှင် ဘယ်လိုအကြံပြုသင့်သလဲ။
၁၀။ ခွေးအကိုက်မခံရအောင် ဘယ်လိုနေထိုင်ကြမလဲ။

ကဲ-စာချစ်သူ။ မေခွန်းတွေကို ကြိုးစားဖြေဆိုပြီးပြီဆိုရင် ကျွန်တော်တို့ အဖြေလွှာလေးကို ခဏပိတ်လို့ သင်ခန်းစာလေးကို ဆွေးနွေးကြပါစို့။ ဒီဆောင်းပါးလေး စဆုံး သေချာလေ့လာဖြစ်သွားရင်ဆိုခဲ့သော မေးခွန်းတွေကို ကောင်းစွာဖြေဆိုနိုင်ပြီး စာတွေ့မှ လက်တွေ့ ရှေးဦးပြုစုခြင်းများဖြင့် အသက်ကယ်တင်နိုင်ကြမှာပါစာချစ်သူ။

### ကြောင်ကိုက်ခြင်း

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တချို့က ကြောင်ကိုတော်တော်ချစ်ပြီး ပြုစုမွေးမြူကြပါတယ်။ တစ်ခါတစ်ရံ အခန့်မသင့်ရင် ကြောင်ကိုက်ခံကြရတတ်ပါတယ်။ ကြောင်ကိုက်ခံရပြီဆိုတာနဲ့ ကြောင်ကိုက်ခံရတဲ့ဒဏ်ရာဟာ ခွေးကိုက်ခံရသောဒဏ်ရာထက် ပိုပြီးမြန်မြန်ဆန်ဆန်ရင်းလာတတ်ပါတယ်စာချစ်သူ။ ဒါဆိုကြောင်ကိုက်ခံရပြီဆိုရင် တချို့က ကြောင်ရူးပြန်ရောဂါဖြစ်မယ်လို့ဆိုကြတယ်။ အမှန်မှာကတော့ ကြောင်ကိုက်ခံရလျှင်လည်း ခွေးရူးပြန်ရောဂါမျိုးသာ ဖြစ်ပွားတာပါစာချစ်သူ။ ဒါကြောင့် ဆေးပညာလောကမှာ ကြောင်ကိုက်ခံရပြီဆိုတာနဲ့ ခွေးရူးပြန်ကာကွယ်ဆေးကိုပဲ ထိုးကြပါတယ်။

### ကြောင်အကိုက်ခံရခြင်းအား ရှေးဦးပြုစုခြင်း

ကြောင်အကိုက်ခံရပြီဆိုရင် စာချစ်သူ ဘယ်လိုရှေးဦးပြုစုမှာလဲလို့ မေးလာရင် တွေ့လာသည့်ရှိသော် တစ်ခုပဲမှတ်ပါ။ ခွေး(ခွေးရူး)ကိုက်ဒဏ်ရာရသူတစ်ဦးကို ပြုစုသည့်အတိုင်း ရှေးဦးပြုစုပါလို့ပဲ မှတ်သားပေးခဲ့ပါ။ ဒီနေရာမှ ပြုစုပုံကိုမရေးတော့ဘူးနော် နောက်ပိုင်းမှာ ခွေးကိုက်ဒဏ်ရာမှသာ ပြုစုပုံလေးသေချာရေးပေးတော့မယ်။ ပြန်ပြောကြည့်ပါလားစာချစ်သူ ကြောင်အကိုက်ခံရပြီဆိုရင် ခွေးကိုက်ခံရသောလူနာတစ်ဦးပြုစုသလို ပြုစုပါလို့။

> ဒဏ်ရာကို သင့်ရဲ့ပြုစုမယ့်လက်တွေနဲ့ တိုက်ရိုက် ကိုင်တွယ်ခြင်းကို ရှောင်ရှားရမှာပါ. . .
> သန့်စင်လှတဲ့ပိတ်ပါးစ ဒဏ်ရာပေါ်မှာတင်စည်းကြဆိုတာက ဒဏ်ရာကို ရေများများလောင်းပြီးရင် သန့်စင်သောပိတ်ပါးစကို ဒဏ်ရာနဲ့ လိုက်လျောညီထွေဖြစ်အောင် ခေါက်ပြီး ဒဏ်ရာပေါ်ကိုတင်ပါ။ ပြီးရင် ပတ်တီးစည်းပေးပါ. . .

### ခွေးကိုက်ခံရခြင်း

ခွေးကိုက်ခံရပြီဆိုတာနဲ့ ကျွန်တော်တို့ ခွေးရူးအကိုက်ခံရသလား၊ ခွေးကောင်းအကိုက်ခံရသလား ဆိုတာကို ဦးစွာသိရှိဖို့ လွန်စွာအရေးကြီးလှပါတယ်စာချစ်သူ။ ဒါဆိုခွေးကိုက်ခံရခြင်းမှာ ခွေးကောင်းကိုက်ခံရခြင်းနဲ့ ခွေးရူးအကိုက်ခံရခြင်းဆိုပြီး ကျွန်တော်တို့နားလည်ကြရမှာပါ။ ဒါဆို ကျွန်တော်တို့ ခွေးကောင်းလား ခွေးရူးလားဆိုတာခွဲခြားတတ်ဖို့လိုအပ်လာပါပြီစာချစ်သူ။



### ခွေးရူးတစ်ကောင်၏လက္ခဏာ

ခွေးရူးတစ်ကောင်လို့ အလွယ်တကူသိရှိဖို့အတွက် ကျွန်တော်တို့ ဒီလိုအလွယ်တကူ မှတ်သားနိုင်ပါတယ်။ ကဲ ခွေးရူးလက္ခဏာကဗျာလေးကို ကြိုးစားမှတ်သား အလွတ်ကျက်မှတ်ရအောင်လား စာချစ်သူ။

"မူမမှန်တဲ့သူ့ဟန်ပန် သခင်ကိုလည်းပြန်တွန်းလှန်
သွားရည်ကျကာ အမြီးကုပ်
ရန်မူ မငြိမ်တဲ့ နုံချိရုပ် -" တဲ့ စာချစ်သူ သေချာကျက်မှတ်ပေးပါနော်-။

ကဲကဗျာလေးကို လေ့လာကြရအောင်နော် "မူမမှန်တဲ့သူ့ဟန်ပန် ဆိုတာက ခွေးရူးတစ်ကောင်ဟာ သာမန်လိုမဟုတ်ဘူး။ သူ့ကိုကြည့်လိုက်တာနဲ့ သာမန်ခွေးတွေနဲ့ မတူဘဲ မူမမှန်ရှိနေမယ်။ သခင်ကိုလည်း ပြန်တွန်းလှန် ဆိုတာက သခင်တွေဘာတွေမသိတော့ဘူး သခင်ကိုလည်း သူရန်မူလာတတ်ပါတယ်။ သွားရည်ကျကာ အမြီးကုပ် ဆိုတာက ခွေးရူးတစ်ကောင်ဟာ သွားရည်တွေကျနေပြီး သူ့ရဲ့အမြီးဟာလည်း ကုပ်နေတတ်ပါတယ်"။ ရန်မူဆိုတာကတော့ ဘယ်သူ့တွေ့တွေ့ ရန်မူနေတော့တာပါပဲ။ မငြိမ်ဆိုတာက သူဟာဂနာမငြိမ်ဖြစ်နေပါတယ်။ နုံချိရုပ်ဆိုတာက ခွေးရူးတစ်ကောင်ကိုကြည့်လိုက်ရင် နုံချိတဲ့ အမူအရာတွေရှိနေပါတယ်။ ဒီလက္ခဏာတွေကို သင်မှတ်သားပြီးယှဉ်လေ့လာရင် ခွေးရူးလား ခွေးကောင်းလား ခွဲခြားနားလည်တတ်မှာပါစာချစ်သူ။

ခွေးကိုက်ခံရတဲ့လူနာတွေကို ပြုစုတဲ့အခါ တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းလည်း ဖြစ်တတ်လှပါတယ်။ တချို့က ခွေးကိုက်တဲ့နေရာကို မန်းကြတယ်။ တချို့က နနွင်းထည့်ကြတယ် -တချို့က--တချို့က စသဖြင့် နည်းမျိုးစုံလို့ပါပဲ။ အခုကျွန်တော် တင်ပြပေးမှာက နိုင်ငံတကာက လက်ခံထားတဲ့ လူနာပြုစုသူ ဘယ်သူမှ မနစ်နာတဲ့ အန္တရာယ်မရှိတဲ့ အန္တရာယ်ကင်းကင်းနဲ့ ပြုစုနိုင်မယ့် နည်းတစ်ခုကိုပဲ မိတ်ဆက်ခဲ့မှာပါ။

### ခွေးကိုက်သောလူနာအား ရှေးဦးပြုစုခြင်းဖြင့် အသက်ကယ်တင်ခြင်း

ခွေးကောင်းပဲကိုက်ကိုက် ခွေးရူးပဲကိုက်ကိုက် ကျွန်တော်တို့ ခွေးကိုက်ဒဏ်ရာအတွက်ရှေးဦးပြုစုနည်းကိုပဲ အသုံးပြုကြမှာပါစာချစ်သူ။ဘယ်လိုပြုစုကြမလဲ။ ကဲ ကဗျာတိုလေးကို အရင်ကျက်မှတ်ပါဦး စာချစ်သူ-

"မပွတ် မညှစ် ရေလောင်းကွယ်
တိုက်ရိုက်ကိုင်တွယ်ရှောင်ရှားမယ်
သန့်စင်လှတဲ့ပိတ်ပါးစ
ဒဏ်ရာပေါ်တင်စည်းပေးကြ။
ပြုစုပြီးလျှင်ဆေးရုံပင်
ကာကွယ်ဆေးများထိုးဖို့ပင်။"

မပွတ် မညှစ်ဆိုတာက ခွေးကိုက်ဒဏ်ရာကို သင်ပြုစုတဲ့အခါ ဒဏ်ရာကို ဘယ်တော့မှ မပွတ်နဲ့ မညှစ်နဲ့တဲ့။ ရေလောင်းကွယ်ဆိုတာက ဒဏ်ရာကို ရေများများလောင်းပါ။ တိုက်ရိုက်ကိုင်တွယ်ရှောင်ရှားမယ်ဆိုတာက ဒဏ်ရာကို သင့်ရဲ့ပြုစုမယ့်လက်တွေနဲ့ တိုက်ရိုက်ကိုင်တွယ်ခြင်းကို ရှောင်ရှားရမှာပါ။( ဒဏ်ရာပြုစုတော့မယ်ဆိုရင် သင့်လက်ကို လက်အိတ်စွပ်ပါ ဒါမှမဟုတ် ဇာဂနာတို့စသဖြင့် တစ်ခုခုနဲ့ ကိုင်တွယ်ပြုစုဖို့ပါ) သန့်စင်လှတဲ့ပိတ်ပါးစ ဒဏ်ရာပေါ်မှာတင်စည်းကြဆိုတာက ဒဏ်ရာကို ရေများများလောင်းပြီးရင် သန့်စင်သောပိတ်ပါးစကို ဒဏ်ရာနဲ့ လိုက်လျောညီထွေဖြစ်အောင် ခေါက်ပြီး ဒဏ်ရာပေါ်ကိုတင်ပါ။ ပြီးရင် ပတ်တီးစည်းပေးပါ။ ပြုစုပြီးလျှင် ဆေးရုံပင် ကာကွယ်ဆေးများထိုးစို့ပင် ဆိုတာက ခွေးကိုက်ခံရပြီ (ကြောင်ကိုက်ခံရပြီ)ဆိုတာနဲ့ မလွဲမသွေ ကာကွယ်ဆေးထိုးဖို့လိုကို လိုအပ်မှာဖြစ်ပါတယ်) ဒါကြောင့် သင်ပြုစုပြီးသွားတိုင်း လူနာကို ဆေးရုံ ဆေးခန်းသွားပြီး မေးခိုင်ကာကွယ်ဆေး ခွေးရူးပြန်ကာကွယ်ဆေးစသဖြင့် ထိုးဖို့အကြံပြုပါလို့။ (ကြောင်အကိုက်ခံရရင်လည်း အခုခွေးကိုက်ဒဏ်ရာပြုစုသလိုပဲ ပြုစုပါနော်စာချစ်သူ) ခွေးကိုက်ဒဏ်ရာကိုပြုစုပြီးတိုင်း ဆေးရုံဆေးခန်းသွားကာ ကာကွယ်ဆေးထိုးကြဖို့မမေ့ဖို့တိုက်တွန်းပါစာချစ်သူ။

### ခွေးအကိုက်မခံရအောင် ဘယ်လိုသတိမူနေထိုင်သင့်သလဲ

အန္တရာယ်ဆိုတာမဖြစ်လေကောင်းလေ ရှောင်ရှားနိုင်လေအကျိုးရှိလေပါပဲ။ ဒါဆို ကျွန်တော်တို့ ခွေးကိုက်ခံရခြင်းမှ ကင်းဝေးအောင်ဘယ်လိုပြုမူနေထိုင်ကြမလဲ။ (၁) ခွေးတွေဟာ များသောအားဖြင့် အစာစားချိန် အိပ်နေချိန်တွေ ခွေးကလေးများရှိသော ခွေးမကြီးများအား မနှောင့်ယှက်ပါနဲ့။ တုတ်၊ ခဲ၊ ခဲလုံးတို့ဖြင့် ခြောက်လှန့်ခြင်းကြောင့် ခွေးတွေဟာ လန့်ပြီးကိုက်တတ်ပါတယ်။ အဲဒါတွေရှောင်ကြဖို့ပါ။ (၂) ခွေးတွေကို စူးစိုက်မကြည့်ပါနဲ့။ (၃) ခွေးတွေကို တွေ့ပြီးနောက်ပြန်လှည့်မပြေးပါနဲ့ လိုက်ကိုက်ခံရတတ်ပါတယ်။ (၄) ခွေးတွေအနီးအနားသို့မဟုတ် ကြိုးချည်ထားသော ခွေးတွေအနီးအနားဖြတ်မလျှောက်ပါနဲ့။ (၅) ခွေးတွေရဲ့အနီးအနားမှ ဖြတ်မပြေးပါနဲ့။ (၆) ပုံမှန်မဟုတ်တဲ့ခွေးတွေနဲ့တွေ့တဲ့အခါ နောက်ပြန်လှည့်မပြေးပါနဲ့ လိုက်အကိုက်ခံရတတ်တယ်တဲ့။ မြေကြီးကိုသာ အသာစိုက်ကြည့်ပြီးဖြည်းညင်းစွာထွက်ပါ။ (၆) ခွေးကလေးတွေအနားသိပ်မသွားနဲ့ ခွေးမကြီးက ကိုက်တတ်လို့ပါပဲ။ (၇) တကယ်လို့ ခွေးတွေက အနားကပ်လျက်ရှိနေတယ်ဆိုရင် သင့်လက်တွေဘေးအသာကပ်ထား သင့်ရဲ့ လက်ခြေတို့ကို ခွေးကလာနမ်းပါက သင်ကခွင့်ပြုပေးရမည်တဲ့။ သတိပေါ့ဗျာ စာချစ်သူ။ ခွေးတွေနားသွားမိတိုင်း သတိထားပြီးဂရုစိုက်သွားလာပါလို့ပဲမှာချင်ပါတယ်။

ကဲဒီလောက်ဆို ကြောင်ကိုက်ခြင်း၊ ခွေးကိုက်ခံရခြင်း လူနာတွေကို ရှေးဦးပြုစုခြင်းဖြင့် အသက်ကယ်တင်နိုင်ပြီလို့ မိမိကိုယ်မိမိယုံကြည်လျက် စာတွေ့မှသည် လက်တွေ့ကူညီကယ်တင်နိုင်ကြပါစေ။

အသက်ပေါင်းများစွာကို ကူညီကယ်တင်နိုင်ကြပါစေ စာချစ်သူ-။ ။



# မချောလေးယောက် ကိုယ်တစ်ယောက်ကို မျက်နှာသစ်သရုပ်ဆောင်တွေနဲ့ ပြန်လည်ရိုက်ကူးမည်

တစ်ချိန်က လူကြိုက်များပြီးအောင်မြင်ခဲ့တဲ့ မချောလေးယောက် ကိုယ်တစ်ယောက်ရုပ်ရှင်ကို မျက်နှာသစ်သရုပ်ဆောင်တွေနဲ့ ပြန်လည်ရိုက်ကူးဖို့ စီစဉ်နေတယ်လို့ ဒါရိုက်တာသီဟကျော်စိုးက ပြောပါတယ်။

"မချောလေးယောက် ကိုယ်တစ်ယောက် ဇာတ်ကားကို ပြန်ရိုက်ဖို့ရှိပါတယ်။ သရုပ်ဆောင်တွေကတော့ မျက်နှာသစ်တွေနဲ့ပဲ ရိုက်ဖြစ်မယ်။ အဓိကမင်းသားနေရာအတွက်ကတော့ စဉ်းစားနေတုန်းပါပဲ။ သေချာအချိန်ပေးပြီး ရိုက်နိုင်မယ့် မင်းသားနဲ့ပဲရိုက်မှာပါ။ ကျွန်တော်က သရုပ်ဆောင်ရွေးတဲ့နေရာမှာ သေချာလေ့လာပြီးမှ ရွေးလေ့ရှိပါတယ်။ ဥပမာ မင်းသားတစ်ယောက်နဲ့ရိုက်မယ်ဆိုပါတော့ အဲဒီမင်းသားရဲ့ ဇာတ်ကားတွေကို လေ့လာတယ်။ သူဘယ်လိုသရုပ်ဆောင်လဲ ကြည့်တယ်။ ဈေးကွက်ရှိရှိ မရှိရှိ ကျွန်တော် မစဉ်းစားပါဘူး။ မအေးပွင့် မြင့်မြင့်စန်းတုန်းကဆိုလည်း အားလုံးပြောကြတာပဲ။ ဖြစ်ပါ့မလားဆိုပြီး ဖြစ်သွားတာပဲ။ ပိုက်ဆံလည်းရတာပဲ။ နာမည်ကြီးသရုပ်ဆောင်တွေနဲ့ရိုက်တာထက်ကို ပိုရသေးတယ်" လို့ သီဟကျော်စိုးက ပြောပါတယ်။

ဒီဇာတ်ကားကို မူလက သရုပ်ဆောင်ကျော်သူ၊ မေသဉ္ဇာဦး၊ မြပွင့်ဖြူ၊ ပက်ထရစ်ရှာနဲ့ အေးမြတ်စန္ဒီတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြပြီး အောင်မြင်မှုရရှိခဲ့တဲ့ ဇာတ်ကားလည်း ဖြစ်ပါတယ်။



## လိမ္မာပါ့မယ်လို့ကတိပြုလိုက်တဲ့ မိုင်လီဆိုင်းရပ်စ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ဟာ သူ့အနေနဲ့ လိမ်လိမ်မာမာ နေထိုင်သွားမှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖခင်ဖြစ်သူကို လတ်တလောမှာ ကတိပေးပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ အမ်တီဗွီတေးဂီတဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပြီး ယင်းဆုပေးပွဲညမှာတော့ ယခင်လို လူအများဝေဖန်စရာအပြုအမူတွေကိုမလုပ်ဘဲ လိမ္မာမှာဖြစ်ကြောင်း သူ့ရဲ့ဖခင်ဖြစ်သူ ဘီလီရေးဆိုင်းရပ်စ်ကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဖခင်ကိုကတိပေးခဲ့တဲ့အတိုင်း မိုင်လီဆိုင်းရပ်စ်ဟာ ပြီးခဲ့တဲ့ ဩဂုတ် ၂၇ ရက်မှာ ကျင်းပခဲ့တဲ့ အမ်တီဗွီတေးဗီဒီယိုဆုပေးပွဲမှာ သူ့ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Younger Now"နဲ့ သီဆိုဖျော်ဖြေခဲ့ပြီး ယခင်ကလို ရိုင်းစိုင်းရင့်သီးတဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ ဟန်ပန်တွေကို မိုင်လီဆိုင်းရပ်စ်ဆီမှာ မတွေ့မြင်ရတော့ပါဘူး။ ဒ့ါအပြင် သူ့ရဲ့ ပိုမိုကျွမ်းကျင်လာတဲ့ ဂီတအရည်အချင်းတွေနဲ့အတူ ယခင်ကထက် ပိုမိုငယ်ရွယ်သွားတဲ့ပုံစံမျိုးကိုသာ တွေ့ခဲ့ရတာဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**



## အမ်တီဗွီဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေနိုင်ခြင်းမရှိခဲ့တဲ့ သယ်ဝိခ်ကန်းဒ်

ကနေဒါနိုင်ငံသား ဂီတကြယ်ပွင့်တစ်ဦးဖြစ်ပြီး နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်တွေမှာ ထိပ်ဆုံးမှာနေရာရခဲ့ဖူးတဲ့ သယ်ဝိခ်ကန်းဒ်ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ အမေရိကန်တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အမ်တီဗွီတေးဗီဒီယိုဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေနိုင်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။

ယခင်က ပါဝင်ဖျော်ဖြေသွားဖို့အတွက် စီစဉ်ထားခဲ့ပြီးဖြစ်ပေမယ့် လတ်တလောပြုလုပ်နေတဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေး အစီအစဉ်တွေကြောင့် အဆိုပါဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေသွားမယ့်အစီအစဉ်ကို သယ်ဝိခ်ကန်းဒ်က ဖျက်သိမ်းခဲ့တာဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့တနင်္ဂနွေနေ့က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ ယခုနှစ်အတွက် အမ်တီဗွီတေးဗီဒီယိုဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေသွာဖို့အတွက် ပြင်ဆင်မှုတွေ၊ အကြိုလေ့ကျင့်မှုတွေနဲ့အတူ ဖျော်ဖြေရမယ့်နေ့ရက်တွေဟာ သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ တိုက်ဆိုင်နေတာဖြစ်ပြီး ရှိပြီးသားဖျော်ဖြေရေးအစီအစဉ်တွေကြောင့် ယခုလို ပါဝင်နိုင်ခဲ့ခြင်းမရှိတာဖြစ်တယ်လို့လည်း သိရပါတယ်။ နောက်ဆုံးထွက်ရှိထားတဲ့ "Starboy"တေးအယ်လ်ဘမ်နဲ့ ဘေဘုတ်တေးဂီတဝက်ဘ်ဆိုက်မှာပါ ထိပ်တန်းက ရပ်တည်နေခဲ့သူဖြစ်ပြီး လတ်တလောမှာလည်း ယင်းတေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေကို ပြုလုပ်နေတာဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်ဟာ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန်နဲ့ ဩစတြေးလျနိုင်ငံတွေမှာ ဖျော်ဖြေပွဲတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## ဒိုင်နိုဆောဇာတ်ကားအတွက် ဂုဏ်ယူမိတယ်ဆိုတဲ့ နန်းဆုဦး



ဒါရိုက်တာ ညိုမင်းလွင်ရိုက်ကူးတဲ့ Dinosaurs Village(Journey to the Pangaea) ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင် နန်းဆုဦးက ဒီဇာတ်ကားအတွက် ဂုဏ်ယူမိကြောင်း ပြောဆိုလိုက်ပါတယ်။

"ဦးညိုနဲ့ရိုက်ထားတဲ့ ဒိုင်နိုဆော ဗစ်လစ်ဂျ် မှာက ဇာတ်ကားနာမည်ကိုက ဒိုင်နိုဆော ဗစ်လစ်ဂျ် ဖြစ်တဲ့အတွက် ဒိုင်နိုဆောတွေနဲ့ရိုက်တာပေါ့နော်။ ညီမတို့ ပုံမှန်ရိုက်နေကျက လူတွေနဲ့ရိုက်ရတာလေ။ ဒီဇာတ်ကားကျတော့ cut by cut ပေါ့။ တစ်ခြမ်းစီရိုက်ရတာများတယ်။ ဒိုင်နိုဆောဆိုလည်း တကယ်တမ်း ဒိုင်နိုဆောမရှိဘူး။ စတူဒီယိုထဲမှာပဲ ရိုက်ရတာတွေများတယ်။ အဲလိုမျိုးတွေဆိုတော့ ညီမတို့အနေနဲ့က လုပ်နေကျပုံစံမျိုးမဟုတ်ဘူးပေါ့။ အဲလိုမျိုးတွေရိုက်လာရတဲ့အခါကျတော့ ကိုယ့်အတွက်က အသစ်အဆန်းဖြစ်တာပေါ့"လို့ နန်းဆုဦးက ဒိုင်နိုဆောဇာတ်ကားရိုက်ကူးနေရတဲ့ အတွေ့အကြုံတွေကို ပြောပြခဲ့တာဖြစ်ပါတယ်။

ပြည်တွင်းမှာ ပထမဆုံးရိုက်ကူးတဲ့ သိပ္ပံရုပ်ရှင်ဇာတ်ကား ဖြစ်တဲ့အတွက် အခက်အခဲတွေနဲ့အတူ ဂုဏ်ယူမိတယ်လို့ နန်းဆုဦးက ဆက်လက်ပြောဆိုပါတယ်။ "ညီမတို့အနေနဲ့က ဝေဖန်တာ၊ မဝေဖန်တာထက်စာရင် ဦးညိုကလည်း သူငယ်ငယ်ကတည်းက ဒါမျိုးတွေကြိုက်တယ်။ ရိုက်ချင်တယ်။ ညီမတို့ကလည်း သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဒီလိုမျိုးမလုပ်ဖူးတဲ့ ဇာတ်ကောင်စရိုက်ကိုလုပ်ချင်တယ်။ ဇာတ်လမ်းဆန်းလေးတွေလုပ်ချင်တယ်။ အဲဒီအတွက် အကုန်လုံးက အကောင်းဆုံးကြိုးစားပြီးလုပ်ဖြစ်သွားတာပါ။ နိုင်ငံခြားက တကယ့်ဒိုင်နိုဆောဇာတ်ကားတွေလိုမျိုး အဲလောက်ထိ ဒီမှာက ခေတ်မမီဘူး။ နည်းပညာပိုင်းလည်း ခေတ်မမီဘူးပေါ့။ ဒစ်ဂျစ်တယ်ပိုင်းတွေလည်း ခေတ်မမီတဲ့အခါကျတော့ အဲလောက်ထိတော့ သူတို့နောက်ကို လိုက်နိုင်ချင်မှ လိုက်နိုင်မယ်။ ဒါပေမယ့် ညီမတို့ဆီမှာရှိတဲ့ပစ္စည်းကိရိယာတွေနဲ့ ညီမတို့ တတ်နိုင်သလောက် အကောင်းဆုံးကြိုးစားထားတဲ့အတွက်ကြောင့် ပရိသတ်တွေရဲ့ တုံ့ပြန်မှုကတော့ ကောင်းမယ်လို့တော့ မျှော်လင့်ပါတယ်။ ပြီးတော့ ဒီမှာက ရုပ်ရှင်ကားကြီးအနေနဲ့လည်း သိပ္ပံဇာတ်ကားမျိုးတွေ မရှိဘူး။ ပရိသတ်တွေအနေနဲ့ကလည်း ကြည့်ချင်ကြမယ်လို့ထင်တယ်။ ညီမသာ ပရိသတ်ဆိုလည်း ဘယ်လိုလေးတွေရိုက်ထားလဲဆိုပြီး ကြည့်ချင်မှာပဲ။ ငါတို့မြန်မာပြည်ကွဆိုပြီး ညီမကတော့ ဘာပဲပြောပြော ဂုဏ်ယူပါတယ်။ ရုပ်ရှင်ကားကြီးအနေနဲ့ ဘယ်သူမှမရိုက်သေးတဲ့ သိပ္ပံကားတွေကို ဦးညို စပြီးတော့ရိုက်ကြည့်တာပေါ့။ ဦးညိုအတွက်ညီမကတော့ ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်းယူတယ်။ အားလည်းပေးပါတယ်"လို့ နန်းဆုဦးက ပြောပြခဲ့ပါတယ်။

ဒီရုပ်ရှင်ကို ဒါရိုက်တာ ညိုမင်းလွင်ရဲ့ ညကျောင်း ကိုယ်ပိုင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးခဲ့တာဖြစ်ပြီး နန်းဆုဦးနဲ့အတူ အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြတယ်လို့ သိရပါတယ်။

## စာရေးဆရာမ မေသကြဲန်ဟိန်ရဲ့ ဘဝဇာတ်ကြောင်းကို ပုံဖော်ရိုက်ကူးမယ့် ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်မယ့် နေမင်း



စာရေးဆရာမ မေသကြဲန်ဟိန်ရဲ့ "ကျွန်မချစ်ရတဲ့သူတွေ"ဝတ္ထုကို MNTV မှ ရုပ်သံဇာတ်လမ်းတွဲအဖြစ် စက်တင်ဘာလမှာ စတင်ရိုက်ကူးသွားမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာ သရုပ်ဆောင်နေမင်းလည်း ပါဝင်ဖို့ရှိတယ်လို့ သိရပါတယ်။

"ကျွန်မချစ်ရတဲ့သူတွေဝတ္ထုကို ဇာတ်လမ်းတွဲရိုက်ဖို့ ဆရာမကိုယ်တိုင်က အကူအညီတောင်းလာတဲ့အတွက် ကျွန်တော်အစစအရာရာဝိုင်းပြီး ကူညီပေးဖြစ်တာပါ။ ကျွန်တော်က ဆရာမရဲ့ အမျိုးသား ကိုလင်းနေရာကနေ သရုပ်ဆောင်ရမှာပါ။ ကိုလင်းနဲ့က အပြင်မှာလည်း ခင်မင်နေတော့ ကိုလင်းပုံစံ သရုပ်ဆောင်ရမှာဆိုတော့ သိပ်တော့အခက်အခဲမရှိပါဘူး။ ဇာတ်လမ်းပုံစံက လက်ရှိအစိုးရမတက်ခင် ရုန်းကန်ခဲ့ရတဲ့ နိုင်ငံရေးသမားမိသားစုတွေရဲ့အခက်အခဲတွေ၊ ဒုက္ခတွေ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာတွေ၊ ပြီးတော့ နိုင်ငံရေးသမား မိသားစုတစ်ခုမှာ ကျန်နေခဲ့တဲ့ သားသမီးတွေရဲ့ဘဝတွေ၊ မိသားစုအတွက် ကြိုးစားရုန်းကန်ခဲ့ရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ဘဝကို ပုံဖော်ထားတာပါ"လို့ ဒီဇာတ်လမ်းတွဲနဲ့ပတ်သက်ပြီး နေမင်းက ပြောပြခဲ့ပါတယ်။

အဲဒီရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ နေသူရိန်က ရှမ်းပြည်နယ် နောင်ချိုမြို့မှာ ရိုက်ကူးသွားမှာဖြစ်ပြီး အဓိကသရုပ်ဆောင်တွေအနေနဲ့ နေမင်းနဲ့ ခင်ဝင့်ဝါတို့ ပါဝင်သရုပ်ဆောင်သွားကြမှာဖြစ်သလို အခြားသရုပ်ဆောင်ပေါင်းများစွာလည်း ပါဝင်ကြမယ်လို့ သိရပါတယ်။

**မေနှင်းဆီ - စုစည်းသည်**



# ချီးမွမ်းမှုတွေ ရနေပြန်တဲ့ မော်ရင်ဟို

မန်ယူနဲ့ လက်စတာတို့ပွဲစဉ်မှာ မန်ယူအသင်းဟာ လူစားဝင်ကစားသမားတွေဖြစ်တဲ့ မားကပ်စ် ရက်ရှ်ဖို့ဒ်၊ ဖယ်လိုင်နီတို့ရဲ့ သွင်းဂိုးတွေနဲ့ လက်စတာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး ယခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ်ရဲ့ တစ်ခုတည်းသော ရာနှုန်းပြည့်နိုင်ပွဲဆက်တဲ့ အသင်းဖြစ်လာခဲ့ပါတယ်။ မော်ရင်ဟိုဟာ အဲဒီပွဲစဉ်မှာ တောင်ပံတိုက်စစ်ပိုင်းအတွက် မာရှယ်လ်ကို နေရာပေးခဲ့တာကြောင့် ရက်ရှ်ဖို့ဒ်အရန်ခုံပေါ် ထိုင်ခဲ့ရပါတယ်။ ဒါ့အပြင် ပွဲချိန် ၅၃မိနစ်မှာ မန်ယူရရှိတဲ့ ပင်နယ်တီကို တိုက်စစ်မှူး လူကာကူ ကန်သွင်းရာ လွဲချော်ခဲ့တာကြောင့် မန်ယူအသင်းဟာ ပွဲချိန်မိနစ် ၇၀လောက်အထိ သွင်းဂိုးမဲ့ အနေအထားနဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် ပွဲချိန် ၆၇မိနစ်မှာ မာတာအစားလူစားဝင်လာတဲ့ ရက်ရှ်ဖို့ဒ်က ကွင်းထဲဝင်လာပြီး သုံးမိနစ်အကြာမှာ မန်ယူအသင်းအတွက် အသက်ရှူချောင်စေမယ့် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ အဲဒီနောက် မစ်ခီတာယန်အစား ဝင်လာတဲ့ ဖယ်လိုင်နီကလည်း ၁၀မိနစ် မပြည့်ခင်မှာပဲ မန်ယူအတွက် အနိုင်သေချာစေမယ့် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူပေးခဲ့တာကြောင့် မော်ရင်ဟိုရဲ့ နည်း စနစ်ပိုင်းနဲ့ လူစားလဲ မှန်ကန်မှုတွေဟာ မန်ယူအသင်း ရာနှုန်းပြည့်နိုင်ပွဲဆက်ခြင်းရဲ့ အဓိကအကြောင်းတရားတွေပဲလို့ ချီးမွမ်းမှုတွေ ရရှိလာပါတယ်။ ဘာပဲဖြစ်ဖြစ် လွန်ခဲ့တဲ့နှစ်ရာသီက ချယ်လ်ဆီးအသင်းကနေ ထုတ်ပယ်ခံရ၊ အဲဒီနောက် မန်ယူအသင်းကို ရောက်လာချိန်မှာလည်း ဝေဖန်မှုတွေကနေ မလွတ်ခဲ့တဲ့ မော်ရင်ဟိုတစ်ယောက် ဟိုးလွန်ခဲ့တဲ့ ဆယ်စုနှစ်ကလို သူဘာလုပ်လုပ် ချီးမွမ်းခံရတာတွေ ပြန်လည်ရရှိလာပြီလို့ ဆိုရမှာဖြစ်ပါတယ်။



# တစ်ကြိမ်လောက် အခွင့်အရေးပေးပါ

မန်စီးတီးတိုက်စစ်မှူး ရီဟမ်စတာလင်းဟာ မန်စီးတီးအသင်းအတွက် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပြီးနောက် ပရိသတ်တွေဆီသွားရောက် အောင်ပွဲခံရာမှာပရိသတ်တွေကပါ ကွင်းထဲအထိ ဆင်းပြီးအောင်ပွဲခံခဲ့တာကြောင့် ဒိုင်လူကြီး မိုက်ခ်ဒင်းက အဝါကတ်ထိထားပြီးသား စတာလင်းကို ဒုတိယအဝါကတ်ပြသ ထုတ်ပယ်လိုက်ပါတယ်။ ဒိုင်ဖြစ်သူက စတာလင်းရဲ့ အောင်ပွဲခံမှုဟာ ပရိသတ်တွေကို ပွဲဆူစေတယ်လို့ ယူဆတာကြောင့် ဒုတိယအဝါကတ်ပြသခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စရပ်အပေါ် မန်စီးတီးနည်းပြ ဂွါဒီယိုလာကလည်း ရှင်းလင်းချက်ပေးဖို့ တောင်းဆိုခဲ့ပြီး စတာလင်းအနေနဲ့ ဘာတစ်ခုမှ လွန်ကျူးတာမရှိဘူးလို့ တုံ့ပြန်လိုက်ပါတယ်။

စတာလင်း အနီကတ်ထိသွားတဲ့အပေါ် မကျေနပ်သူတွေထဲမှာ နာမည်ကျော် တိုက်စစ်မှူးဟောင်း အလန်ရှီးယားပါ ပါဝင်ခဲ့ပြီး အလန်ရှီးယားက ဒိုင်ရဲ့ ဆုံးဖြတ်ချက်ဟာ မြန်ဆန်ပြီး ပြင်းထန်လွန်းခဲ့တယ်လို့ ထောက်ပြပါတယ်။ အလန်ရှီးယားရဲ့ ပြောစကားအပေါ် ဖီးလ်နဗီးလ်ကလည်း ထောက်ခံခဲ့ပြီး ပရိသတ်တွေဆီပြေးသွား အောင်ပွဲခံတတ်တာက နောက်ကျအနိုင်ဂိုးတွေ သွင်းယူချိန် အတော်များများမှာ မြင်တွေ့ရလေ့ရှိတဲ့ မြင်ကွင်းလို့ ဆိုလိုက်ပါတယ်။ သူတို့နှစ်ဦးစလုံးကတော့ စတာလင်းကို အခွင့်အရေး တစ်ကြိမ်လောက်ပေးတဲ့အနေနဲ့ ကွင်းထဲမှာ ဆက်ရှိနေဖို့ အဝါကတ်မပြသင့်ဘူးလို့ အသီးသီး ထောက်ခံမှု ပြုခဲ့ကြပါတယ်။



# ဈေးအကြီးဆုံးအငှားချကစားသမား

နွေဈေးကွက်တစ်ခုလုံးလှုပ်ခတ်ခဲ့တဲ့ မက်ပီရဲ့ အပြောင်းအရွှေ့ပြီးပြတ်သွားပြီးလို့ သိရပါတယ်။ မိုနာကိုက မက်ပီကို ပြင်သစ်လီဂူး-၁ ပြိုင်ဘက်အသင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းဆီ ပေါင် ၁၆၆သန်းနဲ့ ရောင်းချဖို့ သဘောတူညီခဲ့ပေမယ့် နေမာကို ဒီနှစ်နွေဈေးကွက်အတွင်းခေါ်ယူထားတာကြောင့် ဘဏ္ဍာရေးစည်းမျဉ်းနဲ့ ငြိစွန်းမှာ စိုးရိမ်တဲ့အတွက် ဒီနှစ်တော့ အငှားနဲ့သာခေါ်ယူပြီး လာမယ့်နှစ်နွေဈေးကွက်မှသာ အပြီးသတ်ဝယ်ယူမယ့် သဘောတူညီချက်နဲ့ ခေါ်ယူလိုက်တာပါ။ ဒီလို ပီအက်စ်ဂျီရဲ့ ဘဏ္ဍာရေးစည်းမျဉ်းအပေါ် ကွက်ကျော်ရိုက်သွားတာကို ယူအီးအက်ဖ်အေတာဝန်ရှိသူတွေ ခံလိုက်ရပေမယ့် စည်းမျဉ်းအရ ဘာအမှားမှ မရှိတာကြောင့် လက်ပိုက်ကြည့်နေလိုက်ရတာဖြစ်ပါတယ်။

မက်ပီကို ဥရောပအသင်းကြီးတွေဖြစ်တဲ့ မန်စီးတီး၊ ရီးယဲလ်မက်ဒရစ်၊ အာဆင်နယ်၊ မန်ယူတို့ကလည်း ခေါ်ယူဖို့ ကြိုးပမ်းခဲ့ပေမယ့် နောက်ဆုံးမှ ကြိုးပမ်းလာတဲ့ပီအက်စ်ဂျီရဲ့ လှုပ်ရှားမှုက အောင်မြင်ခဲ့တာပါ။ အစောပိုင်းကတော့ မက်ပီဟာ အာဆင်နယ်ကိုပဲ ရောက်တော့မလိုလို၊ ရီးယဲလ်မှာပဲ ကစားတော့မလိုလို၊ မန်စီးတီးနဲ့ပဲ ပူးပေါင်းတော့မလိုလို သတင်းတွေ အမျိုးမျိုးထွက်ခဲ့ပေမယ့်ခုတော့ ပီအက်စ်ဂျီအသင်းဆီ ရောက်သွားခဲ့ပါပြီ။ ပီအက်စ်ဂျီဟာ ယခုနှစ်နွေဈေးကွက်အတွင်း မထင်မှတ်တဲ့ အပြောင်းအရွှေ့တွေကို အကြိမ်များစွာပြုလုပ်နေပြီး ဒန်နီအဲလ်ဗက်စ်တုန်းက တစ်ကြိမ်၊ နေမာအလှည့်ကဆိုရင် ကမ္ဘာ့ဘောလုံးပရိသတ်တွေကြား ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့ရတဲ့အထိ ဖြစ်ခဲ့ရပြီးပါပြီ။

မက်ပီကိုခေါ်ဖို့ ကြိုးစားနေချိန်ကတည်းက နေမာကို ပေါင်သန်း ၂၀၀နဲ့ ခေါ်ယူပြီးဖြစ်တဲ့ ပီအက်စ်ဂျီ ဘယ်လိုခေါ်ယူဖို့ ကြိုးပမ်းမလဲလို့ အားလုံးက စိတ်ဝင်တစားစောင့်ကြည့်နေတဲ့အချိန်မှာ ခုလို အောင်အောင်မြင်မြင် ခေါ်ပြခဲ့တာကတော့ တကယ်ကို ချီးကျူးစရာ ကောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မက်ပီဟာ လာမယ့်နှစ်နွေဈေးကွက်ရောက်ရင် ကမ္ဘာ့တန်ဖိုးအကြီးဆုံး ဆယ်ကျော်သက်ကစားသမားအဖြစ် မှတ်တမ်းဝင်မှာဖြစ်သလို တန်ဖိုးအကြီးဆုံး အငှားချခံ စူပါစတား ဖြစ်လာမှာတော့ အမှန်ပဲဖြစ်ပါတယ်။



# နာမည်ကြီး ထမင်းငတ်တွေ အများကြီးပါဆိုတဲ့ ကွန်တီ

ချယ်လ်ဆီးနည်းပြ ကွန်တီက ချယ်လ်ဆီးအသင်းရဲ့ရလဒ်တွေ သိပ်အကောင်းကြီး မဟုတ်သေးသလို ဗိုလ်စွဲဖို့ ရေပန်းစားမှု အဆင့်မှာလည်း အခြားပရီမီယာလိဂ်အသင်းတွေဖြစ်တဲ့ မန်စီးတီး၊ မန်ယူတို့အောက် လျော့ကျနေပေမယ့် ဒီအပေါ် စိုးရိမ်မှုမရှိဘူးလို့ သူ့ရဲ့ အယူအဆကို ဥပမာနဲ့တကွ ရှင်းလင်းချက်ပေးလိုက်ပါတယ်။ ကွန်တီက ပြီးခဲ့တဲ့ရာသီကလည်း ချယ်လ်ဆီးအသင်း ဗိုလ်စွဲဖို့ ရေပန်းစားခြင်းမရှိပေမယ့် အမှတ်ပြတ်နဲ့ ချန်ပီယံဆု ရယူနိုင်ခဲ့တာကို ထောက်ပြပြီး ဗိုလ်စွဲဖို့ ရေပန်းစားမှုအဆင့်အတိုင်း ချန်ပီယံဖြစ်ကြတာ မဟုတ်ဘူးလို့ တုံ့ပြန်လိုက်ပါတယ်။ မှန်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီကလည်း မန်စီးတီးအသင်းဟာ ဗိုလ်စွဲဖို့ ထိပ်ဆုံးက ရေပန်းစားခဲ့ပေမယ့် ရာသီသိမ်းခါနီး နောက်ဆုံးအချိန်ထိ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတာကြောင့် ကွန်တီက အခုလို ပြောလိုက်တာဖြစ်ပါတယ်။



ကွန်တီက မနှစ်က ချန်ပီယံဖြစ်ထားတဲ့ လူစာရင်းကို အပြောင်းအလဲလုပ်ထားတာကြောင့် ရလဒ်ပိုင်း သိပ်အကောင်းကြီးမဟုတ်သေးပေမယ့် စပါးလို ပရီမီယာလိဂ်အသင်းကြီး တစ်သင်းကို အဝေးကွင်းမှာ အနိုင်ကစားခဲ့တာ၊ အဲဗာတန်ကိုလည်း နှစ်ဂိုးပြတ်အနိုင်ဆက်လက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြန်တာကြောင့် ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်ဆဲ အသင်းဖြစ်တယ်ဆိုတာကို သက်သေပြလို့ နေပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ရာသီဆက် လက်ရှိချန်ပီယံအသင်းတွေ ရလဒ်ဆိုးပြီး နည်းပြတွေ ထုတ်ပယ်ခံရမှုတွေ ကြုံတွေ့ခဲ့တာကလည်း ချယ်လ်ဆီးအသင်း ချန်ပီယံဗိုလ်စွဲမှုအဆင့်ကို ပိုမိုကျဆင်းစေတယ်လို့ ယူဆရပါတယ်။ နည်းပြ ကွန်တီဟာ ဂျူဗင်တပ်ကို ကိုင်တွယ်စဉ်က သုံးနှစ်ဆက်တိုက် စီးရီးအေ ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ သူ့ရဲ့အတွေ့အကြုံက ချယ်လ်ဆီးအသင်းရလဒ်ပိုင်း တိမ်းစောင်းခြင်းမရှိအောင် ကူညီပေးနိုင်မယ်လို့ ယုံကြည်ကြောင်းလည်း ထပ်လောင်းပြောကြားလိုက်ပြန်ပါတယ်။

# ပိုချက်တီနိုရဲ့စိန်ခေါ်ခံ ဒါဗင်ဆန် ဆန်းချက်ဇ်

စပါးအသင်းက ကလပ်အသင်းစံချိန်တင်ကြေးနဲ့ ခေါ်ယူခဲ့တဲ့ ဒါဗင်ဆန် ဆန်းချက်ဇ်ဟာ စပါးအသင်းနဲ့အတူ လေ့ကျင့်ရေးစဆင်းတဲ့နေ့မှာပဲ နည်းပြပိုချက်တီနိုရဲ့ စိန်ခေါ်မှု ခံခဲ့ရပါတယ်။ ပိုချက်တီနိုဟာ ကစားသမားတစ်ဦးကို လေ့ကျင့်ပျိုးထောင်ရာမှာ နာမည်ကျော်တဲ့သူဖြစ်ပြီး ကစားသမားတစ်ဦး အနိုင်ရလိုစိတ် ပိုမိုပြင်းထန်လာစေဖို့အတွက် စိန်ခေါ်မှုတွေ ပြုလေ့ရှိသူဖြစ်ပါတယ်။

ပိုချက်တီနိုက “ ကျွန်တော် သူ့( ဒါဗင်ဆန်) ကို စိန်ခေါ်ခဲ့ပါတယ်။ မနေ့က ကျွန်တော်တို့ဂိုးဧရိယာထဲမှာ ကစားကြတဲ့အခါ သူကအတွင်းဘက်မှာ ဘောလုံးက လေပေါ်မှာ၊ ပြီးတော့ ကျွန်တော်ရှိနေတာပေါ့။ သူက လဲကျသွားတယ်။ ဘောလုံးက ကျွန်တော်နဲ့အတူတူရှိနေတယ်ပေါ့” လို့ မနေ့က လေ့ကျင့်မှုနဲ့ ပတ်သက်ပြီး ပြန်ပြောင်းပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီကစားသမားလေးကို ပိုချက်တီနိုက ကလပ်အသင်းစံချိန်တင်ကြေး ပေါင် ၃၅သန်းဝန်းကျင်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ပိုချက်တီနိုဟာ လူငယ်ကစားသမားလေးတွေအပေါ် ဖခင်လို ဆက်ဆံတတ်သူဖြစ်တယ်လို့ ဝါယာမာနဲ့ အယ်လီတို့ရဲ့ ပြောစကားအရ ပရိသတ်တွေ သိပြီးဖြစ်ပါတယ်။ ဒါကြောင့် ရောက်ရောက်ချင်း ပိုချက်တီနိုရဲ့ စိန်ခေါ်မှု ရရှိခဲ့တဲ့ ဆန်းချက်ဇ်လည်း ပရီမီယာလိဂ်ရဲ့ အတောက်ပဆုံးကြယ်တစ်ပွင့်ဖြစ်လာမလား စိတ်ဝင်စားဖို့ကောင်းပါတယ်။

**မေလှဲ့သင်း – စုစည်းသည်။**

# ဗန်းမော်မြို့၌ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

**ဗန်းမော် ဩဂုတ် ၂၉**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၃၉/၂၀၁၇)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၇/၂၀၁၇)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဦးထွေးမြင့်က အမျိုးသမီးငယ်လေးများ အခြားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်အစား မိမိတို့တတ်မြောက်ထားသည့် အိမ်တွင်းမှုပညာရပ်များကို ကိုယ့်ဒေသမှာ ကိုယ့်မိသားစုနှင့်အတူ အသက်မွေးဝမ်းကျောင်းပညာရပ်များ လုပ်ကိုင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသော ဗန်းမော်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုအားပေးကြသည်။



အဆိုပါသင်တန်းသို့ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၃၈ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲခြင်းနှင့် ငွေစာရင်း ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ရေတာရှည် ဩဂုတ် ၂၉**
ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကျဆင်းပြီး မိသားစုဝင်ငွေတိုးပွားစေရန်နှင့်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ အောင်မြင်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကျေးရွာ၂၇ ရွာကို တစ်ရွာ အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ကျေးရွာပေါင်းကိုးရွာအား ငွေကျပ်သိန်းပေါင်း ၂၇၀၀ ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့်ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်ခဲ့ရာ ကျေးရွာကိုးရွာမှ ကော်မတီဝင်များတက်ရောက်ခဲ့သည်။ မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး နောက် သင်တန်းအားဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်

**ကော့သောင်း ဩဂုတ် ၂၉**
ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၄၈) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၇၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီခွဲက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းအုပ်၊ ဆရာမများနှင့် သင်တန်းသူ ၅၅ ဦး တက်ရောက်သည်။ အဆိုပါသင်တန်းတွင် အမျိုးသမီးများတတ်သင့်သည့် အချုပ်အလုပ်၊ အချက်အပြုတ်အတတ်ပညာများအား ရက်သတ္တ ၁၄ ပတ်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ငယ်ရွယ်သူအမျိုးသမီးလေးများ အသက်မွေးဝမ်းကျောင်းပညာ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကာ ဘဝရပ်တည်မှု ရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျနိုင်ရေးရည်ရွယ်ကာ နယ်စပ်ဒေသများတွင် နိုင်ငံတော်မှစဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်းသိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ညောင်သီးသီးချိန် ဘုမ္မတီးငှက်များလာရောက်စားသောက်သဖြင့် ငှက်ချစ်သူများ မှတ်တမ်းဓာတ်ပုံရိုက်ယူမှုများပြား

**စဉ့်ကိုင် ဩဂုတ် ၂၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်အင်းရေတိမ်ဒေသအနီးရှိ ညောင်ပင်များ ညောင်သီးသီးချိန်တွင် ဘုမ္မတီးငှက်များ လာရောက်စားသောက်ကြသည်။ ဘုမ္မတီးငှက်(Green pigeon)မှာခိုမျိုးစိတ်ထဲတွင် ပါဝင်သည်။ဘုမ္မတီးငှက် ၁၃ မျိုးရှိပြီး အခြားခိုမျိုးစိတ်ကိုးမျိုး အပါအဝင် ၂၂ မျိုးရှိကြောင်း သိရသည်။ ထိုမျိုးစိတ်ထဲတွင်ဘုမ္မတီးငှက်များမှာညောင်သီးသီးချိန်တွင်များစွာတွေ့မြင်ရသည်။ ဘုမ္မတီးငှက်များမှာ ဌာနေငှက်ဖြစ်သော်လည်း ညောင်သီးပေါချိန်မှသာ ပိုမိုမြင်တွေ့ရသည်။

လက်ရှိကာလညောင်သီးသီးချိန်တွင်ဘုမ္မတီးငှက်များနေထိုင်စားသောက်ပုံများကို ငှက်ချစ်သူများမှတ်တမ်းရိုက်ကူးမှုများပြားလျက်ရှိသည်။ ငှက်ချစ်သူများမှာ ငှက်တို့၏ သဘာဝအလှအပများကို စိတ်ရှည်စွာစောင့်ပြီး ရိုက်ကူးကြသည်။ အများစုသော ငှက်ချစ်သူများမှာ မှန်ဘီလူးအမျိုးအစား ၄၀၀ မီလီမီတာ၊ ၅၀၀ မီလီမီတာ၊ ၆၀၀ မီလီမီတာများကိုအသုံးပြုရိုက်ကူးကြသည်။ ညောင်သီးသီးချိန်တွင် ဘုမ္မတီးငှက်အပါအဝင် အခြားငှက်များပါ ညောင်သီးလုစားသည့်မြင်ကွင်းများနှင့် ငှက်တို့၏သဘာဝမြင်ကွင်းများကိုအမိအရ ရိုက်ကူးကြကြောင်း သိရသည်။

ပလိပ်အင်းဒေသတွင် ငှက်မျိုးစိတ်များစွာ ကျက်စားကြသည်။ ဆောင်းခိုငှက်များသည် နိုဝင်ဘာလဆန်းပိုင်းမှစကာ ဝင်ရောက်လေ့ရှိသည်။ ပလိပ်အင်းမှာဧရာဝတီမြစ်လက်တက်ဖြစ်သော မြစ်ငယ်မြစ်မှ အင်းအတွင်းရေဝင်ရေထွက် ပြုလုပ်သည်။ရေအရည်အသွေးမှာစံ ၉ ဒသမ ၂ ဖြစ်သည်။ အင်းအတွင်းတွင် ကြာလင်ပန်း (Nymphoides) ပေါများစွာပေါက်ရောက်သည်။

အခြားအပင်များအနေဖြင့် ရေမှော် (Blyxa)၊ ကနဖော့ (Jussiaea)၊ ဟင်းချုန်(Bottia Cordata)၊ ရေကန်စွန်း (Ipomaea)တို့ပေါက်သည်။ အင်းအတွင်း ရေငှက်မျိုးစိတ် ၃၇ မျိုး၊ အခြားငှက်မျိုးစိတ် ခုနစ်မျိုး၊ ငါးမျိုးစိတ် ရှစ်မျိုး ကျက်စားကြောင်း မှတ်တမ်းပြုထားသည်။ ၂၀၁၂-၂၀၁၃ ခုနှစ် ကွင်းဆင်းလေ့လာမှုမှတ်တမ်းများအရ ရေငှက်မျိုးစိတ် ၃၀၊ ရာသီအလိုက်ပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက် ၁၁ မျိုးနှင့် ဒေသမျိုးရင်း ငှက်မျိုးစိတ် ၁၉ မျိုး ကျက်စားကြောင်း သိရသည်။

လက်ရှိကာလ ငှက်ချစ်မြတ်နိုးသည့် ဓာတ်ပုံဆရာများမှာ ပလိပ်အင်းအနီး ညောင်ပင်များညောင်သီးသီးချိန် ငှက်အလှဓာတ်ပုံများ လာရောက်ရိုက်ကူးလျက်ရှိသည်။ ရိုက်ကူးမှုတွင် ငှက်များအနှောင့်အယှက်မဖြစ်ရေး သဘာဝအတိုင်းနေထိုင်ကျက်စားမှုကို အထူးဂရုပြု ရိုက်ကူးရကြောင်းနှင့်အနယ်နယ်အရပ်ရပ်မှ ငှက်ချစ်မြတ်နိုးသူများ ဓာတ်ပုံဆရာများ ဘုမ္မတီးငှက်များကျက်စားပုံရိုက်ကူးရန် အကောင်းဆုံးရာသီဖြစ်သည့်အတွက် ပလိပ်အင်းအနီး လာရောက်ရိုက်ကူးနိုင်ပြီဖြစ်ကြောင်း ငှက်အလှဓာတ်ပုံရိုက်ကူးသူ ဆရာ Solo (M.D.Y) က ရှင်းပြသည်။

**တိမ်တမန်**

# အများပြည်သူပိုင်လမ်းပေါ်တွင် ဈေးရောင်းချခြင်း မပြုလုပ်ရန် ကြိုတင်အသိပေး ဖယ်ရှားရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၉**
ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူပိုင်လမ်းများပေါ်တွင် ရောင်းဝယ်နေသော လမ်းနယ်ကျူးပုံကျဈေးသည်များကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ပြီး လမ်းအသုံးပြုသူခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်စေသဖြင့် အများပြည်သူပိုင်လမ်းများပေါ်တွင် လမ်းနယ်ကျူးကျော်ဈေးရောင်းချခြင်း မပြုလုပ်ရန် ကြိုတင်အသိပေး၍ လိုက်နာမှုမရှိသောဈေးသည်များကို စည်းကမ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၈ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက် အနောက်ဗဟိုလမ်းတွင် မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးအေးသောင်း၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာ ဝန်ထမ်းများက လမ်းနယ်ကျူးအမိုးအဖီအဆွယ်နှင့်ဈေးခုံများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။

"လမ်းနယ်နိမိတ်ကိုကျူးကျော်ပြီး ဈေးခုံတွေချထားတယ်။အမိုးအဖီအဆွယ်တွေ ဆောင်ရွက်ထားတော့ လမ်းနယ်နိမိတ်ကျဉ်းမြောင်းပြီး ယာဉ်အသွားအလာခက်ခဲစေတယ်။ လမ်းအသုံးပြုတဲ့ခရီးသွားပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်စေတယ်။ ဒါကြောင့် လမ်းနယ်နိမိတ်ကိုကျူးကျော်ပြီး ရောင်းဝယ်မှုမပြုလုပ်ဖို့ ကြိုတင်အသိပေးမှုတွေဆောင်ရွက်ပြီး စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးကပြောသည်။

ရန်ကုန်မြို့တွင် ပုံကျဈေးသည်အချို့မှာတရားဝင်ခွင့်ပြုချက်ဖြင့် ရောင်းဝယ်နေသည့်ဈေးဆိုင်များပမာ အများပိုင်လမ်းနယ်နိမိတ်ကိုကျူးကျော်၍ အမိုးအဖီအဆွယ်များပြုလုပ်ပြီးရောင်းဝယ်မှုရှိနေသဖြင့် လမ်းပိတ်ဆို့မှုများရှိနေသည်ဟုဆိုသည်။ အချို့ဈေးသည်များမှာဈေးထွက်အမှိုက်များကို လမ်းပေါ်တွင်ကြဲသလိုစွန့်ပစ်မှုများရှိနေပြီး အချို့ဈေးသည်များကမူ ရေနုတ်မြောင်းထဲပစ်ချခြင်းများ ပြုလုပ်နေကြသဖြင့် ရေနုတ်မြောင်းများ မကြာခဏ ပိတ်ဆို့မှုများရှိနေသည်ဟု ဆိုသည်။

မျက်မှောက်ကာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပုံကျဈေးသည်များကြောင့် အများပိုင်လမ်းများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် ပုံကျဈေးသည်များ စနစ်တကျစည်းကမ်းရှိစွာ ရောင်းဝယ်မှုပြုနိုင်ရန် ကမ်းနားလမ်း(အောက်လမ်း)တွင် နေရာများသတ်မှတ်ပေးထားသည်ဟု သိရသည်။

**မောင်သုည**

# အခြေခံအိမ်တွင်းမှု သင်တန်းနှင့် အဆင့်မြင့် စက်ချုပ် သင်တန်းဖွင့်

**ရေး ဩဂုတ် ၂၉**
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရေးမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၈)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၄၈) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွန့်က သင်တန်းသူများအား အသက်မွေးဝမ်းကျောင်းပညာများအပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း၊ စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး ရိုးရာယဉ်ကျေးမှုအိမ်တွင်းမှုအတတ်ပညာများကိုပါ သင်ကြားပေးမည့်ဖြစ်သည့်အတွက် ကြိုးစားသင်ယူသွားကြရန် လိုအပ်ကြောင်း အမှာစကားပြောကြားပြီး တက်ရောက်လာသော အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ သင်တန်းကို ရက်သတ္တ ၁၄ ပတ်ကြာ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူမမည်ကလေးငယ်၏အမြင်စွမ်းရည်ကိုစစ်ဆေးခြင်း

မောင်ပြည့်အောင်

ကလေးငယ်၏ အမြင်အာရုံကို အကဲဖြတ်စစ်ဆေးခြင်းသည် အရေးကြီး၍လိုအပ်သော မျက်စိကျန်းမာရေးစောင့်ရှောက်မှုဖြစ်၏။ မခဲယဉ်းလှသော်လည်း လိမ္မာပါးနပ်စွာဖြင့် စဉ်ဆက်မပြတ်အချိန်ယူ၍ စူးစမ်းလေ့လာရန်လိုပါသည်။ ရှေးဦးစွာ ကလေးငယ်သည် လန်းလန်းဆန်းဆန်း ရှိ-မရှိနှင့် ဘေးပတ်ဝန်းကျင်ကို အလေးထားခြင်း ရှိ-မရှိ သေချာစွာသိရန် ကြိုးစားရပါမည်။ အနီးကပ်စောင့်ကြည့်၍ အချိန်ပြည့်ရှိတတ်သည့် ၎င်း၏ မိဘများအား ကလေးငယ်၏တုံ့ပြန်မှုများကို မေးမြန်းခြင်းဖြင့် မိမိသိလိုသည်များကို သိနိုင်သည့်အပြင် မျက်စိကျန်းမာရေးပညာရှင်ကိုယ်တိုင်လည်း စောင့်ကြည့်ရန်လိုမည်ဖြစ်ပါသည်။

အောက်ပါအချက်များသည် ကလေးငယ်၏ မျက်စိကျန်းမာရေးအတွက် အဓိကကျသည့်အချက်များဖြစ်ပါသည်။

(၁) ကလေး၏အမြင်အာရုံနှင့်ပတ်သက်သော ထင်မြင်ယူဆချက်ကိုမိဘများအားမေးမြန်းရန်။

(၂) ကလေးငယ်သည် အခန်းတွင်းရှိ မည်သည့်အရာများကို ကြည့်ရှုလေ့ရှိသည်ကို စောင့်ကြည့်လေ့လာရပါမည်။ (ဥပမာ- ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်၊ မှိတ်တုတ်မှိတ်တုတ်အလင်းတန်းများ၊ လူများ၏လှုပ်ရှားမှုအရိပ်များ စသည်)

(၃) ကလေးငယ်ကမိဘများကိုကြည့်သောကြည့်ပုံရှုပုံအနေအထား။(ဥပမာ- တည့်တည့်ကြည့်သည်လား၊ မျက်စိကတည့်တည့်မကြည့်ဘဲ နားစွန့်၍ရှာဖွေခြင်းမျိုးလား စသည်)

(၄) တစ်စုံတစ်ယောက် အခန်းတွင်းသို့ဝင်လာလျှင် ထိုသူကို ကလေးငယ်ကြည့်သလား။

(၅) ပြုံးပြရင် ပြန်ပြုံးပြတာမျိုး၊ မျက်ခုံးတွန့်ပြတာမျိုး လုပ်ပါသလား။

(၆) မျက်လုံးချင်းဆုံပြီး ပြန်ကြည့်တတ်သလား။ စသည်တို့ကို သေချာစွာ စောင့်ကြည့်၍ မှတ်တမ်းတင်ထားရပါမည်။

ထို့ပြင် ကလေး၏ အသက်အလိုက် ကြည့်ရှုနိုင်စွမ်းကို လက်တွေ့ကျကျသိရန် ကြိုးစားကြရပါမည်။အသက်အလွန်ငယ်သော ကလေးများ၏အမြင်ဆိုင်ရာ တုံ့ပြန်မှုများသည် ကလေးငယ်၏တိုး တက်မှုကိုသိနိုင်သည်ဖြစ်ရာ အသက်အပိုင်းအခြားအလိုက် ရှိသင့်သည့် တုံ့ပြန်မှု မပြုသူများကို ဂရုတစိုက်စောင့်ကြည့်ကြရပါမည်။ မိမိကိုယ်တိုင်လေ့လာသကဲ့သို့ ကလေး၏ မိခင်အားစောင့်ကြည့်ရန်တိုက်တွန်းသင့်ပါသည်။

ဥပမာအားဖြင့် ရက်သတ္တသုံးပတ်အရွယ် ကလေးများသည် ပြတင်းပေါက်မှဝင်လာသော အလင်းရောင်ကဲ့သို့သော ပျံ့နှံ့အလင်းတန်းများကို မမြင်နိုင်သေးသည့်



သဘာဝရှိပါသည်။ ထိုအသက်အရွယ်၌ ဖော်ပြပါအလင်းရောင်များအပေါ် တုံ့ပြန့်မှုမရှိခြင်းသည် မိဘများအနေနှင့်စိုးရိမ်ရမည့်အခြေအနေ မဟုတ်ပေ။သို့သော်လည်း ရက်သတ္တရှစ်ပတ်အရွယ် ကလေးအတွက်မူ ၎င်းပျံ့နှံ့အလင်းတန်းများကို မြင်ရမည့်အရွယ်ဖြစ်သည့်အတွက် ထိုအလင်းတန်းများအပေါ် တုံ့ပြန်မှုမရှိခြင်းသည် စိုးရိမ်ရမည့်အခြေအနေဖြစ်ပါသည်။ အကြောင်းရင်းကိုလည်း စူးစမ်းရှာဖွေကြရမည်ဖြစ်၏။

ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးသည် အသက်အရွယ်နှင့်အတူ တိုးတက်ဖွံ့ဖြိုးလာရမည်ဖြစ်ရာ အမြင်အာရုံသည်လည်း ထပ်တူထပ်မျှ ပို၍ကောင်းလာရမည်ဖြစ်ပါသည်။ ကလေး၏ အသက်အရွယ်အလိုက် အမြင်တိုးတက်မှုသည် အောက်ပါအတိုင်း ဖွံ့ဖြိုးတိုးတက်လာရမည်ဖြစ်ရာ ထိုကဲ့သို့ ရှိ-မရှိ စမ်းသပ်စစ်ဆေး၍ ကလေးငယ်၏ မျက်စိကျန်းမာရေးကို သိရှိနိုင်ပါသည်။

(၁) မွေးကင်းစမှ ရက်သတ္တ ခြောက်ပတ်အတွင်း အပြောင်းအလဲများသော (ပေါ်လိုက်ပျောက်လိုက်၊ ဖွင့်ချည်ပိတ်ချည်၊ မှိတ်တုတ် မှိတ်တုတ်) အလင်းရောင်များရှိလျှင် မျက်တောင် ပုတ်ခတ်ပုတ်ခတ်ပြုခြင်း။

(၂) ရက်သတ္တပတ် ခြောက်ပတ်မှ သုံးလအထက် ပြတင်းပေါက်မှဝင်လာသော အလင်းတန်းများကဲ့သို့သော ပျံ့နှံ့အလင်းတန်းကို လိုက်လံကြည့်ရှုခြင်း။

(၃) အသက်သုံးလမှ လေးလအထက် တစ်ပေခန့်(၁၀-၂၀ စင်တီမီတာ) အကွာအဝေးမှ မျက်နှာသွင်ပြင်များ၊ ပြုံးပြရယ်ပြခြင်းများနှင့် မျက်ခုံးတွန့်ပြခြင်းကဲ့သို့ မျက်နှာအမူအရာများကို အသေးစိတ်ကြည့်ရှုလာခြင်း၊ လိမ့်နေသော ဘောလုံး၊ လှုပ်ရှားနေသောအရုပ်များကို သေသေချာချာကြည့်တတ်လာခြင်း။

(၄) အသက်လေးလမှ ငါးလအတွင်း ငါးပေခန့်အကွာအဝေး (မလှမ်းမကမ်း)တွင်ရှိသော လှုပ်ရှားမှုများကိုစောင့်ကြည့်တတ်လာ၏။ ဝေးသွားလိုက် နီးလာလိုက်နှင့် ပြောင်းလဲနေသော ဘောလုံးများနှင့် အရုပ်ကလေးများ၊ လှုပ်ရှားသွားလာနေသောလူများနှင့် ခွေးလေး၊ ကြောင်လေးများကို တိတိကျကျ သေသေချာချာနှင့် သက်သောင့်သက်သာ စူးစမ်းကြည့်ရှုလာ၏။

(၅) အသက်ငါးလအထက် ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေများအပေါ် ခံစားတုံ့ပြန်မှု ချက်ချင်းပြ၏။ (ကြောက်စရာတွေ့လျှင် ကြောက်ရွံ့မှုအမူအရာ၊ ဝမ်းမြောက်ဖွယ်ရာတွေ့လျှင် ဝမ်းသာသည့်အမူအရာ၊ ဝမ်းနည်းဖွယ်ဆိုလျှင် ဝမ်းနည်းသည့်အမူအရာ စသည့်တုံ့ပြန်မှုများချက်ချင်းပြခြင်း) စသည်ဖြင့် ကလေး၏ အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် အမြင်အာရုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စံနှုန်းများကိုလည်း မလွဲမသွေသိရှိထားရပါမည်။

ကလေးငယ်၏အမြင်အာရုံကို စမ်းသပ်စစ်ဆေးရာတွင် ခန္ဓာကိုယ်အားတို့ထိခြင်းမပြုဘဲ မျက်စိဖြင့်ကြည့်လာရန် ကြိုးစားရပါမည်။ ထို့နောက် အရောင်မတူသည့် အရုပ်ကလေးများကို အသုံးပြု၍ အထက်ဖော်ပြပါကဲ့သို့ အသက်အရွယ်အလိုက် အမြင်အာရုံဖွံ့ဖြိုးတိုးတက်လာမှု ရှိမရှိ အကဲဖြတ်ရပါမည်။ အရုပ်များ၏အရောင်သည် တောက်တောက်ပပ အရောင်များဖြစ်လျှင် ပိုကောင်းပါသည်။ အရုပ်ကလေးတစ်ရုပ်ကိုပြပြီး ထိုအရုပ်ကိုကြည့်နေချိန်၌ အခြားအရုပ်တစ်ရုပ်ကို ပြောင်း၍ပြခြင်းဖြင့် ကလေး၏အမြင်အာရုံ အပြောင်းအလဲကို အကဲဖြတ်နိုင်ပါသည်။ အရုပ်တစ်ရုပ်ကို တစ်ခါသာပြသင့်၏။ ကလေးစိတ်ဝင်စားမည့် အသံများပြု၍လည်း အရုပ်ကိုကြည့်လာအောင် ဆွဲဆောင်ရပါမည်။

ကလေးတစ်ယောက်အား မျက်စိစမ်းသပ်စစ်ဆေးခြင်းသည် လိမ္မာပါးနပ်မှုရှိရန်အထူးလိုအပ်ပါသည်။ ကျင့်သုံးရမည့်နည်းလမ်းကို တသမတ်တည်း သတ်မှတ်ထား၍မရပေ။ ရှန်းကန်တတ်သောကလေးများအား နို့စို့အရွယ်ဖြစ်လျှင် နို့တိုက်နေချိန်၌လည်းကောင်း၊ နို့ဗူးသုံးသောကလေးဖြစ်လျှင် နို့ဘူးစို့ချိန်၌လည်းကောင်း စမ်းသပ်စစ်ဆေးရခြင်းမျိုးလည်းရှိပါသည်။ မိခင်၏ရင်ခွင်၌ထားလျက် စမ်းသပ်ရသည်လည်းရှိပါသည်။ ကလေးငယ်အား အနှီးဖြင့်ထုပ်၍ မိခင်အားထွေးပွေ့စေလျက် စမ်းသပ်သည်က ပို၍ကောင်းပါသည်။ မျက်စိတစ်ဖက်ချင်းစီအား စစ်ဆေးပါက ကလေးအမေ (သို့မဟုတ်) သူနာပြုတစ်ဦးဦးအား ကလေး၏ မျက်ခွံကိုညင်ညင်သာသာပိတ်စေလျက် စစ်ဆေးမှုပြုသင့်ပါသည်။ မျက်စိကိုဖိမိခြင်းမရှိစေရန်သတိပြုပါ။ အရေးကြီးသောအချက်မှာ စမ်းသပ်စစ်ဆေးစဉ်ကာလ၌ မိခင်ရောကလေးပါ စိတ်ပူပန်မှု၊ စိတ်ဖိစီးမှုများကင်းဝေးလျက် သက်သောင့်သက်သာရှိနေကြစေရန်ပင်ဖြစ်ပေသည်။

*Ref: Assessing vision in a baby by Richard Bowman,Senior Lecturer: Public Health Ophthalmology, London School of Hygiene and Tropical Medicine, London, UK.*

## တောင်သူလုပ်ငန်းနှင့် တွဲဖက်ကာ မိသားစုအပိုဝင်ငွေရရှိစေရေး ထန်းမြစ်စိုက်ပျိုး ရောင်းချ

**ငါ့သရောက် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့တွင် ဒေသခံပြည်သူများသည် တောင်သူလုပ်ငန်းဖြင့် တွဲဖက်ကာ တစ်ဖက်တစ်လမ်းမှ မိသားစု အပိုဝင်ငွေရရှိစေရန်အတွက် ထန်းသီးစေ့များကို စုဆောင်းထားရှိပြီး ထန်းမြစ်စိုက်ပျိုးရောင်းချခြင်းလုပ်ငန်းကို အားထားလုပ်ကိုင်ဆောင်ရွက်နေကြကြောင်း သိရကာ အဆိုပါ ထန်းမြစ်စိုက်ပျိုးခြင်းကို ယခုလတွင် စတင်၍ စိုက်ပျိုးလေ့ရှိကြောင်း ထန်းမြစ်စိုက်ပျိုးသည့် ငါ့သရောက်မြို့ အမှတ် (၃) ရွှေလက်ပံ့ရပ်ကွက်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ငါ့သရောက်မြို့ရှိ မြောက်ကုန်းရပ်ကွက်၊ ရွှေလက်ပံ့ရပ်ကွက်၊ သိမ်တော်ရပ်ကွက်နှင့် ကျေးရွာများဖြစ်သည့် ဝက်လူး၊ အောင်သာ၊ ကံသာယာ၊ တဲမ၊ တံမခါး၊ ဆည်ကျေးရွာနှင့် ကုလားတဲကျေးရွာတို့မှ ဒေသခံပြည်သူတွေဟာ နှစ်စဉ် တောင်သူလုပ်ငန်းဖြင့် တွဲဖက်ကာ ထန်းသီးစေ့များကို ထန်းမြစ်စိုက်ပျိုးပြီး တစ်ဖက်တစ်လမ်းမှ မိသားစု အပိုဝင်ငွေရရှိစေရန် ဆောင်ရွက်လုပ်ကိုင်ကြကြောင်း၊ ယခုလို ထန်းသီးစေ့များကို ထန်းမြစ်များအဖြစ် စိုက်ပျိုးရောင်းချနိုင်ရေးအတွက် ကြိုတင်၍ ထန်းသီးများနွားစာအဖြစ်အသုံးပြုပြီးပါက ကျန်ရှိတဲ့ ထန်းသီးစေ့တွေကို မိမိတို့၏ နေအိမ်များတွင် စနစ်တကျသိမ်းဆည်းထားရှိပြီး ယခုလို ဝါခေါင်လအတွင်းမှာ ရောင်းတန်းဝင် ထန်းမြစ်များရရှိအောင် စတင်စိုက်ပျိုးကြလေ့ရှိကြောင်း၊ ထန်းမြစ် စိုက်ပျိုးရောင်းချခြင်းသည် တခြားစီးပွားရေးလုပ်ငန်းတွေလို ငွေအရင်းအနှီးမလိုဘဲ လုပ်ကိုင်၍ရခြင်းကြောင့် ထန်းမြစ်စိုက်ပျိုးခြင်းလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်နေကြပြီး မိသားစုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း အမှတ် (၃) ရွှေလက်ပံ့ရပ်ကွက်မှ ထန်းမြစ်စိုက်ပျိုးရောင်းချသူ တစ်ဦးက ပြောပြသည်။

အဆိုပါ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများသည် တောင်သူလုပ်ငန်းဖြစ်ကာ ထန်းမြစ်များကို ဝါခေါင်လတွင် စတင်ကာ မိမိတို့ရပ်ကွက်၊ ကျေးရွာများအနီးရှိ ချောင်းရိုးများတစ်လျှောက်တွင် အများဆုံး စိုက်ပျိုးကြလေ့ရှိပြီး ထိုသို့ စိုက်ပျိုးထားသည့် ထန်းမြစ်ပုံများကို တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် ပြန်လည်တူးဖော်ကာ အနီးဝန်းကျင်မြို့များဖြစ်သည့် ညောင်ဦး၊ မြင်းခြံ၊ ပခုက္ကူမြို့နှင့် ကျောက်ပန်းတောင်းမြို့များသို့ အများဆုံး တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ယဉ်ကျေးမောင်၊ကာယဗလ၊ကာယကြံ့ခိုင်မှုနှင့်အနုပညာစွမ်းရည်ပြိုင်ပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၂၉**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ယဉ်ကျေးမောင်၊ ကာယဗလမောင်၊ ကာယအလှမယ်၊ ကာယကြံ့ခိုင်မှုနှင့် အနုပညာစွမ်းရည်ပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မွန်းတည့် ၁၂ နာရီမှ စတင်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက တက်ရောက်လာသော ဧည့်သည်တော်များအား အနုပညာစွမ်းရည်ဖြင့် ခေတ်ပေါ်တေး၊ ကာလပေါ်တေးသီချင်းများကို ဧည့်ခံဖျော်ဖြေသီဆိုပြီး ဖျော်ဖြေရေးကဏ္ဍများဖြင့် ဧည့်ခံကြသည်။

ပထမနေ့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကိုယ်စားပြု ဘာသာရပ်ကျောင်းသား ၁၄ ဦးက မြန်မာ့ရိုးရာဝတ်စုံများဖြင့် ယဉ်ကျေးမောင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း ဆက်လက်ကျင်းပရာ ပါမောက္ခမှူးနှင့် ဆရာ၊ ဆရာမများက အနုပညာစွမ်းရည်ဖြင့် သီဆိုဖျော်ဖြေသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပြီး ကိုယ်စားပြု ဘာသာရပ်များမှ ယဉ်ကျေးမောင်တွင် ပထမဆုရရှိသော ရူပဗေဒဘာသာရပ်မှ မောင်နေလင်းအောင်၊ ဒုတိယဆုရရှိသော ဓာတုဗေဒဘာသာရပ်မှ မောင်အောင်ဘိုမျိုး၊ တတိယဆုရရှိသော ရုက္ခဗေဒဘာသာရပ်မှ မောင်ဟိန်းထက်အောင်၊ ကာယအလှမယ်တွင် ပထမဆုရရှိသော ဓာတုဗေဒဘာသာရပ်မှ မထားထားပြုံး၊ ဒုတိယဆုရရှိသော အင်္ဂလိပ်စာဘာသာရပ်မှ မယွန်းပြည့်အောင်၊ တတိယဆုရရှိသော ပထဝီဘာသာရပ်မှ မသဉ္ဇာအောင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

၎င်းနောက် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီက ဆက်လက်ကျင်းပရာ ကိုယ်စားပြုဘာသာရပ်များမှ ကျောင်းသား၊ ကျောင်းသူလေးများက အနုပညာစွမ်းရည်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ကာယဗလမောင်ကိုယ်စားပြု ဘာသာရပ်များမှ ကျောင်းသား ၁၂ ဦးက ပါဝင်ယှဉ်ပြိုင်ကြကာ ကာယကြံ့ခိုင်မှုတွင် ကိုယ်စားပြုဘာသာရပ်များမှ ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက်တာဝန်ရှိသူများက ကာယဗလမောင်တွင် ပထမဆုရရှိသော ဓာတုဗေဒ ဘာသာရပ်မှ မောင်နီနီခိုင်ထွန်း၊ ဒုတိယဆုရရှိသော သင်္ချာဘာသာရပ်မှ မောင်ရာဇာဝင်းဟန်၊ တတိယဆုရရှိသော ရုက္ခဗေဒဘာသာရပ်မှ မောင်ချစ်ဦး၊ ကာယအလှမယ်တွင် ပထမဆုရရှိသော ဓာတုဗေဒဘာသာရပ် မှ မဇင်ယမင်း၊ ဒုတိယဆုရရှိသော ဥပဒေပညာဘာသာရပ်မှ မသုနန္ဒာအောင်၊ တတိယဆုရရှိသော မြန်မာစာဘာသာရပ်မှ မနှင်းနုဖြူဝင်းတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၃၀ ရက်)

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့်

ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၁၀) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၂၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၃၂၀၆) ဆု |

အောင်ဘာလေသိန်းဆုဌာနခွဲ

## မဟာစည် ဩဝါဒခံ
**သာသနာ့ဗိမာန်ရိပ်သာ(ယိုးဒယားကျောင်း)**
**မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖိတ်ကြားလွှာ**
**ဝါတွင်းအထူး(၁၀)ရက်တရားစခန်း**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလ မဟာသတိပဋ္ဌာန် ဝိပဿနာ ဉာဏ်ပေးလှူပွဲ အထူး(၁၀)ရက် တရားစခန်းကို [၁၃၇၉ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၀)ရက်မှ သီတင်းကျွတ်လဆန်း(၄)ရက်] ၁၅-၉-၂၀၁၇ရက်မှ ၂၄-၉-၂၀၁၇ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများသည် ၁၄-၉-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီအရောက် ကြွရောက်ကြရမည်ဖြစ်ပါသည်။ ယောဂီစာရင်းများကို ယနေ့မှစ၍ ပေးသွင်းနိုင်ပြီ ဖြစ်ပါသည်။ ယောဂီများအား မဟာစည်နည်းအတိုင်း ပြသမည်ဖြစ်ပြီး ယောဂီများ **"စိတ်အေးချမ်းသာစွာ"** တရားအားထုတ်နိုင်ရန် စီစဉ်ထားပါသည်။

**သာသနာနုဂ္ဂဟအဖွဲ့**
**ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀**

## မင်္ဂလာရာမပါဠိတက္ကသိုလ် (သိမ်ဖြူလမ်း)
**စစ်ဘေးရှောင်များအတွက် အလှူခံဌာန ဖွင့်ပါပြီ**

ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှ စစ်ဘေးရှောင် ပြည်သူပြည်သားများအတွက် ယနေ့မှစ၍ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အလှူခံဌာန ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ပုဂ္ဂလိကဘဏ်တို့၌ ဖွင့်ထားသော အောက်ပါဘဏ်အကောင့်သို့ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ကြပါသည်။

(အခြားနေရာသို့ အလှူခံစေလွှတ်ခြင်း မရှိပါ။)

၁။ မြန်မာ့ရှေ့ဆောင်ဘဏ်အကောင့်နံပါတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
Account No-002 01 32002023124019
၂။ ကမ္ဘောဇဘဏ်အကောင့်နံပါတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
Account No-277- 302-09400081701
၃။ မြဝတီဘဏ်အကောင့်နံပါတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
Account No-S121P0011001750J

**နာယကဆရာတော်များ**
**မင်္ဂလာရာမ ပါဠိတက္ကသိုလ်**
**သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ရက်စွဲ။ ၂၈-၈-၂၀၁၇**

## စာရင်းသင်တန်းများ
## ဖွင့်လှစ်မည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းတွင်(၂၇၀)ကြိမ် စာရင်းရေးပညာသင်တန်းကို ၁၀-၉-၂၀၁၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ အနေဖြင့် အောက်ပါလိပ်စာသို့ စာရင်းသွင်းတက်ရောက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လိပ်စာ-အမှတ်-၉၁/၉၃၊ (၄၉)လမ်းအလယ်၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၉၆၆၈၅၇၁၁၀**

## IGCSE
**2018 May/June Exam Special (all subjects)**
**Cambridge Edexcel**
သင်ယူလိုသော ဘာသာရပ်ကို ဝါရင့်/အငြိမ်းစားတက္ကသိုလ် ဆရာ၊ ဆရာမများမှ နေအိမ်သို့ လာရောက်သင်ကြားပေးပါသည်။
Primary 4, 5, 6 နှင့် Secondary 1, 2, 3 အတန်းများလည်း ဆက်သွယ်သင်ယူနိုင်ပါသည်။
**ဆရာဦးလှမြင့်ဦး (ပိုင်စေ) 09 443177816, 09 795888783**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေယာဉ်ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အောင်မျိုးဇော် အမည်ရှိ ငါးဖမ်းစက်လှေ၊ မှတ်ပုံတင်နံပါတ် ON-၄၆၁၇ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဝင်းရှိန်(LLN-၀၅၈၁၃၈)၊ ဦးဝင်းထိုက်[၆/လလန(နိုင်)၀၁၄၄၆၂]၊ ဦးမျိုးလွင်[၆/လလန(နိုင်)၀၁၄၄၆၅]အမည်များမှ ဦးကျော်မိုးရှိန်[၁၂/လမတ(နိုင်)၀၂၂၇၀၁]၊ အမှတ်(၃၂)၊ ၇-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့် တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲ သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန**

## တင်ဒါဖိတ်ခေါ်ကြော်ငြာ

American Refugee Committee(INGO)မှ အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

| | |
|---|---|
| Back pack | - 500 Nos |
| Raincoat | - 500 Nos |

| | |
|---|---|
| တင်ဒါစာရွက်ထုတ်ယူရန်နှင့် တင်သွင်းရမည့်လိပ်စာ | - အမှတ်(၁၇)၊ ၁-က၊ ပထမထပ်၊ နေသူခကွန်ဒို၊ မှော်ရုံလမ်း၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။ |
| တင်ဒါလက်ခံသည့်ကာလ | - 30-8-2017 မှ 12-9-2017 |
| တင်ဒါကိစ္စစုံစမ်းမေးမြန်းနိုင်သည့် ဖုန်းနံပါတ် | - 09-420305219, 09-795241160, 09-788576752 |

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံမြို့သစ်၊ အထက(ပုဂံ)၊ န၀မတန်း(F)မှ မအေးသီတာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းလင်းစိုး[၈/ပခက(နိုင်)၁၈၁၆၆၉]ဖြစ်ပါကြောင်း။

## ရောင်းမည်

တိုက်သစ်၊ ထိုက်သင့်စွာပြင်ဆင်ပြီး၊ ပထပ်၊ ၆ပ (၁၄ × ၅၀)၊ ရေကျော်လမ်းမနှင့်အလှမ်းမဝေး၊ ဦးရာလူကို ရောင်းမည်။ Ph: 09 5136373

## ဝန်ထမ်းအလိုရှိသည်။

- စာရေးကိုင် (မ) တစ်ဦး အလိုရှိသည်။
- ရွှေပေါက်ကံ၊ မြောက်ဥက္ကလာ ဝန်းကျင်နေသူဖြစ်ရမည်။
- microsoft excel အနည်းငယ် တတ်ရမည်။
- အခြေခံလစာ (၂)သိန်း

**ဆက်သွယ်ရန်ဖုန်း**
097-82500699
099-55032599

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ညောင်ပင်သာလမ်း၊ အမှတ် ၄/၂/၁၇၊ (၁၁) ရပ်ကွက်နေ ဦးကျော်ကျော်လွင် (၁၂/ရကန(နိုင်)၀၄၄၃၂၄) ၏သားဖြစ်သူ မောင်ရိုးထက်သည် မိဘများဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ကျော်လွင် (၁၂/ရကန(နိုင်)၀၄၄၃၂၄)

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

# ကြော်ငြာ

**ကသာခရိုင်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ**

ကသာခရိုင်အသင်း(ရန်ကုန်) ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ(၃)ရက် (တနင်္ဂနွေနေ့)
ချိန်ခါ - နံနက် (၈း၀၀) နာရီမှ မွန်းလွဲ (၁၂း၃၀) နာရီထိ
နေရာ - နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သော **သယ်္ဃန်းကျွန်းမြို့နယ်၊ ဇေယျာသီရိပရိယတ္တိစာသင်တိုက်**
(ဝေဇယန္တာလမ်းနှင့် ရတနာဥယျာဉ်(၁)လမ်း အတွင်းသို့ဝင်ရန်)

**ကသာခရိုင်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့**

---

**ASIA DRAGON** (အာရှနဂါး)
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-30030030, 09-30030090

---

**သုံးရာသီ** ဝမ္မဒါနံ
အဘအအောင်မင်းခေါင်ထွက်ပွဲ
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊
စွယ်တော်လေးဆူ၊ ပြည်(၅)ပြည်
တစ်ဦး(၃၅၀၀၀/-)(၁၀)ဦး(၁)ဦးအခမဲ့
ကားအမျိုးမျိုးငှားရမ်းသည်။ 5-9-2017
420144148, 421153797

---

**ကားရောင်းမည်**

| | |
|---|---|
| CRV / Kluger / ELGRAND | 425 သိန်း |
| 2011 Mitsubishi RVR ဖြူ | 330 သိန်း |
| 2010 Fielder ငွေ YGN1.8 P-S | 320 သိန်း |
| 2006 WISH / ရွှေဝါ | 295 သိန်း |
| 2003 Toyota NOAH | 285 သိန်း |
| 2013 Axio နယ်/ရန်ကုန် | 225-260 သိန်း |
| 2012 VolkswagonGolf ငွေ YGN | 260 သိန်း |
| FIT-Shuttle/Insight/Civic | 170-260 သိန်း |
| 2010 Belta1000/1300CC | 170-200 သိန်း |
| 2011 Swift/Ractis/Polo | 170-195 သိန်း |
| 2011 AD / Probox | 152-162 သိန်း |

ကားဝယ်သည်၊ အပေါင်အပ်ရသည်။
09 5108316, 09 975108316

---

**ရတီပွဲ့ဘုရားဖူးလုပ်ငန်း**
အဘထွက်ပွဲပုဂံစွယ်တော်လေးဆူ၊ပခုက္ကူ
တာ၊/ငြိမ်း (၆ ရက်နေ့ထွက်မည်။)
ခန္တီလေးပြင်ဦးလွင်၊စစ်ကိုင်း၊ဖွားနဂါး၊ကျောက်တော်နဂါး
တာ၊/ငြိမ်း (၁ ရက်နေ့ထွက်မည်။)
09-250147247, 09-774438366

---

**ရွှေအိုးကြီး** 6-9-2017 သွားထွက်မည်။
ပါတ်၊ နတ်၊ ဗုဒ္ဓ၊ အထူးခရီးစဉ်
ပုပ္ပါး၊ အဘပွဲ၊ တောင်ပြုံး၊
မန္တလေး၊ ပြင်ဦးလွင် (၄) ရက်
Hotel Package 110000
09421073634, 777636630

---

ဖုန်း **Sim Card** ဝယ်သည်
**73, 47, 49, 50, 86**
**ရဲမင်းထွန်း**
**Ph: 09-5014706**

---

**ဖခင်အမည်မှန်**

ကျိုက်လတ်မြို့နယ်၊ အထက(ခွဲ)၊ န၀မတန်း(A)မှ မရွှေရည်နိုင်လင်း၊ သတ္တမတန်း(A)မှ မသဲဆုနိုင်၊ စတုတ္ထတန်း(A)မှ မောင်ကောင်းဆက်တို့၏ဖခင်အမည်မှန်မှာ ဦးလှမြင့်[၁၄/ကလန(နိုင်)၀၁၂၆၃၈] ဖြစ်ပါကြောင်း။

**ဦးလှမြင့်**

---

**N-WINNER Co.,Ltd**
အိမ်၊ခြံ၊မြေ မှ "အမြန်ရောင်းမည်"
Ph:09450073838,09783233356-57,09254418033

| | | | | |
|---|---|---|---|---|
| ၁။ လှိုင်မြင့်မိုရ်အိမ်ရာ | (60'x80') | ဂရံ | 2RC | 15000 L |
| ၂။ ပါရမီလမ်းမ(လှိုင်) | (25'x50') | ဂရံ | 5RC | 9000 L |
| ၃။ မေခအိမ်ရာ (သဃက) | (30'x54') | ဂရံ | 3½RC | 6500 L |
| ၄။ ပါရမီရိပ်သာ (ရက) | (40'x60') | ဂရံ | 1½2RC | 5500 L |
| ၅။ ကျိုက်ဝိုင်းဘုရားလမ်းနီး (မရက) | (65'x75') | ဘိုးဘွား | မြေ | 4800 L |
| ၆။ မရမ်းကုန်းလမ်းသန့် | (40'x70') | ဂရံ | 2RC | 4300 L |
| ၇။ သံသုမာလမ်းနီး(တ/ဥ) | (30'x60') | ဂရံ | မြေ | 2800 L |
| ၈။ ၆ မိုင်ခွဲ လမ်းသန့် | (20'x45') | ဂရံ | 3RC | 2800 L |
| ၉။ စိန်ရတနာ Condo (ကမရ) | (1400sqft) | 1M,2BR | | 2300 L |
| ၁၀။ M.W.G Condo | (1700sqft) | 2M,1BR | | 2000 L |
| ၁၁။ ပါရမီလမ်း Condo (တ/ဥ) | (19'x55') | 1M,1BR | | 1350 L |
| ၁၂။ သယ်္ဃန်းကျွန်းလမ်းသန့် | (18'x54') | ထပ်ခိုး | GF | 1200 L |

---

အရှေ့ မြဝတီ အရှေ့
**ဒဂုံမြို့သစ်**
အရှေ့ပိုင်း/ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
Ph : 09 424027674
09 763584856

---

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

---

**အမှတ်တံဆိပ်၊ အမည်အမှတ်အသားအား သတိပေးကြေညာခြင်း**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၁/အေ) တွင် နေထိုင်သူ ဦးနောင်လတ် (၁၂/မဂတ(နိုင်)၀၈ရ၆၈၈)သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်၊ အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မိမိ၏ မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

၄/၉၅၁၁/၂၀၁၇

အထက်ဖော်ပြပါအမှတ်တံဆိပ်၊ အမည်အမှတ်အသားဖြင့် ပိုးထည်၊ ချည်ထည်နှင့် ချိတ်အမျိုးမျိုး၊ ဇင်းမယ်အမျိုးမျိုးစသည့် အထည်အလိပ်အမျိုးမျိုးတို့ကို ယောကျ်ားပုဆိုး၊ မိန်းမလုံချည်နှင့် ကလေးအဝတ်အထည် အမျိုးမျိုးတို့ကို ချုပ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်၊ အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲ ပြုလုပ်ခြင်း၊ အမှတ်တံဆိပ်၊ အမည်အမှတ်အသားအား ဖျက်စီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းများမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပ ပြုလုပ် ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်း၊ အကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသောင်းဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၀၀)
အမှတ်-၈၆၆/က၊ သလ္လာဝတီ ၅-လမ်း၊ ၁၀/တောင်၊ ၁၂-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၃၀၂၆၇၃၉





ထပ်မံသိရှိလိုပါက emirates.com/mm တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ +၉၅၉ ၇၉ ၇၀၀ ၅၃၀၇ သို့ ခေါ်ဆိုခြင်း၊ Emirates လေကြောင်းရုံးတည်ရှိရာ မြန်မာစင်တာ တာဝါ (၁)၊ ၆ လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့သို့ ကိုယ်တိုင်လာရောက်ခြင်း (သို့မဟုတ်) သင့်ခရီးသွားကိုယ်စားလှယ်ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။


M50A
4G SMARTPHONE
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
MPT ၏ အထူးမြန်နှုန်းမြင့် 4G ကွန်ရက်အတွက်
အလိုက်ဖက်ဆုံးရွေးချယ်မှု
အပိုဆုလက်ဆောင်များ နှင့် ကြာရှည်ခံ ဘက်ထရီ
89,000 Ks
2.5GBx6
SIM :
Dual SIM and Standby
Memory :
ROM 8GB+RAM 1GB
Network :
2G/3G/4G(LTE)
Display :
5"HD
Camera :
5.0MP(Front) + 8.0 AF MP (Back)
Battery :
2800mAh
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

MBA
BBA . EMBA . PhD
· Master of Business Administration
· 18 Months (5 Semesters)
· 11 Subjects + 1 Project Paper
· Weekend Classes (Once in every 6 weeks Only)
· Awarded by Asia e University, Malaysia, recognized by 35 ACD Countries
· Education Loan from CB BANK Available
START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK300,000!
ENROL NOW TILL 16th SEPTEMBER 2017
09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

Dr ခင်လှဲ့၊ Dr ဇော်ဦး၊ ဦးနိုင်လင်းဇော် ဦးစီးသော...
CEC
စံချိန်မီ (ပညာရိပ်သာ)
စာသင်၊ စာကျက်၊ စာဖြေ အထူးပိုင်းများ၊
နေ့တက်ညအိပ် (Night Camp) နှင့်
(၆)လပြတ် ဘော်ဒါ
၂၀၁၈–၁၉ ပညာသင်နှစ် ကြိုတင်လက်ခံပြီ
Ph: 09-250081207, 09-252210320, 09-43178755

အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်
GETC
building a better future

CELEBRATING OUR 10th ANNIVERSARY 2007-2017
➲ Communicative English
➲ General English
➲ Business English ➲ IELTS
ယခုနှစ်တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ
20% - 60% OFF
လစဉ်ကျောင်းအပ်လက်ခံနေပါပြီ
မြေနီကုန်း ➲ 01-537895, 09263337703 | တာမွေ ➲ 01-549590, 09254148006

Get a world class Degrees at
STI MYANMAR UNIVERSITY
STI MYANMAR UNIVERSITY

in partnership with University of Bedfordshire
ADMISSION OPEN
University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့် ကမ္ဘာ့အဆင့်မီ မဟာဘွဲ့များဖြစ်သော
MBA
MBA (Hospital and Health Service Management)
MSc (Public Health)
MSc (Nutrition and Dietetics) သင်တန်းများအတွက်
September/ October Intake အတွက် ဝင်ခွင့်လျှောက်ထားနိုင်ပါပြီ။
လစဉ်အရစ်ကျပေးသွင်း၍ (သို့မဟုတ်) ဘဏ်ဖြင့် ချိတ်ဆက်၍လည်း ပေးသွင်းနိုင်ပါသည်။
YANGON
B-10, MICT Park, လှိုင်တက္ကသိုလ်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၉၅၅ ၀၂၄၇ ၅၆ ~ ၅၉
www.stiedu.net



အတွဲ ၂၀၊ အမှတ် ၁၀၊ စက်တင်ဘာလ၊ ၂၀၁၇
Lifestyle
သားသားမီးမီးယူသင့်တဲ့အချိန်
Louis Vuitton
Bracelets Collection
အောင်မြင်ခဲ့တဲ့ကိုယ်ဝန်သည်တွေကိုမှန်းတဲ့ အဆိုတော်များ
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလထုတ် ထွက်ပြီ
၃,၀၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

မိဘစံအိမ်
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
09-427677796
09-427677797
09-427677798

စက်မှုဇုန်မြေကွက်ရောင်းမည်။
ဝါးတရာစက်မှုဇုန်၊ ကမ်းနားလမ်းမပေါ်၊ (၆.၂၅)ဧက ရောင်းမည်။ (ခွဲရောင်းမည်။) (ပွဲစားမလို)
ဆက်သွယ်ရန် 09967 999888

GDC Modern Co.,Ltd.
Aluminium window,Door product & Services
၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ် (၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။







◆ လူကြီးမင်းတို့၏လိုအပ်ချက်များကိုအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် ဖြေရှင်းပေးမည့် GDC
– အကောင်းဆုံးအရည်အသွေး ၊ လေလုံမှုအရှိဆုံး System,
– ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
– ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန်– အမှတ်(၂၁၂)၊ရွှေဂုံတိုင်တာဝါ၊အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ၀ တော တွေ ထိန်း သိမ်း စို့

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ တပ်မတော်မှ သတင်းစာရှင်းလင်းပွဲကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွဋ်သိန်း ပြည်တွင်းပြည်ပ မီဒီယာများကို ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်မြောက်ခြမ်း၌ ဩဂုတ်လအတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွဋ်သိန်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်ရဲဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှအဖွဲ့ဝင်များ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်အောင်ရဲဝင်းက ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများ၏ နောက်ခံသမိုင်းနှင့်ပတ်သက်၍ ဗြိတိသျှကိုလိုနီခေတ်တွင် ဘင်္ဂလားနယ်နှင့် စစ်တကောင်းနယ်များမှ ဘင်္ဂါလီများစတင်ဝင်ရောက်လာခြင်း၊ ဘင်္ဂါလီများနှင့် ဒေသခံရခိုင်တိုင်းရင်းသားများအကြား ပဋိပက္ခဖြစ်ပွားမှု၊ ၂၀၁၂ ခုနှစ် ရခိုင်-ဘင်္ဂါလီ ပဋိပက္ခဖြစ်ပွားမှု၊ ၂၀၁၆ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ယခုဖြစ်စဉ် ဖြစ်ပွားသည့်အချိန်ကြားကာလအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ဦးတည်လုပ်ဆောင်လာမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်စိုးနိုင်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှစ၍ လုပ်ဆောင်လာသည့် အကြမ်းဖက်ဖြစ်စဉ်များ၊ လက်ရှိအချိန်အထိ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ လှုပ်ရှားသည့်နယ်မြေတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ပစ္စည်းများနှင့် မိုင်းများတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်မြောက်ပိုင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ လှုပ်ရှားလျက်ရှိသည့် နယ်မြေတွင် နိုင်ငံတကာ အဖွဲ့အစည်းများက ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် မိုင်းများတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၃ နာရီခန့်တွင် ကျီးကျွန်းကင်းစခန်း၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ ခြေတ်မီးရောင်များ တွေ့ရှိပြီး ARSA အစွန်းရောက် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့**



ARSA အစွန်းရောက်အကြမ်းဖက်သမားများ လှုပ်ရှားလျက်ရှိသည့်နယ်မြေမှ သိမ်းဆည်းရမိသည့် နိုင်ငံတကာ အဖွဲ့အစည်းများ ထောက်ပံ့ထားသည့်ပစ္စည်းများကို တွေ့ရစဉ်။

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၁၄၀ | ၉၁ | ၈၄ | ၃၁၅ |
| ၂ | ထိုင်း | ၇၀ | ၈၆ | ၈၇ | ၂၄၃ |
| ၃ | ဗီယက်နမ် | ၅၈ | ၅၀ | ၅၉ | ၁၆၇ |
| ၄ | စင်ကာပူ | ၅၇ | ၅၃ | ၇၂ | ၁၈၂ |
| ၅ | အင်ဒိုနီးရှား | ၃၈ | ၆၂ | ၈၉ | ၁၈၉ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၃၃ | ၆၄ | ၁၂၀ |
| ၇ | မြန်မာ | ၇ | ၁၀ | ၂၀ | ၃၇ |
| ၈ | ကမ္ဘောဒီးယား | ၃ | ၂ | ၁၂ | ၁၇ |
| ၉ | လာအို | ၂ | ၃ | ၂၁ | ၂၆ |
| ၁၀ | ဘရူနိုင်း | ၀ | ၅ | ၉ | ၁၄ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

**အောင်ကျော်ဝင်း**

# မြန်မာယူ-၂၂ အသင်း တတိယလုပွဲတွင် ရှုံးနိမ့်

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် ယနေ့ညနေပိုင်းတွင် ဆီလာယန်ကွင်း၌ ကျင်းပရာအင်ဒိုနီးရှားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အင်ဒိုနီးရှားယူ-၂၂ - သုံးဂိုး
မြန်မာယူ-၂၂ - တစ်ဂိုး

ထိုင်းကိုရှုံးပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည့် မြန်မာယူ-၂၂ အသင်းသည် ယခု တတိယလုပွဲတွင်လည်း အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်ကာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာယူ-၂၂ အသင်းသည် ဦးဆောင်ဂိုး မထိန်းနိုင်ခဲ့သည့်အပြင် ဒုတိယပိုင်းတွင် အမှားများခဲ့သောကြောင့် ကြေးတံဆိပ်ဆုကိုပါ လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ပွဲယှဉ်ပြိုင်ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ပွဲထွက်လာခဲ့ပြီး အင်ဒိုနီးရှားအသင်းကို ရင်ဆိုင်ခဲ့သည်။ နှစ်သင်းစလုံး တတိယကြေးတံဆိပ်ဆုအတွက် ကြိုးပမ်းခဲ့ပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် တစ်ဦးချင်းလျင်မြန်မှုကို ဦးစားပေးထိုးဖောက်ခဲ့ပြီး မြန်မာအသင်းမှာမူ အသင်းလိုက်ကစားအားဖြင့် ထိုးဖောက်ခဲ့သည်။ ၂၄ မိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး မောင်မောင်လွင်ဖန်တီးပေးသော ဘောလုံးကို သန်းပိုင်က ပိတ်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် ဂိုးသွင်းခွင့် သုံးကြိမ်ရခဲ့သော်လည်း အောင်သူ၏ ကန်ချက်လွဲချော်ခဲ့သလို လှိုင်းဘိုဘို၏ ကန်ချက်တိုင်ထိ၊ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့**



တိုက်စစ်မှူး အောင်သူ၏ ထိုးဖောက်မှုကို အင်ဒိုနီးရှားအသင်းမှ နောက်ခံကစားသမား ဖျက်ထုတ်စဉ်။ (ဓာတ်ပုံ-*MFF*)

